# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ်မှစတင်ထုတ်ဝေသည်။ Established in 1957



**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)



၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက်၊ သောကြာနေ့။ Friday, 2 October 2020 ၁၀၁၅၃


# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အမှူးပြုသော ဆရာတော်ကြီး ၁၅ ပါးတို့က သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးတွင် အန္တရာယ်ကင်း ပရိတ်တရားတော်များ၊ ပဋ္ဌာန်းတရားတော်များ ရွတ်ပွားသရဇ္ဈာယ်

**ရန်ကုန် အောက်တိုဘာ ၁**

မြန်မာပြည်သူပြည်သားများ၊ ကမ္ဘာသူကမ္ဘာသားများ ကိုဗစ်-၁၉ ကပ်ရောဂါဘေး ကင်းဝေးစေရေးအတွက် ၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်နေ့ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး ၁၅ ပါးတို့သည် အန္တရာယ်ကင်းပရိတ်တရားတော်များ၊ အနန္တရာယိက အန္တရာယ်ကင်းကမ္မဝါစာများ ရွတ်ဖတ်ပူဇော်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများက ရတနသုတ်၊ မေတ္တသုတ်၊ ခန္ဓသုတ်၊ ဝဋ္ဋသုတ်၊ အာဋာနာဋိယသုတ်၊ ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တော်နှင့် အနန္တရာယိက အန္တရာယ်ကင်းကမ္မဝါစာများကို ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်

**နေပြည်တော် အောက်တိုဘာ ၁**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ဂျပန်နိုင်ငံ၌ အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၅၈ ဦးအား တိုကျိုမြို့ မြန်မာသံရုံးမှ စီစဉ်သည့် (၈) ကြိမ်မြောက် All Nippon Airways (ANA) လေကြောင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၅ နာရီခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

**ပြန်လည်ရောက်ရှိ**

ထို့ပြင် တရုတ်(တိုင်ပေ)၌ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာလိုသော မြန်မာသင်္ဘောသား ၂၁ ဦးအား ဟောင်ကောင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် ၎င်းတို့၏ ကုမ္ပဏီများမှ ပူးပေါင်းစီစဉ်သည့် မြန်မာအမျိုးသားလေကြောင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ညနေ ၅ နာရီ ၂၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌


စာမျက်နှာ ၄ ကော်လံ ၅ သို့ ○




တရုတ်(တိုင်ပေ)မှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ


အထွေထွေရွေးကောက်ပွဲတွင် ကျန်းမာရေးဆိုင်ရာ စံလုပ်ငန်းလမ်းညွှန်များနှင့်အညီ အထူးအလေးထား လိုက်နာဆောင်ရွက်ရေး ထုတ်ပြန်ကြေညာ — စာမျက်နှာ » ၃

ကိုဗစ်-၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ် — စာမျက်နှာ » ၈

ကုလသမဂ္ဂ ဈူကလီးယားလက်နက် ဖျက်သိမ်းရေးစာချုပ်တွင် မလေးရှားနိုင်ငံ ပါဝင်လက်မှတ်ရေးထိုး — စာမျက်နှာ » ၁၂



C B BANK
Best Digital Bank 2020
By ASIAMONEY

ဘဏ်သို့သွားစရာမလိုဘဲ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား CB Bank iBanking မှတဆင့် ဆောင်ရွက်လိုက်ပါ။

Payroll Service
Other Banks Transfer (MMK/USD)
Bill Payment
Non Trade Payment
IRD Tax Payment
Bulk Payment

မြန်မာတစ်နိုင်ငံလုံးရှိအခြားဘဏ်များသို့ ငွေလွှဲမယ်/ဘီလ်တွေဆောင်မယ်။

ငွေသွင်း/ငွေထုတ်အတွက်ဆို 24/7 CRM ရှိတယ်။

Contact Center :
01-231 777 0

ကြေးမုံ

# အကောင်းဆုံးကာကွယ်ထိန်းချုပ်ကြပါစို့

ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု မြင့်မားနေသောကြောင့် ကိုဗစ်-၁၉ ရောဂါဖြစ်စေသည့် ပိုးရှိလူနာများနှင့် ထိတွေ့ထားသောသူများအား ရှာဖွေဖော်ထုတ်ခြင်း၊ အသွားအလာကန့်သတ်ခြင်း လုပ်ငန်းစဉ်များကို ထိန်းချုပ်ရေး လုပ်ငန်းစဉ်နည်းဗျူဟာအဖြစ် တင်းတင်းကျပ်ကျပ် ထိထိရောက်ရောက် ဆောင်ရွက်နေသည်။ ပိုးတွေ့လူနာများကိုလည်း ဆေးရုံများတွင်ထားရှိပြီး ရောဂါပျောက်ကင်းသက်သာအောင် အလေးထားဆောင်ရွက်ပေးနေသည်။

ဤသို့ အလေးထားဆောင်ရွက်ပေးနေချိန်တွင် ပြည်သူလူထုအနေဖြင့်လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လက်ရှိအခြေအနေအပေါ် ပြည်သူသို့ တင်ပြအစီရင်ခံနေမှုများ၊ ကျန်းမာရေးဆိုင်ရာပညာရှင်များ၊ ကျွမ်းကျင်သူများ၏ ကိုဗစ်ဆိုင်ရာ ကျန်းမာရေးအသိပညာပေးမှုများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိပေးထုတ်ပြန်ထားသော ကျန်းမာရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို တိတိကျကျ မှန်မှန်ကန်ကန် လိုက်နာခြင်းဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မခံရစေရေး အကောင်းဆုံးသောနည်းလမ်းများကို ပြည်သူများအား မကြာခဏအသိပေးပြောကြားခဲ့ပြီး ဖြစ်သည်။ ပြည်သူများအနေဖြင့် တိတိကျကျ မှန်မှန်ကန်ကန် လိုက်နာကြရန်သာဖြစ်သည်။ ရောဂါဖြစ်ပွားမှု မြင့်မားနေသောအချိန်အခါတွင် အထူးသတိပြုလိုက်နာနေထိုင် ကျင့်ကြံသွားရန်အထူးလိုအပ်သည်။ ယခင်နှင့်မတူ ပိုမိုပြုမူလိုက်နာနေထိုင်သင့်ပေသည်။ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာတွင် နေထိုင်ရန်၊ မကြာခဏ လက်ကိုဆေးကြောရန်၊ လက်ဆေးလျှင်လည်း ဆပ်ပြာဖြင့် စက္ကန့် ၂၀ ခန့် ဆေးကြောပေးရန်၊ သန့်သန့်ရှင်းရှင်းနေထိုင်ရန်၊ အရေးကြီးဆုံးအချက်မှာ ပါးစပ်နှာခေါင်းစည်းတပ်ဆင်ထားရန် ဖြစ်ပါသည်။

ပြင်ပတွင် သွားလာနေသော ပြည်သူများအနေဖြင့် ယခုအခါ နှာခေါင်းစည်းတပ်ကြသည်ကို တွေ့ရပါသည်။ သို့သော် ပြည်သူအားလုံး စနစ်တကျ နှာခေါင်းစည်းတပ်ဆင်ကြခြင်းတော့ မဟုတ်သေးပါ။ အချို့လူများသည် နှာခေါင်းစည်းများကို မေးတွင်တပ်ဆင်ကြပြီး လိုအပ်မှသာ နှာခေါင်းတွင် ပြန်လည်တပ်ဆင်ကြသည့် စည်းကမ်းနှင့်မညီညွတ်သော၊ ရောဂါကူးစက်ရန် အလားအလာရှိသော အပြုအမူများ လုပ်ကိုင်နေကြဆဲဖြစ်သည်ကို အချို့နေရာများ၌ မြင်တွေ့နေရသည်။ အချို့ရပ်ကွက်များ၊ လမ်းများပေါ်တွင် အကြောင်းအထွေအထူးမရှိဘဲ အပြင်ထွက်နေကြသည်ကိုလည်း တွေ့ရသည်။ ယင်းတို့သည် စည်းကမ်းလိုက်နာမှုအားနည်းသော ပြည်သူအချို့၏ အပြုအမူအချို့ကို ဖော်ညွှန်းပြသနေသည်။

အဓိကမှာ ရပ်ကွက်တာဝန်ရှိသူများအနေဖြင့် ရပ်ကွက်အတွင်း အမြဲကွင်းဆင်းစစ်ဆေး၍ ပြည်သူများအား အသိပညာပေးကြရမည် ဖြစ်သည်။ အသိပညာပေးမှုကို လိုက်နာခြင်းမရှိပါက ထုတ်ပြန်ထားသော အမိန့်၊ ညွှန်ကြားချက်၊ ဥပဒေများနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ရမည် ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် အသွားအလာကန့်သတ်မှုများ၊ တစ်မြို့နယ်နှင့်တစ်မြို့နယ်၊ ဒေသတစ်ခုနှင့်တစ်ခု ကူးစက်ပျံ့နှံ့မှုမရှိအောင် အလေးထားဆောင်ရွက်နေသည်။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ရန်ကုန်တိုင်းဒေသကြီးသာမက အခြားနယ်မြို့များတွင်လည်း နေအိမ်တွင်သာနေထိုင်ကြရန် အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ထားသည်။

မိမိနေအိမ်တွင် ဧည့်သည်များအား လက်မခံဘဲ အကြောင်းရှိ၍ လာရောက်လျှင် မျက်နှာ၊ ပါးစပ်၊ နှာခေါင်းစည်းများ တပ်ဆင်ထားရန် လိုအပ်ပေသည်။ နှာခေါင်းစည်းမတပ်ထားလျှင် ကူးစက်ခံရနိုင်ခြေ အလွန်များပြီး အန္တရာယ်ရှိသည်ကို သတိပြုရမည် ဖြစ်သည်။ အခြားအရေးကြီးသောအချက်များမှာ မိမိကိုယ်မိမိ ကျန်းမာအောင် ပြုမူနေထိုင်ရမည်ဖြစ်သည်။ အစာအာဟာရကို အချိန်မှန်စားရန်၊ ကောင်းမွန်စွာ အချိန်မှန်အိပ်စက်ရန်၊ အကယ်၍ လိုအပ်၍ အိမ်ပြင်ထွက်လျှင်လည်း နှာခေါင်းစည်းတပ်ကာ တစ်ဦးနှင့်တစ်ဦး ခြောက်ပေကွာအောင် နေထိုင်ရန်၊ ပြီးလျှင် လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောရန်တို့သည် ကိုဗစ်-၁၉ ရောဂါကို အကောင်းဆုံးကာကွယ်နည်းများပင် ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါသည် အရေးကြီးဆုံးအခြေအနေအဖြစ်သို့ရောက်ရှိနေသည်ကို ပြည်သူအများစု နားလည်သဘောပေါက်ကြပြီး သတိမမူ၊ ပေါ့ပေါ့ဆဆနေထိုင်ကြသူများကိုလည်း ပြည်သူများက ဝိုင်းဝန်းအသိပညာပေးကြရမည်ဖြစ်သည်။ ဤသို့ ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ခြင်းဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော ကိုဗစ်-၁၉ အန္တရာယ်ကို အကောင်းဆုံးကာကွယ်၊ ထိန်းချုပ်ကြပါစို့၊ အကောင်းဆုံး ကျော်လွှားကြပါစို့ဟု တိုက်တွန်းနှိုးဆော်အသိပေးလိုက်ရပါကြောင်း။ ။




## လေဖိအားနည်းရပ်ဝန်း အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁**

ယနေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် ပြည်နယ် မြောက်ပိုင်းကမ်းလွန်နှင့် ဩရိဿပြည်နယ်တောင်ပိုင်း ကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

**မိုး/ဇလ**

# မြန်မာနိုင်ငံအတွင်းရှိ ကိုယ့်အားကိုယ်ကိုးသမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် မြှင့်တင်ပေးခြင်း စီမံကိန်းအတွက် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁**

ဂျာမနီနိုင်ငံ သမဝါယမအဖွဲ့ချုပ် (DGRV)နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သမဝါယမဦးစီးဌာနတို့ ပူးပေါင်းကာ မြန်မာနိုင်ငံ သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံအတွင်းရှိ ကိုယ့်အားကိုယ်ကိုး သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် မြှင့်တင်ပေးခြင်း စီမံကိန်းကို ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ နှစ်ဦးသဘောတူ နားလည်မှုစာချွန်လွှာစာချုပ် (MoU) လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့တွင် အွန်လိုင်းအစီအစဉ်ဖြင့် ကျင်းပခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံရုံး Head of Development Cooperation ဖြစ်သူ Ms. Marianna Knirsch၊ DGRV ရုံး မြန်မာနိုင်ငံ ကိုယ်စားလှယ် Project Director, Mr. Marc Andre Zach နှင့် DGRV မှ တာဝန်ရှိသူများ၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# နေပြည်တော်၌ ၂၀၂၀ ပြည့်နှစ် မိုးချေးငွေများထုတ်ချေးပြီးစီးပြီး ကိုဗစ်-၁၉ အထူးချေးငွေများ ထုတ်ချေးပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁**

နေပြည်တော်အတွင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်/မြို့နယ် ဘဏ်ခွဲများမှ ၂၀၂၀ ပြည့်နှစ် မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးစရိတ်အတွက် ကျေးရွာအုပ်စု ၁၉၁ အုပ်စု၊ တောင်သူ ၃၅၇၀၉ ဦး၊ စိုက်ပျိုးဧက ၁၄၂၅၄ ဧကအတွက် ငွေကျပ် ၂၀၆၇၄ ဒသမ ၉၀ သန်း ထုတ်ချေးပြီးစီးပြီး ဖြစ်သည်။

ကိုဗစ်-၁၉ အထူးချေးငွေအား တောင်သူများ ထိခိုက်မှုကုစားနိုင်ရေးအတွက် လယ်/ယာ တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးပေးနေပြီး စက်တင်ဘာလအကုန်အထိ ကျေးရွာအုပ်စု ၁၈၈ အုပ်စု၊ တောင်သူ ၃၄၀၃၁ ဦး၊ စိုက်ပျိုးဧက ၁၃၆၈၄၉ ဧကအတွက် ငွေကျပ် ၆၈၄၂၄ ဒသမ ၅၀ သန်း ထုတ်ချေးပေးပြီး ၉၅ ရာခိုင်နှုန်း ထုတ်ချေးပြီးစီးပြီးဖြစ်သည်။

ကိုဗစ်-၁၉ အထူးချေးငွေကာလအား စက်တင်ဘာလကုန်အထိ သတ်မှတ်ထားသော်လည်း ဒီဇင်ဘာ ၂၄ ရက်အထိ တိုးမြှင့်ပြင်ဆင်သတ်မှတ်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**သက်ဦး**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့
စနစ်တကျ လက်ဆေးစို့

ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် |
| စာတည်းမှူး | - | ဦးဝင်းနိုင် |
| သတင်းထောက်မှူး | - | ဦးမြင့်စိုး |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး |
| ဘာသာပြန်စာတည်းများ | - | ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် |
| အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း |
| အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| ဓာတ်ပုံသတင်းထောက် | - | ဦးခင်မောင်ဝင်း |
| သုတေသန | - | ဒေါ်ဇင်မာဝင့် |
| စာပြင် | - | ဒေါ်ဇင်မေဦး၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဒေါ်မျိုးမျိုးဝင်း၊ ဒေါ်ခိုင်မာဆွေနှင့်အဖွဲ့ |
| အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစည်သူလွင်၊ ဒေါ်ဇာရည်မွန်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

☆ ရှေ့ဖုံးမှ

ထို့အတူ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ၁၃၈၂ ခုနှစ် တော်သလင်းလဆန်း ၁ ရက် စက်တင်ဘာ ၁၇ ရက်ကလည်း သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာနာယက ကျောင်းဆောင်တွင် ဝါဆိုဝါကပ်သီတင်းသုံးကာ သာသနာ့တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး ၁၅ ပါးတို့က အန္တရာယ်ကင်းပရိတ်တရားတော်များ၊ အနန္တရာယိက အန္တရာယ်ကင်းကမ္မဝါစာများ ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

**နာယူကြည်ညို**

အဆိုပါ ပရိတ်တရားတော်များ၊ ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ပူဇော်ပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများက ဥပတ္ထမ္ဘကအဖြစ် တက်ရောက်နာယူကြည်ညိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## အထွေထွေရွေးကောက်ပွဲတွင် ကျန်းမာရေးဆိုင်ရာ စံလုပ်ငန်းလမ်းညွှန်များနှင့်အညီ အထူးအလေးထားလိုက်နာဆောင်ရွက်ရေး ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၁၈၂ / ၂၀၂၀)**
၁၃၈၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၅ ရက်
( ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက် )

**အထွေထွေရွေးကောက်ပွဲတွင် ကျန်းမာရေးဆိုင်ရာ စံလုပ်ငန်းလမ်းညွှန်များနှင့်အညီ အထူးအလေးထားလိုက်နာဆောင်ရွက်ရေး ထုတ်ပြန်ကြေညာခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ တတိယအကြိမ် လွှတ်တော်သက်တမ်းသက်ဆိုင်ရာ လွှတ်တော် (၃) ရပ်အတွက် လွှတ်တော်ကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်နိုင်ရန် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် နိုင်ငံတစ်ဝန်းလုံး၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာပြီးဖြစ်ပါသည်။

၂။ အထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များဖြစ်သည့် ရွေးကောက်ပွဲနေ့တွင် မဲပေးနိုင်ရန်အတွက် မဲရုံများပြင်ဆင်ခြင်း၊ မဲဆန္ဒရှင်ပြည်သူများက မဲရုံများသို့ ဆန္ဒမဲပေးရန် လာရောက်ခြင်း၊ မဲရုံများတွင် ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်ပါသည်။ ထို့အတူ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုအခြေအနေအရ Quarantine ဝင်ရောက်နေသူများ ဆန္ဒမဲပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံသို့ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေးနိုင်သူများသည် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် သတ်မှတ်ထားသည့်ရက်အတွင်း ကြိုတင်ဆန္ဒမဲပေးခြင်း၊ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံများတွင် မဲရေတွက်ခြင်း၊ မဲရလဒ်များကို စုစည်းခြင်း၊ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသောပုဂ္ဂိုလ်၏အမည်ကို ကြေညာခြင်း အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃။ ယခုကာလတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားနေမှုအခြေအနေအရ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ပုဂ္ဂိုလ်များ၊ မဲရုံများတွင် တာဝန်ထမ်းဆောင်မည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၊ မဲရုံပြင်ပတွင် စီမံခန့်ခွဲမည့်ပုဂ္ဂိုလ်များ၊ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ အန္တရာယ်ကင်းဝေးစွာဖြင့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အထူးအလေးထား ဆောင်ရွက်ရန်လိုအပ်ပါသည်။


၄။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်အညီ ဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်-အပိုင်း (၁) ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ၇.၉.၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ကြေညာပြီးဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ အထက်အပိုဒ် ၂ ပါ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်ကြရမည့် ပုဂ္ဂိုလ်များသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများနှင့်အညီ ဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်-အပိုင်း (၂) ပါ ညွှန်ကြားချက်များ၊ သက်ဆိုင်ရာက အချိန်ကာလ/နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကို အထူးအလေးထား လိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။


၆။ အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများနှင့်အညီ ဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန်-အပိုင်း (၂) ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Website ဖြစ်သော www.uec.gov.mm နှင့် Facebook စာမျက်နှာတို့တွင် ဝင်ရောက်ကြည့်ရှုရယူနိုင်ပါသည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

အဂတိလိုက်စားမှုကို နစ်နာသူကဖြစ်စေ၊ ကိုယ်တိုင်မြင်တွေ့ရသူက ဖြစ်စေ တိကျသေချာသော သက်သေအထောက်အထားများဖြင့် ဖော်ပြပါလိပ်စာသို့ ပေးပို့တိုင်ကြားနိုင်ပါသည်



ပြည်သူလူထုအနေဖြင့် အဂတိလိုက်စားမှုများကို နိုင်လုံသောသက်သေအထောက်အထားများနှင့်အတူ အောက်ပါ လိပ်စာများသို့ နှစ်သက်ရာ စာပို့လုပ်ငန်းများဖြင့် လွယ်ကူလျင်မြန်စွာတိုင်ကြားနိုင်ပါသည်




Online မှ တိုင်ကြားစာ ပေးပို့လိုပါက https://www.accm.gov.mm/complaint/ သို့ ပေးပို့နိုင်ပါသည်။

| | | |
|---|---|---|
| ရုံးအမှတ်(၅၆) | အမှတ်(၆၂-က)၊ | အမှတ်(၄၀၇)၊ |
| ဇေယျာဌာနီလမ်း | ရွှေတောင်ကြားလမ်း | |
| ဥတ္တရသီရိမြို့နယ် | ဗဟန်းမြို့နယ်၊ | ချမ်းမြသာစည်မြို့နယ် |
| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
| ၀၆၇-၈၁၀၃၃၄၇၊ | ၀၁-၅၃၂၆၀၇ | ၀၂-၄၀၅၆၀၇၉ |

# ကုန်အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်း ကြိုတင်လက်ခံမည့် ကနဦးဖွင့်လှစ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

ကုန်အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းများကို ကြိုတင်လက်ခံမည့် ကနဦးဖွင့်လှစ်ခြင်း (Soft Opening) အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Application ဖြင့် ကျင်းပသည်။



**ပြဋ္ဌာန်းချက်များ လိုက်နာရန်လို**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization–WTO)၊ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ (Association of South East Asian Nation–ASEAN) နှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (World Intellectual Property Organization – WIPO) တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သောကြောင့် WTO ၏ ကုန်သွယ်မှုနှင့် ဆက်စပ်နေသော မူပိုင်ခွင့်ဆိုင်ရာ သဘောတူစာချုပ် (Trade Related Aspect of Intellectual Property Rights – TRIPS Agreement)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တည်ဆောက်မည့် အာဆီယံမူပိုင်ခွင့်ဆိုင်ရာ ASEAN Framework Agreement on Intellectual Property Co-operation ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၂၀၊ ၂၁/၂၀၂၀ နှင့် ၃၁/၂၀၂၀ တို့ဖြင့် ဖွဲ့စည်းခဲ့ပြီး မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတ(၂) ဦးဆောင်၍ ဒုတိယဥက္ကဋ္ဌအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆောင်ရွက်လျက်ရှိပါကြောင်း။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ပထမဦးစွာ လက်ရှိကျင့်သုံးနေသော ဦးစွာအသုံးပြုသူကို အခွင့်အရေးပေးသောစနစ်မှ ဦးစွာလျှောက်ထားသူကို အခွင့်အရေးပေးသောစနစ်သို့ ပြောင်းလဲကျင့်သုံးမည်ဖြစ်ကြောင်း၊ ထိုသို့ ကူးပြောင်းရာတွင် အဆင်ပြေချောမွေ့စေရန် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းများ ကြိုတင်လက်ခံခြင်းအား ဆောင်ရွက်နိုင်ရေး ဝန်ကြီးဌာန၏ အမိန့်အမှတ် (၆၃/၂၀၂၀) ဖြင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ အမိန့်စာအရ ယနေ့မှစတင်ပြီး အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းများကို ကြိုတင်လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုစတင်ဖွင့်လှစ်သည့် ကနဦးလက်ခံခြင်းကာလတွင်လည်း ပထမအဆင့်အနေဖြင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (WIPO) ၏ WIPO File စနစ်ကို အသုံးပြုမည်ဖြစ်သဖြင့် ယခုကဲ့သို့သော ကိုဗစ်–၁၉ ကာလတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် လွယ်ကူမှုကိုလည်း အထောက်အကူပြုစေမည်ဟု မျှော်လင့်ပါကြောင်း၊ ဒုတိယအဆင့်တွင်လည်း ကိုယ်တိုင်လာရောက် လျှောက်ထားမှုများကို ဆက်လက်လက်ခံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အာဏာသက်ဝင်နိုင်စေရန်အတွက် လိုအပ်သောနည်းဥပဒေများ၊ လျှောက်လွှာများ၊ အခကြေးငွေများ အတည်ပြုနိုင်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေအာဏာ သက်ဝင်ပြီးလျှင် အမှတ်တံဆိပ်မူပိုင်ခွင့် မှတ်ပုံတင်ခြင်းကို တရားဝင်စတင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

မူပိုင်ခွင့်ဥပဒေများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းဖြင့် မူပိုင်ခွင့်များကို ထိရောက်စွာ အကာအကွယ်ပေးနိုင်ခြင်း၊ မျှတသည့် ယှဉ်ပြိုင်မှုများ ပေးနိုင်ခြင်း၊ တီထွင်ဖန်တီးမှုများကို အားပေးနိုင်ခြင်း၊ ကုန်သွယ်မှုမြင့်တက်လာစေနိုင်ခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြင့်တက်လာစေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်စနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရေးအတွက် ဆောင်ရွက်ရာတွင် အစဉ်တစိုက် ဥပဒေပိုင်းဆိုင်ရာ အကြံဉာဏ်များနှင့် အီလက်ထရောနစ်စနစ် အသုံးပြုခြင်းအတွက် WIPO Solutions များစသည့် အကူအညီများကို ပံ့ပိုးပေးနေသော WIPO၊ USAID၊ JICA နှင့် JPO တို့ကို ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် မူပိုင်ခွင့်စနစ်တစ်ရပ် ကျင့်သုံးပေါ်ပေါက်နိုင်စေရန် မူပိုင်ခွင့်ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ပြင်ဆင်ဆောင်ရွက်နိုင်စေရေးအတွက် ကဏ္ဍအသီးသီးအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

**ကောင်းမွန်သည့် အခွင့်အလမ်း**

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အွန်လိုင်းစနစ်ကို အသုံးပြုပြီး ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို စနစ်သစ်ဖြင့် စတင်ဖွင့်လှစ်နိုင်သည့်အတွက် ဂုဏ်ယူပါကြောင်း၊ မူပိုင်ခွင့်သည် စီးပွားရေးကဏ္ဍနှင့်များစွာ ဆက်စပ်မှုရှိသောကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ရခြင်းသည် ကောင်းမွန်သည့် အခွင့်အလမ်းတစ်ခုဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အနေဖြင့် မူပိုင်ခွင့်ဥပဒေများ မူကြမ်းပြုစုရေးဆွဲပြီး အတည်ပြုပြဋ္ဌာန်းနိုင်ရေးကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် ပထမနှစ်ဝက်အတွင်းတွင် အတည်ပြုပြဋ္ဌာန်းနိုင်သည်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာအစည်းအဝေးပွဲများ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် သင်တန်းများကို ကိုယ်စားလှယ်များစေလွှတ်ပြီး တက်ရောက်နိုင်စေခဲ့သည့်အပြင် တက္ကသိုလ်များနှင့် အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများအတွက် အသိပညာပေးဆွေးနွေးပွဲများကိုလည်း ကျင်းပပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် မူပိုင်ခွင့်စနစ် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် လိုအပ်သည့် အရင်းအမြစ်များ အပါအဝင် နည်းပညာနှင့် ဥပဒေဆိုင်ရာ အထောက်အပံ့များကို ပံ့ပိုးပေးပြီး ပူးပေါင်းဆောင်ရွက်ပေးနေကြသည့် ပြည်ပအဖွဲ့အစည်းများနှင့် အစိုးရဌာနများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် လုပ်ငန်းရှင်များအသင်း (MIPPA)၊ မူပိုင်ခွင့်အစည်းအရုံးများ စသည်တို့အပါအဝင် ပြည်တွင်းအဖွဲ့အစည်းများနှင့် ပညာရှင်များအားလုံးတို့ကို ကျေးဇူးများစွာတင်ရှိပါကြောင်းနှင့် ဆက်လက်ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့(WIPO)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Yoshiyuki TAKAGI၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ US Embassy Myanmar မှ Chargé d'Affaires ဖြစ်သူ Ms. Gwendolyn Cardno၊ JICA Myanmar Office မှ Chief Representative ဖြစ်သူ Mr. Noriji SAKAKURA နှင့် Japan Patent Office (JPO)မှ Deputy Commissioner ဖြစ်သူ Mr. Susumu IWASAKI တို့က မြန်မာနိုင်ငံတွင် မူပိုင်ခွင့် အကာအကွယ်ပေးနိုင်စေရန် စတင်ဆောင်ရွက်သည့် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်လျှောက်ထားခြင်းများကို ကြိုတင်လက်ခံမည့် ကနဦးဖွင့်လှစ်နိုင်ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုပါကြောင်းနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မူပိုင်ခွင့်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က မူပိုင်ခွင့်ဌာန၏ အင်တာနက်စာမျက်နှာ www.ipd.gov.mm ကို တရားဝင်မိတ်ဆက် အသိပေးပြောကြားပြီး အခမ်းအနား ပထမပိုင်းအစီအစဉ်ကို ရုပ်သိမ်းသည်။

ဒုတိယပိုင်းအစီအစဉ်ကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့ရာ မူပိုင်ခွင့်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးမိုးသွယ်က ကုန်အမှတ်တံဆိပ်မှတ်ပုံတင်လျှောက်ထားခြင်းများအားလက်ခံမည့် အီလက်ထရောနစ်မှတ်ပုံတင်စနစ် (WIPO File) ကို လည်းကောင်း၊ မူပိုင်ခွင့်ဌာန ညွှန်ကြားရေးမှူး ဒေါက်တာစိမ့်သန္တာထွန်းက ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပါအဝင် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်အကြောင်းသိကောင်းစရာများကိုလည်းကောင်း ရှင်းလင်းခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၁၉)ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာညှိနှိုင်းဆွေးနွေးပွဲ ဗီဒီယိုကွန်ဖရင့်ဖြင့် မြန်မာနိုင်ငံက လက်ခံကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

(၁၉)ကြိမ်မြောက် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား မူဝါဒရေးရာညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်ဖြင့် လက်ခံကျင်းပသည်။



ဆွေးနွေးပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်နှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် Mr. Harsh Vardhan Shringla တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး ဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Saurabh Kumar၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာ–အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား အဆင့်မြင့်ပုဂ္ဂိုလ်များ၏ အပြန်အလှန်ခရီးစဉ်များ သွားရောက်နိုင်ရေး၊ ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်နိမိတ်နှင့် နယ်စပ်ရေးရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ ကုန်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ဘဏ္ဍာရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များ၊ ကောင်စစ်ဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိစ္စများ၊ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးခဲ့သည့် သဘောတူစာချုပ်/နားလည်မှု စာချွန်လွှာများအား အကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံတွင် အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှုများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ အပါအဝင် နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို နှစ်ဖက်ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

○ ပြည်ပနိုင်ငံများမှ

အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြရတနာ(စက္ကူ) ကုန်ထုတ်သမဝါယမအသင်း ဖွဲ့စည်း

**မြင်းခြံ အောက်တိုဘာ ၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် (၁၉)ရပ်ကွက် စက်မှုဇုန်တွင် မြရတနာ(စက္ကူ) ကုန်ထုတ်သမဝါယမအသင်းလီမိတက်အသစ် ဖွဲ့စည်းရေးအခမ်းအနားကို စက်တင်ဘာ ၂၆ ရက်က ကျင်းပခဲ့သည်။

ထိုအသင်းမှ ကုန်ထုတ်လုပ်ငန်းအနေဖြင့် ကျောင်းသုံးစာအုပ်များ၊ ရုံးသုံးစက္ကူများ၊ စက်ရုံ၊ အလုပ်ရုံသုံးစက္ကူများ၊ ထုပ်ပိုးစက္ကူများအား ထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုလုပ်ငန်းအနေဖြင့် ထုတ်လုပ်ပြီးစက္ကူများအား ပြည်တွင်းလုပ်ငန်းရှင်များထံသို့ ဖြန့်ဖြူးရောင်းချခြင်း၊ မော်တော်ယာဉ်ဖြင့် လှည့်လည်ရောင်းချခြင်း၊ သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်ရောင်းချခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းအနေဖြင့် လုပ်ငန်းရှင်များမှ မှာယူလိုသော စက္ကူများ၊ ထုပ်ပိုးစက္ကူများအား ထုတ်လုပ်၍ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း၊ သမဝါယမအသင်းအဆင့်ဆင့်နှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်္ဂလန်နိုင်ငံအခြေစိုက် THET အဖွဲ့၏ ၂၀၂၀ ပြည့်နှစ် နှစ်ပတ်လည် ညီလာခံဖွင့်ပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

အင်္ဂလန်နိုင်ငံ အခြေစိုက် Tropical Health and Education Trust (THET) အဖွဲ့၏ ၂၀၂၀ ပြည့်နှစ် နှစ်ပတ်လည် ညီလာခံဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီခွဲက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်မိန့်ခွန်းပြောကြားသည်။



**၄၆၀ ကျော် တက်ရောက်လျက်ရှိ**

ရှေးဦးစွာ THET အဖွဲ့၏ Chief Executive Officer ဖြစ်သူ Mr. Ben Simms က ယခုကျင်းပသော နှစ်ပတ်လည် ညီလာခံသည် ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေချိန်နှင့် တိုက်ဆိုင်နေသော်လည်း နိုင်ငံပေါင်း ၃၀ ကျော်မှ ပညာရှင် ၄၆၀ ကျော် တက်ရောက်လျက်ရှိပါကြောင်း၊ ကမ္ဘာတစ်ဝန်း၌ ကိုဗစ်–၁၉ ကြောင့် သေဆုံးသူ တစ်သန်းကျော်သွားပြီဖြစ်ပြီး ၎င်းတို့အနက် ကျန်းမာရေးစောင့်ရှောက်ပေးသူ ၇၀၀၀ လည်း ပါဝင်ပါကြောင်း၊ မိမိအနေဖြင့် ကိုဗစ်–၁၉ သည် ကမ္ဘာ့ကပ်ရောဂါတစ်ခုဖြစ်ရုံသာမက အခြားသော ကပ်ရောဂါများကိုပါ အတူယှဉ်တွဲဖြစ်စေသည့် ကပ်ရောဂါကြီးတစ်ခုဖြစ်သည်ဟု ပြောလိုပါကြောင်း။

မိမိတို့အနေဖြင့် အရေးကြီးပြီး မရှိမဖြစ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားနိုင်ရန် ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ ယခုလို အချိန်များတွင် မိမိတို့အားလုံးသည် ဘဏ္ဍာရန်ပုံငွေများ၊ နည်းပညာများ၊ ကျွမ်းကျင်ပညာရှင် အစရှိသည့် စွမ်းအားစုများကို ပေါင်းစုစည်းပြီး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ယူကေနှင့် မြန်မာနိုင်ငံအကြား မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သည့်အနေဖြင့် ထောက်ပံ့မှုများ ပိုမိုပေးအပ်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO ညွှန်ကြားရေးမှူးချုပ် Dr. Tedros Adhanom က လွန်ခဲ့သော ကိုးလမှ စတင်ဖြစ်ပွားခဲ့သော ကိုဗစ်–၁၉ ကပ်ရောဂါသည် လူ့အသက်သေဆုံးမှုများကိုသာမက ဘဝရှင်သန်မှု၊ အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဆုံးရှုံးမှုဖြစ်စေခဲ့ပါကြောင်း၊ မိမိတို့အားလုံး စုစည်းညီညွတ်မှုနှင့် ထိခိုက်ဆုံးရှုံးမှုများကို နားလည်စာနာကာ ထောက်ပံ့ကူညီလိုသည့် စိတ်ဆန္ဒများကို ပြသရမည့်အချိန်ဖြစ်ပါကြောင်း၊ ယခုလိုအချိန်တွင် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများကို ဆက်လက်ပေးနိုင်ရေးသည် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ ပြန်လည်ရရှိရေးတို့အတွက် အရေးပါသော လိုအပ်ချက်တစ်ခုဖြစ်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများအကြား နီးကပ်စွာ မိတ်ဖက်သဖွယ် ပူးပေါင်းဆောင်ရွက်ပြီး ပိုမိုကောင်းမွန်သော ကမ္ဘာတစ်ခုကို ပြန်လည်တည်ဆောက်ကြပါစို့ဟု ပြောကြားသည်။

**အရင်းအမြစ်အမျိုးမျိုး အသုံးချ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယခုအချိန်တွင် မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများအားလုံးသည် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားကူးစက်မှုများကို ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ အပါအဝင် အရင်းအမြစ်အမျိုးမျိုးကို အသုံးချဆောင်ရွက်နေကြပါကြောင်း၊ ပြည်သူများ၏ ကိုယ်တိုင်ပူးပေါင်းပါဝင်ကာ စည်းကမ်းလိုက်နာဆောင်ရွက်မှုသည် ကိုဗစ်–၁၉ ဖြစ်ပွားကူးစက်မှုများကို ဟန့်တားနိုင်ရန် အဓိက အရေးအကြီးဆုံး အချက်ဖြစ်သည်ကို အလေးထားပြောကြားလိုပါကြောင်း၊ ထို့အပြင် ကမ္ဘာအရပ်ရပ်ရှိ ကျန်းမာရေးဝန်ကြီးဌာနများ အနေဖြင့် နီးနွှယ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် ချိန်သားကိုက် စုစည်းချိတ်ဆက် ပူးပေါင်းဆောင်ရွက်မှုများ၊ နိုင်ငံအကြီးအကဲများ၏ စိတ်ဝင်စားစွာဦးဆောင်မှုများ ပြုလုပ်မှသာလျှင် ဤကပ်ရောဂါကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း။

ယခု ညီလာခံ၏ အကြောင်းအရာခေါင်းစဉ်ဖြစ်သည့် "အားလုံးအတွက် ကျန်းမာရေး ဆယ်စုနှစ်အတွင်း ဆောင်ကြဉ်းပေး (Health for All; A decade to deliver)" နှင့်အညီ ကမ္ဘာ့နိုင်ငံများသည် ပြည်သူများ ကျန်းမာရေး အဆင့်အတန်း မြင့်မားစေရေးအတွက် အမျိုးမျိုးသော နိယာမသဘောတရားများ၊ ချဉ်းကပ်မှုပုံစံများဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ယခု ကိုဗစ်–၁၉ ဖြစ်ပွားနေချိန်တွင် အထူးအရေးကြီးသည်မှာ တီဘီ၊ ခုခံကျ/ကာလသား ရောဂါ တိုက်ဖျက်နှိမ်နင်းရေးလုပ်ငန်းများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ မကူးစက်တတ်သောရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ၊ မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အပါအဝင် အခြားသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှု အရှိန်အဟုန်ကျဆင်းလျက်ရှိခြင်း (သို့မဟုတ်) ရပ်ဆိုင်းထားရခြင်းသည် ရေရှည်တွင် နိုင်ငံများ၏ ကျန်းမာရေးအဆင့်အတန်းကို ကျဆင်းထိခိုက်စေမည်ဖြစ်ပါကြောင်း။

**နေထိုင်မှုပုံစံသစ် စတင်စဉ်းစား**

အထူးသဖြင့် ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းပါးသော နိုင်ငံများမှ မူဝါဒချမှတ်သူများ၊ ကျန်းမာရေးစီမံချက် မန်နေဂျာများအနေဖြင့် ကိုဗစ်–၁၉ ဖြစ်ပွားမှု အတိုင်းအတာတစ်ခုအထိ လျော့နည်းသွားချိန်တွင် အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ချက်ချင်း အရှိန်အဟုန်မြှင့်၍ မပျက်မကွက် စတင်နိုင်ရေး ယခုကာလကတည်းက ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံများ၌ ကိုဗစ်–၁၉ ဖြစ်ပွားမှု အရှိန်အဟုန်နှင့် ဖြစ်ပွားသူအရေအတွက်မှာ နေရာတစ်ခုနှင့်တစ်ခု တစ်ပြေးညီ မဟုတ်သည့်အတွက် ဖြစ်ပွားကူးစက်ပျံ့နှံ့မှု နည်းပါးသော နေရာများ၌ ဖော်ပြပါ ကျန်းမာရေးစီမံချက်လုပ်ငန်းများကို စတင်လုပ်ဆောင်သင့်ပါကြောင်း၊ မိမိတို့နိုင်ငံ၌လည်း ထိုသို့ဆောင်ရွက်ရန် ပြောကြားထားပြီး ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါသည် ကမ္ဘာတွင် ဆက်လက်ရှိနေဦးမည်ဖြစ်ပြီး မိမိတို့အနေဖြင့် နေထိုင်မှု ပုံစံသစ်များဖြင့် ကျင့်သုံးလိုက်နာဆောင်ရွက်နိုင်ရန် ယခုကတည်းက စတင်စဉ်းစား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မိမိအနေဖြင့် မြန်မာနိုင်ငံပြည်သူများ အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေရန် အတွက် လက်တွေ့ကျပြီး သမားရိုးကျမှ ဖောက်ထွက်သော အတွေးအမြင်များ၊ ရှေ့သို့ကြိုတင်တွက်ဆသည့် အတွေးအမြင်များဖြင့် လက်တွေ့လုပ်ငန်းကို ရှေးရှုဆောင်ရွက် ပံ့ပိုးနေသည့်အပြင် နိုင်ငံ၏ လိုအပ်ချက်နှင့် ကိုက်ညီသည့် ပံ့ပိုးမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပေးအပ်လျက်ရှိသော THET အဖွဲ့အား ကျေးဇူးတင်ရှိပါကြောင်း၊ ဥပမာအားဖြင့် THET အဖွဲ့၏ပံ့ပိုးမှုဖြင့် လွန်ခဲ့သော ခုနစ်နှစ်တာကာလမှစ၍ The Cambridge–Yangon Trauma Intervention Project ဖြင့် အရိုးနှင့်ထိခိုက်ဒဏ်ရာကုသမှု၊ အထူးကြပ်မတ်ကုသမှု၊ ပြန်လည်သန်စွမ်းရေး၊ ရောဂါဗေဒနှင့် ဦးနှောက်နှင့်အာရုံကြောပညာရပ်အသီးသီးတို့ စုပေါင်းကာ ထိခိုက်ဒဏ်ရာရရှိသူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ THET အဖွဲ့အနေဖြင့် အာရှ၊ အာဖရိက၊ တောင်အမေရိကနှင့် ကမ္ဘာအနှံ့အပြားရှိ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် မိတ်ဖက်ပူးပေါင်းမှုများ ပိုမိုတိုးမြှင့်သွားရန် အကြံပြုတိုက်တွန်းလိုပါကြောင်း၊ မြန်မာနိုင်ငံတွင် THET အဖွဲ့၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်နေသည့် ပုဂ္ဂလိကအထွေထွေ ရောဂါကု ဆရာဝန်များ၏ စွမ်းဆောင်ရည်မြှင့်တင်မှု လုပ်ငန်းများသည် "လူတိုင်းကျန်းမာရေး" အတွက် များစွာ အထောက်အကူပြုသဖြင့် THET အဖွဲ့အနေဖြင့် အခြားသော နိုင်ငံများတွင်လည်း ဆောင်ရွက်သွားရန် အကြံပြုတိုက်တွန်းလိုပါကြောင်း။

**လေ့ကျင့်သင်ကြားရမည်**

မြန်မာနှင့် UK နိုင်ငံတို့အကြား ကျန်းမာရေးလှုပ်ရှားမှုများ ချိတ်ဆက်ဆောင်ရွက်ခြင်းများသည် နှစ်စဉ်နှစ်တိုင်း အရှိန်အဟုန်များပြားလာသည့်အတွက် Myanmar – UK Health Alliance အစီအစဉ်သည် မြန်မာနိုင်ငံ၏ ဆေးကုသရေးကဏ္ဍ၌ အဓိကနေရာမှ ပါဝင်နေပါကြောင်း၊ လူတိုင်းကျန်းမာရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် ရည်မှန်းချက်ကို ရရှိအောင်မြင်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုကို သာတူညီမျှမှုရှိစွာနှင့် တန်းတူညီမျှမှုရှိစွာ ရရှိနိုင်ရေး ဆောင်ရွက်ရာတွင် THET အဖွဲ့အနေဖြင့် မြန်မာနိုင်ငံအပါအဝင် ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းပါးသော နိုင်ငံများအား ပံ့ပိုးမှုများ ပိုမိုပေးအပ်ပါရန် အကြံပြုတိုက်တွန်းလိုပါကြောင်း၊ လူတိုင်း ကျန်းမာရေး ရည်မှန်းချက်ကို ရရှိအောင်မြင်နိုင်ရေး ဆောင်ရွက်ရာတွင် ပညာရပ်ပိုင်းဆိုင်ရာကျွမ်းကျင်မှု၊ ကျင့်ဝတ်လိုက်နာမှု၊ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ကြိုးပမ်းစွမ်းဆောင်လိုစိတ်ရှိသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်လေ့ကျင့်သင်ကြားပေးရမည် ဖြစ်ပါကြောင်း။

နိုင်ငံများ အထူးသဖြင့် ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းပါးသော နိုင်ငံများတွင် ဆောင်ရွက်နေသည့် လုပ်ငန်းများ၏ လက်တွေ့မြေပြင်အခြေအနေများ၊ လုပ်ငန်းအောင်မြင်မှုများကို ဝေမျှခြင်းအားဖြင့် အခြားနိုင်ငံများ အနေဖြင့်လည်း အတုယူလုပ်ဆောင်မှုများ ပြုလုပ်နိုင်မည် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ THET အဖွဲ့အနေဖြင့် ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းပါးသော နိုင်ငံများ အကြား ထိုသို့ အတွေ့အကြုံဝေမျှခြင်းဆောင်ရွက်နိုင်ရေး အကြံပြုတိုက်တွန်းလိုပါကြောင်း၊ လူတိုင်းကျန်းမာရေး ရည်မှန်းချက်သည် မျှော်မှန်းချက်မြင့်မားသောပန်းတိုင် (aspirational goal) တစ်ခုဖြစ်ပြီး ၎င်းကို ရရှိစေရန်မှာ နိုင်ငံတစ်ခု၏ အမျိုးသားမူဝါဒ၊ ကျန်းမာရေးမူဝါဒနှင့် ထင်ဟပ်ကိုက်ညီမှုများ ရှိရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ၎င်းရည်မှန်းချက်ရရှိရန်မှာ ပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ အသိပညာ၊ အတွေးအမြင်နှင့် ကျင့်သုံးလိုက်နာမှုများအပေါ် မူတည်နေပါကြောင်း။

မိမိတို့နိုင်ငံတွင် ပြည်သူများ ကျန်းမာရေးအသိပညာ ဗဟုသုတကြွယ်ဝစေရေးအတွက် အခြေခံကျန်းမာရေး ဝန်ထမ်းများသည် ဝန်ကြီးဌာနမှ ဖြန့်ဝေထားသော Mobile Tablet များကို အသုံးပြု၍ ဆောင်ရွက်နေမှုကိုလည်း အတွေ့အကြုံဝေမျှလိုပါကြောင်း၊ နိုင်ငံအသီးသီးတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သည့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့် ပြည်တွင်း အစိုးရမဟုတ်သောအဖွဲ့အစည်းများသည် လုပ်ငန်းဆောင်ရွက်မှုကဏ္ဍနှင့် နေရာဒေသ ထပ်နေခြင်း မရှိစေရေးအတွက် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှု ကောင်းများလိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် Myanmar Health Sector Coordination Committee (M–HSCC) ဖြင့် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေသော နိုင်ငံတကာအဖွဲ့အစည်းများ ချိတ်ဆက်မှုကောင်းမွန်စေရေးကို ဂရုပြုဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းပါးသော နိုင်ငံအများစုတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် ကျန်းမာရေးကဏ္ဍအတွက် ကျွမ်းကျင်မှုပိုင်းဆိုင်ရာအဓိက အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နှစ်နှစ်တာ ကျန်းမာရေး စီမံချက်များသည် လူတိုင်းကျန်းမာရေးရည်မှန်းချက်ဆိုင်ရာ လုပ်ငန်းများနှင့် ဆက်စပ်မှု အခြေအနေကိုလည်းဆန်းစစ်ကြရန် အကြံပြုတိုက်တွန်းလိုပါကြောင်း၊ ထို့အပြင် လူတိုင်းကျန်းမာရေး ရည်မှန်းချက်၊ လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေး စောင့်ရှောက်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက် ပန်းတိုင်များဆိုင်ရာ လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကိုလည်း ဆန်းစစ်ပါရန် အကြံပြုတိုက်တွန်းလိုပါကြောင်း။

**အားလုံးပါဝင်သည့် ချဉ်းကပ်ပုံစံ**

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် နေရာအနှံ့အပြားတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးအပ်နေသည့် ပုဂ္ဂလိက အထွေထွေရောဂါကုဆရာဝန်များသည် အရေးကြီးမှုကို သတိပြုကြကာ ၎င်းတို့၏ အခန်းကဏ္ဍမြှင့်တင်မှုလုပ်ငန်းများကို တွေးတောကြံဆကြရမည် ဖြစ်ပါကြောင်း၊ လူတိုင်းကျန်းမာရေး ရည်မှန်းချက်ကို ရရှိအောင်မြင်စေရေးအတွက် အားလုံးပါဝင် ဆောင်ရွက်သည့် ချဉ်းကပ်မှုပုံစံဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အင်္ဂလန်နိုင်ငံမှ အထွေထွေရောဂါကု ဆရာဝန် Dr. Bethany Moos က မြန်မာနိုင်ငံတွင် မြွေကိုက်ရောဂါစီမံချက်သုတေသန ဆောင်ရွက်ခဲ့မှု အတွေ့အကြုံများကို လည်းကောင်း၊ East Landon NHS Foundation Trust မှ Dr. Navina Evens က အင်္ဂလန်နိုင်ငံ အမျိုးသားကျန်းမာရေးဌာနအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးကွန်ရက်တွင် ပူးပေါင်းဆောင်ရွက်နေမှုများကို လည်းကောင်း ဆွေးနွေး ပြောကြားသည်။

အဆိုပါညီလာခံကို အောက်တိုဘာ ၁ ရက်၊ ၂ ရက်၊ ၅ ရက်နှင့် ၆ ရက်များတွင် လေးရက်တာ ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း ၃၀ ကျော်မှ ကျန်းမာရေးဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပြည်သူ့ကျန်းမာရေးပညာရှင်များ၊ သုတေသနပညာရှင်များ၊ ဆေးပညာဆိုင်ရာ အထူးကုဘာသာရပ်အသီးသီးမှ ဆရာဝန်ကြီးများ၊ အထွေထွေရောဂါကု ဆရာဝန်ကြီးများနှင့် စိတ်ပါဝင်စားသူ ၄၆၀ ကျော်တို့က ဗီဒီယိုကွန်ဖရင့်ပုံစံဖြင့် ပါဝင်တက်ရောက်ကြသည်။

သတင်းစဉ်

## ကျေးလက်နေပြည်သူများ ကျေးရွာမတည်ရန်ပုံငွေဖြင့် စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ် လုပ်ကိုင်ခွင့်ရရှိ

**အင်္ဂပူ အောက်တိုဘာ ၁**

ကိုဗစ်–၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ်အရ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် မကျည်းကုန်းကျေးရွာအုပ်စု ပိန်းအင်းကုန်းကျေးရွာ၌ ရန်ပုံငွေ ကျပ် သိန်း ၃၀၀၊ ညောင်ပင်တဲ ကျေးရွာအုပ်စု ညောင်ပင်တဲကျေးရွာအတွက် ရန်ပုံငွေကျပ် သိန်း ၂၀၀ နှင့် ဘုရားကွင်းကျေးရွာအုပ်စု ရှမ်းတောကျေးရွာအတွက် ရန်ပုံငွေကျပ် သိန်း ၁၀၀ တို့အား ကျေးရွာကော်မတီဝင်များထံမှတစ်ဆင့် ကျေးရွာနေပြည်သူများထံသို့ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မိသားစုဝင်ငွေတိုးပွားရေး**

လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီးရရှိစေခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်စေရန်၊ တိုးပွားလာသော ရန်ပုံငွေဖြင့် စဉ်ဆက်မပြတ် ငွေကြေးအရင်းအမြစ်ရရှိနိုင်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အဆိုပါ စီမံကိန်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အင်္ဂပူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ သိရသည်။

ကြေးမုံ

# ကိုဗစ်-၁၉ ကပ်ရောဂါ Stay at Home ကာလနှင့် ညီညွတ်သော ကျန်းမာသည့်နေအိမ်လေး

ဒေါက်တာမြင့်သန်း
(ညောင်လေးပင်)

ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါက တစ်ကျော့ပြန် ကျယ်ပြန့်စွာ ဖြစ်ပွားနေပြီ ဖြစ်ပါသည်။ လူတိုင်းလိုက်နာ ဆောင်ရွက်ရမည့် ရောဂါကာကွယ်တားဆီးရေးအလုပ်များဖြစ်သည့် လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ခြင်း၊ ခပ်ခွာခွာနေကြခြင်း၊ လူစုလူဝေးရှောင်ရှားခြင်း၊ မလိုအပ်ဘဲအပြင်မထွက်ခြင်း၊ ခရီးမသွားခြင်း၊ မိမိအိမ်မှာသာနေခြင်း၊ အိမ်မှသာ အလုပ်လုပ်ခြင်း၊ စာသင်ခြင်း စသည်တို့ကိုတိကျစွာလိုက်နာ ဆောင်ရွက်ကြရပါမည်။

ယင်းတွင် Stay at home ခေါ် မိမိအိမ်မှာသာ နေထိုင်ခြင်းသည် အလွန်အရေးပါပါသည်။ လူတစ်ယောက်အတွက် မိမိအိမ်မှာနေရသည့်အချိန် များစွာရှိလာပါမည်။ နေအိမ်သည် မိမိ၏အချိန်များစွာကို အသုံးပြုနေရသည့် နေရာဖြစ်လာပါမည်။ နေအိမ်ကြောင့် ကပ်ရောဂါမှ ကာကွယ်ပေးနိုင်ပါမည်။ ထို့ကြောင့် မိမိတို့နေအိမ်အတွက် ကျန်းမာရေးနှင့်အညီ သန့်ရှင်းနေအောင် ဆောင်ရွက်ပေးခြင်းသည် မိမိသာမက မိသားစု၊ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အကျိုးပြုနိုင်မည့် ဆောင်ရွက်မှု ဖြစ်လာပါသည်။ မိမိတို့နေအိမ်ကျန်းမာမှ မိမိတို့အားလုံးလည်း ကျန်းမာမည်ဖြစ်သည်။ နေအိမ်လေး ကျန်းမာနေစေရန် လိုအပ်မှုအချို့ကို တင်ပြလိုပါသည်။




၁။ အပြင်ကပြန်လာတိုင်း ဖိနပ်ချွတ်ပါ။ လူတစ်ယောက်၏ ဖိနပ်တွင် တစ်နေ့လျှင် ဗက်တီးရီးယားပိုးပေါင်း ၄၂၁၀၀၀ ခန့် ကပ်ပါလာလေ့ရှိကြောင်း လေ့လာမှုတစ်ခုအရ သိရပါသည်။ ယင်းတွင် E.Coli, Streptococcus စသည့် ဗက်တီးရီးယားပိုးများ ပါဝင်နိုင်ပြီး အစာလမ်းကြောင်းနှင့် အရေပြားကူးစက်ရောဂါများ ဖြစ်စေနိုင်ပါသည်။ ယခုအခါတွင်မူ ကိုဗစ်-၁၉ အပါအဝင် အခြား ဗိုင်းရပ်စ်ပိုးများလည်း ကပ်ပါလာနိုင်ပါသည်။ ထို့ပြင် အခြားပိုးသတ်ဆေးများ၊ ကတ္တရာများ၊ ခဲ၊ သတ္တုပစ္စည်းမျိုးစုံလည်းပါလာပြီး မိမိတို့၏အိမ်အတွင်း ဝင်ရောက်လာနိုင်ပါသည်။ ထို့ကြောင့် အိမ်အဝင်တံခါးမှာ ဖိနပ်ချွတ်ပါ။ အိမ်အတွင်းစီးရန် ခြေညှပ်ဖိနပ်၊ အခြားသင့်တော်ရာ ဖိနပ်ကိုသာ အသုံးပြုသင့်ပါသည်။ အိမ်တွင်းမဝင်မီ လက်ဆေးပါ။ နှာခေါင်းစည်းကို သတ်မှတ်နေရာတွင် စွန့်ပစ်ပါ။ အဝတ်အစားများလဲလှယ်ပါ။

၂။ အိမ်အတွင်း ရေ၊ ဆပ်ပြာတို့ဖြင့် ဆေးကြောနိုင်ပါသည်။ အနောက်နိုင်ငံတို့တွင် ဗော့ဒ်ဂါအရက်ကို သုံးကြသည်ဟု သိရသည်။ ယင်းသည် အရက်ပါဝင်မှု ၄၀ ရာခိုင်နှုန်းမျှ ပါဝင်သဖြင့် ရေရောပြီး ပိုးသန့်စေရန် အသုံးပြုကြကြောင်း သိရသည်။ ရေဆတူရောပြီး ဆေးကြောနိုင်သည်၊ ဖျန်းဆေးအဖြစ်လည်း သုံးကြသည်ဟု သိရသည်။ အိမ်တွင်းရှိ ပရိဘောဂပစ္စည်းများ၊ အခင်းအကာများကိုပါ ဖျန်းနိုင်ကြောင်း သိရပါသည်။

၃။ အိမ်အတွင်း ရောဂါပိုးများကပ်နေနိုင်သည့် နေရာတစ်ခုမှာ သွားတိုက်တံဖြစ်သည်။ နေ့စဉ်သုံးပြီးပါက ရေနှင့်ဆေးကြောပြီး အဖုံးအကာရှိရာမှာ ထားသင့်ပါသည်။ သွားတိုက်တံတစ်ချောင်းကို အများဆုံးတစ်လခန့်သာသုံးပြီး အသစ်ပြောင်းသုံးသင့်ပါသည်။ သွားတိုက်တံပြီးလျှင် ပိုးမွှားများကပ်နေနိုင်သည်မှာ မီးဖိုချောင်ဖြစ်သည်။ မီးဖိုချောင်ကိုလည်း မကြာခဏ ဆေးကြောသုတ်သင်နေသင့်ပါသည်။ အထူးသဖြင့် စားသောက်ဆိုင်များအတွက် ချက်ပြုတ်ရာနေရာများကို အမြဲမပြတ်သန့်စင်နေစေသင့်ပါသည်။



၄။ အိမ်အတွင်းနံရံများသည် ပိုးမွှားများ အကြိုက်တွေ့ရာနေရာများ ဖြစ်သည်။ နံရံများပေါ်တွင် မြောက်မြားလှစွာသော ပိုးမွှားများ ကပ်နေလေ့ရှိပါသည်။ ထို့ကြောင့် နံရံများကို ဆေးကြောသန့်စင်ပေးသည့်အပြင် ဆေးအသစ် တစ်ထပ်သုတ်ပေးခြင်းဖြင့် ပိုးမွှားများ ကင်းဝေးစေနိုင်ပါသည်။ နံရံများကို ဆေးသုတ်ရာတွင် ဆေးအရောင်ကလည်း အကျိုးသက်ရောက်မှုရှိပါသည်။ ကိုလံဘီယာတက္ကသိုလ်၏ လေ့လာချက်အရ အပြာရောင်သည် တီထွင်ဖန်တီးလိုစိတ်ကို နှိုးဆွပေးနိုင်ပြီး အနီရောင်က အာရုံစူးစိုက်နိုင်မှုကို အားပေးသည်ဟု သိရပါသည်။

၅။ အိမ်အတွင်း ကြာရှည်စွာနေရသဖြင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ တွေ့ကြုံလာရတတ်ပါသည်။ စိတ်ကို အကျိုးပြုနိုင်သည်မှာ အိမ်အတွင်းရှိနေရာ ဖြစ်သည်။ လေ့လာမှုတစ်ခုအရ အိမ်မှအလုပ်လုပ်နေသူတို့သည် တစ်နေ့လုံး အလုပ်လုပ်ကြရာ၌ နေ့အလင်းရောင် နေရောင်ခြည်ကို အသုံးများသူတို့သည် လျှပ်စစ်မီးအလင်းရောင်ကို သုံးကြသူများထက် အလုပ်ချိန်အတွင်း ငိုက်မျဉ်းမှု နည်းပါးကြပြီး စဉ်းစားတွေးခေါ် မှတ်သားနိုင်စွမ်းပိုများကြကြောင်း တွေ့ရပါသည်။ အိမ်တွင်းနေရောင်ရရန် ဆောင်ရွက်နိုင်ပါသည်။

၆။ အိမ်အတွင်းရှိ လေထုသန့်စင်အောင် ဆောင်ရွက်ခြင်းက အိမ်တွင်းနေသူများ၏ ကျန်းမာရေးကို အထူးအထောက်အကူပြုနိုင်ပါသည်။ အထိရောက်ဆုံးမှာ လေထုသန့်စင်ခြင်း ဖြစ်သည်။ High-efficiency particulate air(HEPA) filter ကို သုံးခြင်းဖြစ်သည်။ ယင်းသည်လေထုထဲရှိ အမှုန်အမွှား ၉၉ ဒသမ ၇ ရာခိုင်နှုန်းကို အိမ်တွင်းဝင်မလာနိုင်အောင် စစ်ထုတ်ပေးနိုင်သည်ဟု သိရသည်။ သယ်ဆောင်သွားနိုင်သော လေသန့်စက်ကလေးများသည် အခန်းတစ်ခုကို ကောင်းစွာသန့်စင်စေနိုင်သည်ဟု သိရသည်။

၇။ ငွေကြေးသက်သာစွာဖြင့် အိမ်တွင်းလေသန့်စေရန် အလွယ်ကူဆုံးနည်းမှာ ပြတင်းပေါက်များ ဖွင့်ထားခြင်းဖြစ်သည်။ အိမ်တွင်းလေထုညစ်ညမ်းမှုသည် ပြင်ပလေထုညစ်ညမ်းမှုထက် နှစ်ဆမှ ငါးဆအထိ များပြားကြောင်း သိရပါသည်။ ဓာတုဗေဒဆေးဝါးများဖြင့် အိမ်တွင်းလေထုသန့်စင်စေခြင်းတို့ကြောင့် မလိုလားအပ်သော ဆိုးကျိုးများ တွေ့ကြုံရတတ်ပါသည်။ ဓာတ်မတည့်ခြင်း၊ အသက်ရှူလမ်းကြောင်း ထိခိုက်ခြင်းများ ဖြစ်တတ်ပါသည်။ ထို့ကြောင့် အိမ်ပြတင်းပေါက်များကို ဖွင့်ထားခြင်းဖြင့် သဘာဝအတိုင်း လေဝင်၊ လေထွက်ကောင်းစေပါသည်။

၁၉၈၀ ပြည့်နှစ်နောက်ပိုင်း အမေရိကန်အာကာသလေ့လာရေး နာဆာအဖွဲ့ကြီးက အာကာသယာဉ်များမှာသာမက လူနေအိမ်များတွင်ပါ စိုက်ပျိုးနိုင်သည့် သစ်ပင်ပန်းပင်အချို့သည် နေအိမ်အတွင်းရှိ အငွေ့ပြန်အော်ဂဲနစ်ဒြပ်ပေါင်းများကို ဖယ်ရှားနိုင်ကြောင်း သိရပါသည်။ ထို့ကြောင့် မိမိတို့ နေအိမ်များတွင် အောက်ပါအပင်တို့ကို စိုက်ပျိုးထားနိုင်ကြပါသည်။

လီလီပန်း (လှပသောဂန္ဓမာပန်းမျိုး)၊ ယောက္ခမလျှာပန်း၊ ဒေစီပန်း၊ ရှားစောင်းလက်ပပ်ပင် စသည်တို့ကို အိမ်တွင်းသင့်တော်သလို စိုက်ပျိုးပေးထားပါ။ အဆိပ်အတောက်များကို စုပ်ယူဖယ်ရှားပေးနိုင်သည်ဟု သိရသည်။

၈။ အထူးသဖြင့် မီးဖိုချောင်သန့်ရှင်းရေးကို အလေးထားကြရန်ဖြစ်သည်။ အစားအစာများမှ ကိုဗစ်-၁၉ ကူးစက်နိုင်သည့် အထောက်အထား မတွေ့ရသေးဟု ဆိုသော်လည်း အစားအစာချက်ပြုတ်သည့် မီးဖိုချောင်နှင့် ပြင်ပမှဝယ်ယူလာသည့် ဟင်းချက်စရာတို့ကို ကောင်းစွာသန့်စင်စေခြင်းက မိသားစုတစ်ခုလုံး၏ ကျန်းမာရေးအတွက် အရေးကြီးလှပါသည်။ စားစရာများကို စိုက်ပျိုး၊ ထုတ်လုပ်သည့် နေရာများမှစတင်ကာ ဈေးများသို့ရောက်ရှိ ထိုမှတစ်ဆင့် ဝယ်ယူသယ်ဆောင်သည့် လမ်းကြောင်းတစ်လျှောက်မှာ ကျန်းမာရေးနှင့် ညီညွတ်နေရန် အရေးကြီးပါသည်။

အထူးသဖြင့် ကျွန်တော်တို့နိုင်ငံရှိ သား၊ ငါး၊ ဟင်းသီးဟင်းရွက် ရောင်းချသောဈေးအများစုသည် ကျန်းမာရေးအရ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့် ညီညွတ်မှု လွန်စွာအားနည်းသည်ကို အများသိရှိကြပြီးဖြစ်ပါသည်။ ထို့ကြောင့် ဈေးမှဝယ်လာသည့် ဟင်းချက်စရာများ မိမိအိမ်သို့ရောက်ရှိသည်နှင့် ကောင်းစွာသန့်စင်စေခြင်း၊ မီးဖိုချောင်ကို သန့်စင်စေခြင်း၊ ကောင်းစွာကိုင်တွယ် ချက်ပြုတ်ခြင်းစသည်တို့ လုပ်ဆောင်ရန်အရေးကြီးပါသည်။

၉။ မိမိအိမ်တွင် နေထိုင်မကောင်းသူတစ်ဦးဦးရှိပါက အိမ်တွင်းသန့်ရှင်းမှုကို ပိုဂရုစိုက်ရန် လိုပါသည်။ တစ်ကိုယ်ရေသုံးပစ္စည်းများ - ဥပမာ လက်ကိုင်ဖုန်းကို အမြဲသန့်စင်စေခြင်း၊ တံခါးလက်ကိုင်များ၊ ရေအိမ်တံခါးလက်ကိုင်များ၊ ရေဘုံဘိုင်လက်ကိုင်များ၊ မီးဖိုချောင်သုံးပစ္စည်းများစသည့် အများထိတွေ့ကိုင်တွယ်ရာနေရာများကို အမြဲသန့်စင်နေအောင် ဆောင်ရွက်ရပါမည်။ ဗက်တီးရီးယား၊ ဗိုင်းရပ်စ်ပိုးတို့သည် ထိုနေရာများတွင် ရက်အနည်းငယ်မှ ရက်သတ္တအနည်းငယ်အထိ ရှင်သန်နေတတ်ကြပါသည်။

၁၀။ မိမိအိမ်သုံး လေအေးပေးစက်ကိုလည်း မေ့မထားပါနှင့် သန့်စင်အောင် လုပ်ဖို့လိုပါသည်။

၁၁။ အိမ်တွင်းသို့မလိုအပ်ဘဲ အပြင်လူများ မဝင်လာစေသင့်ပါ။ အထူးသဖြင့် “အိမ်မလည်သင့်သည့်ကာလ” ဖြစ်ပါသည်။ ပြောဆိုစရာရှိပါက အိမ်အပြင်မှသာ ပြောဆိုသင့်ပါသည်။ အထူးသဖြင့် ရေသန့်ဘူးနှင့် အစားအစာသယ်ဆောင် ပေးလာသူများကို အိမ်အဝင်ပေါက်မှာသာ လဲလှယ်ယူဆောင်သင့်ပါသည်။ သယ်ဆောင်ဖြန့်ဖြူးသူတို့အနေဖြင့်လည်း နှာခေါင်းစည်းတပ်၊ လက်အိတ်ထူထူဝတ်၊ ရေသန့်ဘူးနှင့် စားစရာများကိုလည်း သန့်သန့်စင်စင် သယ်ဆောင်ပေးဖို့လိုပါသည်။

ထို့ကြောင့် မိမိတို့၏ နေအိမ်လေးများကို ကျန်းမာရေးနှင့်ညီသော အိမ်လေးများဖြစ်အောင် ဆောင်ရွက်ခြင်းဖြင့် Stay at home အချိန်ကာလတို့သည် များစွာအကျိုးရှိလာမည် ဖြစ်ပါသည်။

“Home is where the Heart is” နေအိမ်ကလေးများသည် မိမိတို့၏ အသည်းနှလုံးများ တည်ရာဖြစ်သည်ဟု ဆိုပါသည်။ အလားတူပင် “Home is where the Health is” နေအိမ်လေးများသည် ကျန်းမာရေးတည်ရာဖြစ်သည်ဟုလည်း ခေါ်ဆိုနိုင်ပေတော့မည်ဖြစ်ပါသည်။

**Stay at home ခေါ် မိမိအိမ်မှာသာ နေထိုင်ခြင်းသည် အလွန်အရေးပါပါသည်။ လူတစ်ယောက်အတွက် မိမိအိမ်မှာနေရသည့်အချိန် များစွာရှိလာပါမည်။ နေအိမ်သည် မိမိ၏အချိန်များစွာကို အသုံးပြုနေရသည့် နေရာဖြစ်လာပါမည်။ နေအိမ်ကြောင့် ကပ်ရောဂါမှ ကာကွယ်ပေးနိုင်ပါမည်။ ထို့ကြောင့် မိမိတို့နေအိမ်အတွက် ကျန်းမာရေးနှင့်အညီ သန့်ရှင်းနေအောင် ဆောင်ရွက်ပေးခြင်းသည် မိမိသာမက မိသားစု၊ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အကျိုးပြုနိုင်မည့် ဆောင်ရွက်မှု ဖြစ်လာပါသည်။ မိမိတို့နေအိမ်ကျန်းမာမှ မိမိတို့အားလုံးလည်း ကျန်းမာမည်ဖြစ်။**

**ကိုးကား-Create a healthier Home-Reader’s Digest September 2020**
**ကိုဗစ်နှင့် အခြားဗိုင်းရပ်စ်ပိုးများ(ဒေါက်တာဦးလှကြည်-ပြည်သူ့ကျန်းမာရေး)။**

## မြန်မြန်စစ်၊ မြန်မြန်သိ၊ မြန်မြန်ကုသ၊ မြန်မြန်ပျောက်



**မြန်မြန်ဆန်ဆန်နဲ့ မှန်မှန်ကန်ကန် စမ်းသပ်နိုင်တဲ့ test kit တွေကို သုံးပြီဆိုရင် ရောဂါပိုးရှိတာတွေ ပိုပြီးတော့ တွေ့လာမှာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မြန်စစ်လိုက်တဲ့အခါကျတော့ မြန်မြန်သိရတယ်။ အဲဒါကြောင့်လည်း စိတ်ဓာတ်မကျပါနဲ့။ ဒီလို မြန်မြန်သိရတဲ့အခါကျတော့ စောစောစီးစီး ကုသမှုပေးနိုင်တယ်။ ပျောက်နှုန်းကပိုပြီးတော့ ကောင်းလာမယ်။**

(Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၅:၃၀)နာရီ**

၁။ (၃၀-၉-၂၀၂၀) ရက်နေ့အတွက် **ဓာတ်ခွဲအတည်ပြုလူနာ (၉၄၆) ဦး**၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | တွံတေး | ၅၇ |
| | | မင်္ဂလာဒုံ *** | ၅၆ |
| | | ဒလ | ၅၆ |
| | | မြောက်ဥက္ကလာပ | ၅၄ |
| | | လှိုင်သာယာ | ၅၃ |
| | | ကျောက်တန်း | ၅၁ |
| | | ရွှေပြည်သာ | ၅၀ |
| | | အင်းစိန် | ၄၆ |
| | | ဗိုလ်တထောင် | ၄၆ |
| | | သာကေတ | ၂၈ |
| | | တောင်ဥက္ကလာပ | ၂၈ |
| | | လမ်းမတော် | ၂၀ |
| | | ဒဂုံဆိပ်ကမ်း | ၁၅ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၁၄ |
| | | မှော်ဘီ | ၁၄ |
| | | လှိုင် | ၁၃ |
| | | မရမ်းကုန်း | ၁၃ |
| | | သင်္ဃန်းကျွန်း | ၁၁ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၁ |
| | | သုံးခွ | ၁၀ |
| | | ဒေါပုံ | ၉ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၉ |
| | | ရန်ကင်း | ၉ |
| | | မင်္ဂလာတောင်ညွန့် | ၈ |
| | | ဒဂုံ | ၈ |
| | | လှည်းကူး | ၈ |
| | | သန်လျင် | ၈ |
| | | ဗဟန်း | ၇ |
| | | တာမွေ *** | ၇ |
| | | ကြည့်မြင်တိုင် *** | ၇ |
| | | ခရမ်း | ၆ |
| | | ပုဇွန်တောင် | ၅ |
| | | အလုံ | ၅ |
| | | ကော့မှူး | ၄ |
| | | ကျောက်တံတား | ၄ |
| | | စမ်းချောင်း | ၄ |
| | | ပန်းဘဲတန်း | ၄ |
| | | တိုက်ကြီး | ၄ |
| | | လသာ | ၄ |
| | | ကမာရွတ် | ၃ |
| | | စီစစ်ဆဲ | ၁၅ |
| | | စုစုပေါင်း | ၇၈၆ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | အောင်မြေသာစံ | ၃ |
| | | ပုသိမ်ကြီး | ၂ |
| | | မဟာအောင်မြေ | ၁ |
| | | ချမ်းမြသာစည် | ၁ |
| | | စုစုပေါင်း | ၇ |
| ၃။ | ကချင်ပြည်နယ် | မိုးညှင်း | ၃ |
| | | ဖားကန့် | ၂ |
| | | မြစ်ကြီးနား ** | ၁ |
| | | စုစုပေါင်း | ၆ |
| ၄။ | ရခိုင်ပြည်နယ် | စစ်တွေ | ၁၁ |
| | | ကျောက်ဖြူ | ၉ |
| | | ပေါက်တော | ၂ |
| | | တောင်ကုတ် | ၂ |
| | | မြေပုံ * | ၁ |
| | | စုစုပေါင်း | ၂၅ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ဝေါ | ၈ |
| | | ပဲခူး | ၃ |
| | | ရေတာရှည် | ၃ |
| | | ဖြူး | ၂ |
| | | ထန်းတပင် | ၂ |
| | | ဒိုက်ဦး * | ၁ |
| | | တောင်ငူ | ၁ |
| | | ရွှေတောင် | ၁ |
| | | စုစုပေါင်း | ၂၁ |
| ၆။ | ဧရာဝတီတိုင်းဒေသကြီး | မအူပင် | ၅၆ |
| | | ဖြောင်းမြ * | ၂ |
| | | လပွတ္တာ * | ၂ |
| | | ညောင်တုန်း | ၂ |
| | | ငပုတော * | ၂ |
| | | ကန်ကြီးထောင့် | ၁ |
| | | ပန်းတနော် | ၁ |
| | | မော်လမြိုင်ကျွန်း | ၁ |
| | | ဖျာပုံ * | ၁ |
| | | စုစုပေါင်း | ၆၈ |
| ၇။ | မွန်ပြည်နယ် | ဘီးလင်း | ၂ |
| | | မော်လမြိုင် * | ၁ |
| | | စုစုပေါင်း | ၃ |
| ၈။ | တနင်္သာရီတိုင်းဒေသကြီး | မြိတ် | ၄ |
| | | လောင်းလုံ | ၁ |
| | | စုစုပေါင်း | ၅ |
| ၉။ | ကရင်ပြည်နယ် | မြဝတီ | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၀။ | နေပြည်တော် | ဇမ္ဗူသီရိ | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၁။ | ရှမ်းပြည်နယ် (မြောက်ပိုင်း) | မူဆယ် | ၁ |
| | | စုစုပေါင်း | ၁ |
| ၁၂။ | ရှမ်းပြည်နယ် (တောင်ပိုင်း) | ပင်းတယ | ၁ |
| | | အောင်ပန်း | ၁ |
| | | ညောင်ရွှေ | ၁ |
| | | စုစုပေါင်း | ၃ |
| ၁၃။ | စစ်ကိုင်းတိုင်းဒေသကြီး | စစ်ကိုင်း | ၇ |
| | | ပုလဲ | ၇ |
| | | ကလေး | ၄ |
| | | မြောင် | ၁ |
| | | စုစုပေါင်း | ၁၉ |
| | (၃၀-၉-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၉၄၆) ဦး |

* မြို့နယ်များမှ အချို့သည် ရန်ကုန်တိုင်းဒေသကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသူများဖြစ်ပါသည်။

** မြစ်ကြီးနားမြို့နယ်မှ (၁) ဦးနှင့် မင်္ဂလာဒုံမြို့နယ်မှ (၂) ဦးသည် ပဲခူးတိုင်းဒေသကြီးတွင် အသွားအလာ ကန့်သတ်ထားရှိသူများဖြစ်ပါသည်။

*** မင်္ဂလာဒုံမြို့နယ်မှ(၁)ဦး၊ တာမွေမြို့နယ်မှ (၁) ဦးနှင့် ကြည့်မြင်တိုင်မြို့နယ်မှ (၁) ဦးတို့သည် တနင်္သာရီတိုင်းဒေသကြီးတွင် အသွားအလာကန့်သတ်ထားရှိသူများဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## အင်းစိန်မြို့နယ် လူမှုကူညီရေးအသင်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အထည် ၁၆၀၀ လှူဒါန်း



ရန်ကုန် အောက်တိုဘာ ၁

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်ရန် အင်းစိန်မြို့နယ်ရှိ Super Sunday လူမှုကူညီရေးအသင်းသို့ Isolation GOWN အထည် ၁၆၀၀ ပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂၉ ရက်တွင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် အောက်မင်္ဂလာဒုံလမ်း အင်းစိန်ဂျီတီအိုင် စောင့်ကြပ်ကြည့်ရှုရေးစခန်း၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးမှ တာဝန်ရှိသူတစ်ဦးက အင်းစိန်မြို့နယ် Super Sunday လူမှုကူညီရေးအသင်းအနေဖြင့် အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ် ၃၅ သိန်းတန်ဖိုးရှိ Isolation GOWN အထည် ၁၆၀၀ ကို ပေးအပ်လှူဒါန်းရာ Super Sunday လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ကိုသူရိန်ထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

Super Sunday လူမှုကူညီရေးအသင်းအနေဖြင့် အင်းစိန်မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် ယခု လှူဒါန်းလက်ခံရရှိခဲ့သော Isolation GOWN အထည် ၁၆၀၀ ကို မြို့နယ်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ပရဟိတလူမှုရေးအဖွဲ့များနှင့် လူမှုကူညီရေးအသင်းများအား အချိုးကျပြန်လည်ခွဲဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ကိုဗစ်-၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အောက်တိုဘာ ၁ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသခဲ့သည့် ကိုဗစ် – ၁၉ အကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။**

ထက်လှျံ

**အစီအစဉ်မှူး။** ။ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်မှာ မြန်မာနိုင်ငံမှာ စတင်တွေ့ရှိခဲ့တဲ့ ကိုဗစ် – ၁၉ ရဲ့ ကူးစက်ဖြစ်ပွားမှုက ပြည်သူတွေအနေနဲ့ သတိကြီးစွာထားပြီး နေထိုင်ရမယ့် အခြေအနေမှာ ရောက်ရှိနေပြီ ဖြစ်ပါတယ်။



### ပြောကြားဆွေးနွေး

ပြည်သူတွေအနေနဲ့ ကိုဗစ် – ၁၉ နဲ့ ပတ်သက်ပြီး သိချင်လို့ မေးမြန်းလာတဲ့ အကြောင်းအရာတွေကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ဖြစ်ပွားနေတဲ့ ကိုဗစ် – ၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနဲ့စပ်လျဉ်းပြီး လိုအပ်တာတွေကို အကြံပြုနိုင်ဖို့အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဖွဲ့စည်းပေးထားတဲ့ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြုအားဖြည့်ဆောင်ရွက်ရေးအဖွဲ့က ပါမောက္ခကြီးတွေ၊ သမားတော်ကြီးတွေက အွန်လိုင်းကနေတစ်ဆင့် ဖြေကြားဆွေးနွေးပေးနေတာဖြစ်ပါတယ်။

ဒီနေ့ရဲ့ မေးခွန်းများ မေးမြန်းဖြေကြားဆွေးနွေးမှု အစီအစဉ်မှာတော့ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြုအားဖြည့်ဆောင်ရွက်ရေးအဖွဲ့မှ အဖွဲ့ဝင်တွေဖြစ်ကြတဲ့ **ပါမောက္ခ ဒေါက်တာမြင့်ဟန်၊ ပါမောက္ခ ဒေါက်တာထင်အောင်စော**တို့နဲ့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ပါမောက္ခဒေါက်တာဇော်ဝေစိုးတို့က ပါဝင်ဆွေးနွေးပေးသွားကြမှာ ဖြစ်ပါတယ်။

ဆရာကြီးတို့အားလုံး မင်္ဂလာပါရှင်။ အရင်ဦးဆုံးအနေနဲ့ ဒီနေ့ရဲ့ အစီအစဉ်လေးမှာ ပါဝင်ဆွေးနွေးပေးကြတဲ့အတွက် ဆရာကြီးတို့ အားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်လို့ ပြောကြားလိုပါတယ်။ ဒါဆိုရင် ဒီနေ့ဆွေးနွေးမှုကို စတင်နိုင်ဖို့အတွက် ဆရာကြီး ဒေါက်တာ ဇော်ဝေစိုးက စတင်ပြီး ဆွေးနွေးပေးဖို့ ဖိတ်ခေါ်ပါတယ်။

**ပါမောက္ခဒေါက်တာဇော်ဝေစိုး။** ။ အားလုံးပဲ မင်္ဂလာပါ။

ဒီနေ့မေးမြန်းဖြေကြားတာတွေ လုပ်လာတာက ကျွန်တော်တို့က တတိယမြောက်အနေနဲ့ ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ ဒီမှာ ကျွန်တော့်အနေနဲ့ ရရှိထားတဲ့ မေးခွန်းတွေထဲက မေးခွန်းတချို့ကို ထုတ်နုတ်ပြောရရင် မေးခွန်း တော်တော်များများမှာ Positive နဲ့ Negative နဲ့ပတ်သက်တာတွေ၊ ကိုဗစ် Positive ဖြစ်ပြီး ဘာလက္ခဏာမှ မပြဘဲ၊ လူနာကမသိဘဲနေရင် ကိုဗစ်က သူ့အလိုလို Negative ဖြစ်သွားတာလား။ ဒါမှမဟုတ် Positive ပဲ အမြဲပြနေလားဆိုတဲ့ မေးခွန်းတွေရယ်။

နောက်တစ်ခုက ကျွန်တော်တို့ရဲ့ အခုသွားနေတဲ့ ဆေးရုံဆင်းတဲ့ Discharge Criteria ကို မေးထားတာ ဖြစ်ပါတယ်။ လူနာကို Swab ထပ်မစစ်ဘဲ၊ ဆေးဝါးကုသမှုမပေးဘဲ၊ ၁၁ ရက် ပြည့်တာနဲ့ အိမ်ပြန်လွှတ်တာ ဘာကြောင့်ပါလဲ။ ပြန်လွှတ်လိုက်တဲ့ လူနာဟာ Negative အဖြေထွက်လို့ မဟုတ်ဘဲ ဒီအတိုင်း ပြန်လွှတ်လိုက်တယ်ဆိုရင် အိမ်မှာ ကျန်နေတဲ့သူတွေအတွက် အန္တရာယ်မရှိဘူးလား။ ပိုးတွေ့လူနာကို ၁၁ ရက် ခေါ်ထားပြီး ဆေးဝါးကုသမှုမပေးဘဲ၊ ခံနိုင်ရည်စမ်းသပ်တာမျိုးများဖြစ်မနေဘူးလား ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းကို ဆရာကြီး ဦးမြင့်ဟန် ဖြေကြားပေးပါခင်ဗျာ။

**ပါမောက္ခဒေါက်တာဦးမြင့်ဟန်။** ။ ကျေးဇူးတင်ပါတယ်ဆရာ။ မေးခွန်းကို ရှင်းရှင်းလင်းလင်းနဲ့ တည့်တည့်မေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော် ဒီနေရာမှာ ကိုဗစ်ရောဂါရဲ့ သဘာဝလေးကို ဦးစွာတင်ပြလိုပါတယ်။ ရောဂါလက္ခဏာပျိုးတယ်။ ရောဂါရတယ်။ ရောဂါလက္ခဏာရပေမယ့်လည်း ရောဂါလက္ခဏာ ဆက်လက်မပြင်းထန်တဲ့ လူတွေရှိတယ်။ ဆက်လက်ပြင်းထန်တဲ့ သူတွေကလည်း အသည်းအသန် ကုသခန်းတွေမှာ ကုရတာရှိတယ်။ အသက်ရှူစက်တွေ တပ်ရတာရှိတယ်။ အခန့်မသင့်ရင် ရာခိုင်နှုန်းအနည်းငယ်က သေဆုံးတတ်ပါတယ်။

### ၁၀ ရက်နောက်ပိုင်း ကူးစက်နိုင်စွမ်းမရှိ

အဲဒီတော့ မေးခွန်းကို ကျွန်တော် တည့်တည့်ဖြေရရင် ဒီလူနာသည် Positive ဖြစ်တဲ့ လူနာဖြစ်မှာပါ။ ဒါကြောင့်မို့ ၁၀ ရက်/ ၁၁ ရက်ပေါ့နော် သူတို့ကို ပြန်လွှတ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ နောက်ပိုင်း၊ နောက်ပိုင်း တွေ့ရှိချက်တွေအရ ဒီ Swab Test အရ ပိုးတွေ့တယ်ဆိုတာက တွေ့ပြီးရင် ကျွန်တော်တို့ ၁၀ ရက်နောက်ပိုင်းမှာ ဒီလူနာသည် ပိုးဆက်လက်ရှိကောင်းရှိနိုင်ပေမယ့် သူ့ကိုလည်း အန္တရာယ်မပေးနိုင်တော့ဘူး၊ အခြားသူတွေကိုလည်း ဆက်လက်ပြီးတော့ ကူးစက်နိုင်စွမ်းမရှိတော့ဘူးလို့ နောက်ဆုံးတွေ့ရှိထားပါတယ်။

ဒါကြောင့်မို့ ဒီလူနာကို ရောဂါလက္ခဏာမရှိတဲ့လူနာကို ၁၁ ရက်မှာ ပြန်လွှတ်ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ဒီနေရာမှာ ရောဂါလက္ခဏာလည်းရှိတယ်၊ ပြင်းထန်တယ်ဆိုရင် ကျွန်တော်တို့ လက်ရှိအနေအထားမှာ သုံးပတ်အထိ စောင့်ကြည့်ပြီးမှ ရောဂါလက္ခဏာတွေ ကင်းစင်မှ ကျွန်တော်တို့ ကုသမှုပေးပြီးမှ ပြန်လွှတ်တာရှိပါတယ်။

ဒီတော့ ဒီလူနာကလည်း ပြန်သွားပြီးရင် ကျွန်တော်တို့ ရောဂါကူးစက်မှု မရှိတော့ဘူးလို့ ပြောနေပေမယ့် ကျွန်တော်တို့ ဆေးရုံဆင်းတဲ့အခါမှာ လိုက်နာဆောင်ရွက်ရမယ့် အချက်တွေကို ဆက်လက်ပြီး လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါတွေကလည်း ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ ဥပမာအားဖြင့် နောက်ထပ် အိမ်မှာနေရင်း တစ်ပတ် Mask ဆက်ပြီး တပ်ရတာမျိုး၊ လက်ဆေးရတာမျိုးစသဖြင့် ဒါမျိုးတွေရှိပါတယ်။ အဲဒီတော့ ပြန်ပြီးတော့ ကူးစက်နိုင်ခြေ Reinfection က အခုထက်ထိတော့ ကြိုးကြားကြိုးကြား Case Report တွေတော့ရှိပါတယ်။

ဒါတွေ အများစုက ကျန်းမာရေးဝန်ထမ်းတွေ ခွဲစိတ်တဲ့နေရာမှာ တချို့လက္ခဏာမပြဘဲနဲ့ Test မှာ ပြန်ပြီး Positive ပေါ်တာတွေ တွေ့ရတာရှိပေမယ့် ယေဘုယျအားဖြင့် နောက်ထပ် ကိုဗစ်လူနာနဲ့ ထပ်မံတွေ့ရှိတဲ့ အချိန်မှာတောင် သူ့မှာကူးစက်ဖို့ အခွင့်အလမ်းက အတော်နည်းပါးသွားတယ်လို့ ကျွန်တော့်အနေနဲ့ ဖြေကြားလိုပါတယ်ခင်ဗျာ။

**ပါမောက္ခဒေါက်တာဇော်ဝေစိုး။** ။ မှန်ပါတယ်ဆရာ။

မယ်ဆိုရင် ၁၀၀ ရာခိုင်နှုန်း သေချာတဲ့ ခုနက ဆရာကြီး ဦးမြင့်ဟန် ပြောသလို ကူးစက်မှု မဖြစ်နိုင်တဲ့ အနေအထားကို ဆိုလိုတာပါ။ ဒါကြောင့် ပြည်သူလူထုက နည်းနည်းလေးရှုပ်သွားတာပါ။ အရင်တုန်းကသွားတဲ့ Guideline နဲ့ အခု ကျွန်တော်တို့သွားတဲ့ Guideline က နည်းနည်းလေး ကွဲသွားတာဆိုတော့။

**ပါမောက္ခဒေါက်တာဦးမြင့်ဟန်။** ။ ဟုတ်ကဲ့ ခင်ဗျာ။

ကျွန်တော် တချို့မေးခွန်းလေးတွေကို ဆက်ပြီး

> **Isolation ဆိုတဲ့ Strategy နဲ့ Quarantine ဆိုတာတွေက ရည်ရွယ်ချက်ရှိရှိနဲ့ မိမိအတွက်သော်လည်းကောင်း၊ မိမိရဲ့ပတ်ဝန်းကျင်အတွက်သော်လည်းကောင်း၊ အဓိက သူတို့ရဲ့ လုံခြုံရေးအတွက် ကျွန်တော်တို့ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်တည်းသာမက ကျွန်တော့်အနေနဲ့ ဒါဟာ တစ်နိုင်ငံလုံးရဲ့ လုံခြုံရေးအတွက် ဆောင်ရွက်ခြင်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆ။**

ဘာလို့လဲဆိုတော့ အရင်တုန်းက ကျွန်တော်တို့ Strategy Guideline ကိုက ပထမဆေးရုံတက်တယ်။ ခုနက Swab ယူပြီး Negative ဖြစ်ပြီးတဲ့နောက်မှာ ကျွန်တော်တို့က နှစ်ပတ်/ သုံးပတ်ထားပြီးတော့ ဆေးရုံက ဆင်းပေးတာကနေ ဆေးရုံဆင်းတဲ့ ညွှန်ကြားချက်ကို ပြောင်းလိုက်ပါပြီ။ ဆရာ ပြောသလို ပါပဲ ဒါကတကယ့် Research and Evidence Based တခြားတိုင်းပြည်တွေက လေ့လာထားပြီးသား တွေ့ရှိချက်ကို အခြေခံပြီးတော့ ကျွန်တော်တို့ ဒါခုနက ၁၁ ရက်မြောက်မှာ ဆေးရုံက ဆင်းတာကို ခုနောက်ပိုင်းမှာ ဒါကို ကျင့်သုံးနေတာပါ။

### ဘာမှပြဿနာမရှိခဲ့

အဲဒါကို ကျင့်သုံးပြီး ယခုဆိုရင် ဆေးရုံဆင်းတဲ့ လူနာပေါင်း ၂၀၀၀ ကျော်ရှိပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီး ယခုထက်ထိ ကျွန်တော်တို့ ဘာမှ ပြဿနာမရှိခဲ့ပါဘူး။ ဒါ့အပြင် သေချာအောင်လို့ စောစောကပြောတဲ့ ၉၅ ရာခိုင်နှုန်း / ၉၉ ရာခိုင်နှုန်း ဒီဟာရှိပေမယ့် သေချာအောင်လို့ တစ်ပတ်လောက် အိမ်မှာ စနစ်တကျ ညွှန်ကြားချက်အတိုင်း နေလိုက်

ဖြေချင်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ ဘာမှမကုသဘဲ စောင့်ကြည့်ခံပြီး ပြန်လွှတ်ခံရတယ်ပေါ့နော်။ အဲဒါက လူနာအနေအထားပေါ် မူတည်ပါတယ်။ ကျွန်တော်တို့ လက်ရှိကျင့်သုံးနေတဲ့ နည်းဗျူဟာက Isolation ပေါ့လေ။ ဒါ Positive လူနာတွေကို Isolation ထားတယ်။ Quarantine ကိုတော့ Contact တွေကို ထိတွေ့ခဲ့သူတွေထားတယ်။

### အချိန်မရွေးကုသနိုင်ဖို့

ဒါတွေကိုထားတဲ့ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က အဆိုပါ ကူးစက်ခံထားရတဲ့ လူနာများ၊ ကူးစက်နိုင်ဖွယ်ရှိတဲ့ လူနာများကို ကျွန်တော်တို့က လိုအပ်ရင် အချိန်မရွေး ကုသနိုင်ဖို့အတွက်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထားရှိခြင်းဖြစ်ပါတယ်။ တချို့က ပြောကြပါတယ်။ Quarantine ဆိုတာ အကျယ်ချုပ်ချုပ်ထားတာလားပေါ့နော်။ အထူးသဖြင့် ရောဂါလက္ခဏာ မရှိတဲ့သူတွေအတွက်က သူတို့နည်းတူ ကျွန်တော်လည်း မျှဝေခံစားလို့ရပါတယ်။

ဒီနေရာမှာ ကျွန်တော် ပြောချင်တာက ရောဂါလက္ခဏာရှိပေမယ့် ပထမနှစ်ပတ်အတွင်းမှာ ရောဂါလက္ခဏာ ပေါ်တတ်ပါတယ်။ မထင်မှတ်ဘဲနဲ့ တချို့သော အသက်ကြီးတဲ့သူများ၊ ရောဂါအခံရှိသူများဆိုရင် မသိဘဲနဲ့ ဒီအသက်ရှူတဲ့နေရာမှာ အောက်စီဂျင်နည်းလာတာကို တွေ့ရတတ်ပါတယ်။ အဲဒီအချိန်တုန်းက တကယ်တန်းလိုအပ်တဲ့ ကုသမှုတွေရရှိစေဖို့ ကျွန်တော်တို့က စောင့်ကြပ်ကြည့်ရှုနေမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ကျွန်တော်တို့ Isolation ဆိုတဲ့ Strategy နဲ့ Quarantine ဆိုတာတွေက ရည်ရွယ်ချက်ရှိရှိနဲ့ မိမိအတွက်သော်လည်းကောင်း၊ မိမိရဲ့ ပတ်ဝန်းကျင်အတွက်သော်လည်းကောင်း၊ အဓိက သူတို့ရဲ့ လုံခြုံရေးအတွက် ကျွန်တော်တို့ ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်တည်းသာမက ကျွန်တော့်အနေနဲ့ ဒါဟာ တစ်နိုင်ငံလုံးရဲ့ လုံခြုံရေးအတွက် ဆောင်ရွက်ခြင်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါလေးကို ကျွန်တော် ဆက်လက်ပြီးတော့ တင်ပြဆွေးနွေးပါတယ်။

**ပါမောက္ခဒေါက်တာဇော်ဝေစိုး။** ။ ကျေးဇူးတင်ပါတယ်။

ဒီဟာက တကယ်တော့ အရေးကြီးပါတယ်။ အောက်ဆီဂျင် Level နည်းနည်းကျလာတာကို ကျွန်တော်တို့ စပြီးသိလိုက်ပြီဆိုတာနဲ့ စောစောစီးစီး ကုသမှုတွေ လုပ်လိုက်နိုင်ပါတယ်။ ဒီကိုဗစ်မှာ အရေးကြီးဆုံးက အောက်ဆီဂျင်ဆိုတော့ ဒါကြောင့်လည်း ယခု ကျွန်တော်တို့ ကုသရေးစင်တာတွေ အကုန်လုံးမှာ လူနာလေးဦးကို တစ်ခုနှုန်းနဲ့ ဒီအောက်ဆီဂျင်တိုင်းတဲ့ ကိရိယာကို ပေးထားပါတယ်။

### အမြန်ဆုံးသိရှိကုသနိုင်အောင်

ဒါကို တိုင်းပြီးတော့ ဒါလေးကို ကြည့်လိုက်တာနဲ့ အောက်ဆီဂျင် Level ကောင်းနေတယ်ဆိုရင် မစိုးရိမ်ရဘူး။ မကောင်းဘူးဆိုတာနဲ့ ဒါကို သတင်းပို့ပြီးတော့ သူ့ကို အမြန်ဆုံးသိရှိကုသနိုင်အောင် ကျွန်တော်တို့ ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ အမြန်ဆုံးသိရှိပြီး အမြန်ဆုံး ကုသမှုခံနိုင်ဖို့ လုပ်ထားတာဖြစ်တဲ့အတွက် ဒီလိုမျိုးဆေးရုံမှာ တင်ပြီးကုသခြင်းက တကယ်တော့ ဒါ အမြင့်ဆုံးစောင့်ရှောက်မှုကို ပေးထားခြင်းဖြစ်တယ်လို့ပြောရင် မှန်ပါတယ်ဆရာ။ ကျေးဇူးတင်ပါတယ် ဆရာ။

ကျွန်တော့်အနေနဲ့ ဆက်ပြီး ဒီမေးခွန်းတွေထဲကနေ ထုတ်နုတ်ပြီး မေးရရင် အဖေတွေ၊ အမေတွေ၊ အဘိုးတွေ၊ အဘွားတွေအတွက် မေးကြတဲ့ မေးခွန်းတစ်ခုပါ။ အသက် ၇၅ နှစ် ကျော်တဲ့ လူကြီးတွေကို ဘယ်လိုဆေးတွေ တိုက်လို့ရပါသလဲရှင်တဲ့။ အဖေကတော့ ဘာရောဂါမှ မရှိပါဘူးရှင့်။ အမေက ဆီးချို၊ သွေးတိုး အနည်းငယ်ရှိပါတယ်တဲ့။ ဆရာဖြေပေးပါ။

**ပါမောက္ခဒေါက်တာမြင့်ဟန်။** ။ ပြည်သူလူထုက ဒီအသက်ကြီးသူဆိုတာ ခြုံပြီးတော့ ပြောတာပါ။ အသက်အရွယ်ကြီးတဲ့သူတွေကလည်း ကျွန်တော်တို့နိုင်ငံမှာ ၁၀ ရာခိုင်နှုန်းလောက်ရှိတယ်။ ၁၀ ဦးမှာတစ်ဦး ရှိနေကြပါတယ်။ မိသားစုတွေထဲမှာ အနည်းနဲ့အများ ရှိနေကြပါတယ်။ ဒါပေမယ့် အသက်ကြီးတဲ့သူတိုင်း ကိုဗစ်ရောဂါ လွယ်လွယ်ကူကူရရှိနိုင်မှာ မဟုတ်ပါဘူး။

ကိုဗစ်ရောဂါသည် အသက်အရွယ်မရွေး၊ လူမျိုးအုပ်စု မရွေး၊ ဘာမှကို မရွေးဘဲနဲ့ သူက ကူးစက်နိုင်ပါတယ်။ ဒီတော့ ဒီနေရာမှာ သက်ကြီးရွယ်အိုအုပ်စုက

စာမျက်နှာ ၉ သို့ ❂

❂ စာမျက်နှာ ၈ မှ

အထူးသဖြင့် သက်ကြီးဖြစ်လို့ ကူးစက်ခြင်းခံရဖို့ သူများထက်အခွင့်အလမ်း မပိုပါဘူး။ ဒါပေမယ့် ကူးစက်ခံခဲ့ရရင် သူတို့က ရောဂါအခံရှိသူတွေကလည်း များကြပါတယ်။ အဲဒီတော့ ပိုပြီးပြင်းထန်တဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေ ဒါတွေကို ခံစားရဖို့ရှိပါတယ်။

**ကောင်းတဲ့အချက်**

ဒါကြောင့်မို့ နိုင်ငံရပ်ခြားမှာလည်း ကျွန်တော်တို့ကြည့်ရင် သက်ကြီးရွယ်အိုတွေ စုဝေးနေထိုင်တဲ့ Nursing Home တို့ ဒီလိုနေရာ Institution တွေမှာ သေပျောက်မှုနှုန်း အင်မတန်များပြားတာကို တွေ့ရပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ဆီမှာကတော့ ဒီလိုမျိုး အခုထက်ထိကြားရတာ မရှိသေးပါဘူး။ ဒါက ကောင်းတဲ့အချက်ပါ။ အဖေနဲ့ အမေ ပေါ့နော်၊ အသက် ၇၅ နှစ်ကျော်နေပြီ။ အဖေကတော့ ကျန်းမာတယ်။

ထိုနည်းတူစွာပဲ သက်ကြီးအုပ်စုဆိုတာ အသက် ၆၀ ကျော်တိုင်း မကျန်းမာတာ မဟုတ်ပါဘူး။ အသက် ၇၀/၈၀ အထိ ကျန်းကျန်းမာမာသွားလာနိုင်တဲ့ အုပ်စုရှိသလို၊ ရောဂါတွေနဲ့ သွားရေးလာရေးခက်ခဲသူတွေရှိသလို အိပ်ရာထဲမှာ လဲနေတဲ့အုပ်စုတွေလည်းရှိကြပါတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော်တို့က အသက်ကြီးတဲ့သူတိုင်း၊ စောစောက ရောဂါရှိတဲ့သူတိုင်း၊ မိမိတို့ရဲ့ အခြေခံရှိနေတဲ့ ရောဂါ။ ဥပမာအားဖြင့် မေးခွန်းရှင်မေးထားတဲ့ သွေးတိုးရောဂါ၊ ဆီးချိုရောဂါရှိတဲ့ အမေဆိုရင် ပိုပြီးဂရုစိုက်ရပါမယ်။

ဘာကိုဂရုစိုက်ရမလဲဆိုတော့ သွေးတိုးရောဂါကို သေသေချာချာ ဆေးနဲ့ သွေးပေါင်ကို ထိန်းထားမယ်ဆိုရင်၊ ဆီးချိုရောဂါ/ သွေးတိုးရောဂါကို ဆီးချိုသွေးကျဆေးတွေနဲ့ထိန်းထားနိုင်မယ်ဆိုရင် စောစောက ဖြစ်ပွားနိုင်တဲ့ နောက်ဆက်တွဲ ဆိုးကျိုးမျိုးတွေကို ကျွန်တော်တို့ ရှောင်သွားနိုင်မှာဖြစ်ပါတယ်။ ဒါက အရေးကြီးတဲ့ အချက်ပါပဲ။

**မိသားစုက ပံ့ပိုးဖို့လို့**

ဒါပေမယ့် အသက်ကြီးအုပ်စုတွေက အိပ်ရေးဝအောင်အိပ်၊ အာဟာရပြည့်အောင်စား၊ လေ့ကျင့်ခန်း မှန်မှန်လေးလုပ်၊ နောက်ဆိုရှယ်မီဒီယာတွေသုံးတာမှာ သတိထားဖို့ လိုပါတယ်။ မိမိရဲ့ပတ်ဝန်းကျင်၊ မိမိရဲ့ ဆွေမျိုးသားချင်းတွေနဲ့ အဆက်အသွယ် မပြတ်အောင်၊ ဘာဖြစ်လို့လဲဆိုတော့ Psychological Impact ပေါ့နော်၊ စိတ်ဝေဒနာ၊ စိတ်ပူပန်မှုတွေ များတတ်တယ်။ အဲဒါတွေ ဖြစ်တတ်တဲ့ အတွက် မိမိ မိသားစုကနေ အထူးသဖြင့် ပံ့ပိုးဖို့လိုပါတယ်။

ဒီနေရာမှာလည်း ကျွန်တော်တို့ ဆိုရှယ်မီဒီယာတွေသုံးတဲ့အခါမှာ ဆိုရှယ်မီဒီယာတွေက အထူးသဖြင့် ကိုဗစ်သတင်းတွေမှာ သေဆုံးတဲ့ ဦးရေ၊ ဖြစ်ပွားတဲ့ဦးရေ Positive ပေါ့လေ၊ ဒါတွေကိုပဲ ကြေညာကြတာများတော့ ဒါကိုပဲ အာရုံစိုက်မိပါတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ အကုန်လုံးပေါ့နော်၊ ဒီဟာတွေကြည့်တဲ့အခါမှာ ပြန်လည်ကောင်းမွန်ပြီး ဆင်းသွားတဲ့ လူနာတွေလည်း အများအပြားရှိပါတယ်။ ဒီဟာလေးတွေကိုလည်း ထည့်သွင်းစဉ်းစားချင့်ချိန်နိုင်ဖို့ ဖြစ်ပါတယ်။

ဆီးချိုရောဂါ ရှိတယ်၊ ဆေးရုံ တက်တယ်၊ ကိုဗစ်ရောဂါဖြစ်တယ်။ ကိုဗစ်ရောဂါ ကိုယ်တိုင်က သွေးအချိုဓာတ်ကို တက်စေပါတယ်။ ဒါတွေလည်း တွေ့ရှိရတဲ့ တွေ့ရှိချက်တွေရှိပါတယ်။ ထို့နည်းတူစွာ မိမိရဲ့သွေးအချိုက မထိန်းသိမ်းနိုင်ရင် ဒီသွေးချိုရောဂါကုသတဲ့ Dexamethasone လို ဆေးမျိုးတွေက သွေးချိုကို ထိန်းမနိုင်၊ သိမ်းမရဖြစ်အောင် များပြားတဲ့အတွက် အသည်းအသန် ကုသရတာတွေရှိပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ ဆေးလိပ်သောက်တဲ့သူတွေ၊ အဆုတ်ပွတဲ့ရောဂါရှိတဲ့သူတွေမှာလည်း ဒီအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်တဲ့အတွက် ကျွန်တော်တို့ အသက်ရှူစက်တင်ရတာ၊ ဆောင်ရွက်ရတာတွေ ရှိပါတယ်။ အဲဒါကြောင့်မို့ ကျွန်တော်တို့ သေဆုံးမှုနှုန်းက မြင့်မားရခြင်းဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့က ကြိုတင်သိထားပြီးတော့ ဆင်ခြင်နိုင်ဖို့ ဖြစ်ပါတယ်။

အခုက သက်ကြီးရွယ်အိုတွေက အခုဆို Stay at Home ပေါ့နော်၊ အိမ်မှာနေတဲ့ ကာလ အတော်ကြာကြာပါပြီ၊ ခြောက်လကျော်/ခုနစ်လ စသဖြင့် ရှိလာပါပြီ။ ရှိလာတဲ့အတွက် သူတို့အနေနဲ့ အပြင်ကို တိုက်ရိုက်ထိတွေ့ ဆက်ဆံရမှုမရှိပေမယ့်လည်း အိမ်မှာ အလုပ်သွားနေရတဲ့ မိသားစုက အင်မတန်အရေးကြီးပါတယ်။ အထူးသဖြင့် နေမကောင်းတဲ့ အဘိုး၊ အဘွား၊ မိဘတွေကို ပြုစုစောင့်ရှောက်ရတဲ့ သူတွေအတွက်တော့ ဒီအနီးကပ်ပြုစုစောင့်ရှောက်ရတဲ့နေရာမှာ ဒီကာကွယ်မှုတွေကို အတိအကျပြုလုပ်ဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းချင်ပါတယ်။

**အသက်ကြီးအုပ်စုတွေက အိပ်ရေးဝအောင်အိပ်၊ အာဟာရပြည့်အောင်စား၊ လေ့ကျင့်ခန်း မှန်မှန်လေးလုပ်၊ နောက် ဆိုရှယ်မီဒီယာတွေသုံးတာမှာ သတိထားဖို့လိုပါတယ်။ မိမိရဲ့ ပတ်ဝန်းကျင်၊ မိမိရဲ့ဆွေမျိုးသားချင်းတွေနဲ့ အဆက်အသွယ်မပြတ်အောင်၊ ဘာဖြစ်လို့လဲ ဆိုတော့ Psychological Impact ပေါ့နော်၊ စိတ်ဝေဒနာ၊ စိတ်ပူပန်မှုတွေ များတတ်တယ်။ အဲဒါတွေ ဖြစ်တတ်တဲ့အတွက် မိမိ မိသားစုကနေ အထူးသဖြင့် ပံ့ပိုးဖို့လို။**

ဒီနေရာမှာ ဆက်စပ်လို့ပါ ကျွန်တော်တို့ အနံ့ပျောက်တဲ့ လူနာတွေရဲ့ ၆၅ ရာခိုင်နှုန်း/ ၇၀ ရာခိုင်နှုန်းက ဒီ Positive ဖြစ်ဖို့ကို တွေ့ရှိထားရပါတယ်။ အဲဒီတော့ မိမိမှာ အနံ့ပျောက်နေရင် မိမိရဲ့အသက်ကြီးပုဂ္ဂိုလ်တွေကို ပြုစုစောင့်ရှောက်တဲ့အခါမှာဆိုရင် မိမိသည် Positive ဖြစ်နေတယ်လို့ ခံယူပြီးတော့ မိသားစုကိုပြုစုဖို့ လိုအပ်ပါတယ်။

**အားဆေးလည်းသောက်သုံး**

နောက်ပြီးတော့ အနံ့ပျောက်နေတဲ့သူတွေအတွက် ကျွန်တော်တို့ ညွှန်ကြားချက်တွေ ထပ်ပြီးတော့ လာတာတွေကို တွေ့ရပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ ဆေးဝါးမှာ ပထမတင်ပြမှုပါတဲ့ ဆီးချိုဆေး၊ သွေးတိုးဆေး၊ သွေးပေါင်ချိန်ကိုလည်း မိမိအိမ်မှာချိန်ပြီး မိမိနဲ့ဆက်သွယ်ကုသနိုင်တဲ့ ဆရာဝန်ပေါ့နော်၊ ကုသနေကျ ဆရာဝန်နဲ့တိုင်ပင်ပြီး ဒီဆေးတွေမပြတ်ဖို့ လိုအပ်သလို နောက်ပုံမှန်သောက်သုံးနေကြ အားဆေးတွေလည်း ကျွန်တော်တို့ သောက်သုံးနိုင်ပါတယ်။

ဒီနေရာမှာ ကျွန်တော်တို့ သက်ကြီးပုဂ္ဂိုလ်တွေအတွက်က အိမ်မှာနေတာ ကြာလာတဲ့အတွက် ဘာဖြစ်လာနိုင်လဲဆိုရင် ဗီတာမင်-ဒီ ချို့တဲ့တာတွေ နဂိုကတည်းကရှိတဲ့အတွက် ဗီတာမင်-ဒီဓာတ် ချို့တဲ့လာတတ်ပါတယ်။ အဲဒီတော့ ဗီတာမင်-ဒီ ကိုလည်း သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းအတိုင်း ဒါကို သောက်သုံးလို့ရပါတယ်။ ဗီတာမင်ဓာတ်တွေဟာ Immune System ကိုယ်ခံအားကို ကောင်းနိုင်တယ်။ ကိုယ်ခံစွမ်းအားကို ကောင်းစေတာကတော့ ကျွန်တော်တို့ဆေးပညာသဘောအရ လက်ခံထားပြီး ဖြစ်ပါတယ်။

ဒါပေမယ့် လိုအပ်တာထက် ပိုပြီးတော့ သောက်သုံးရင် နောက်ဆက်တွဲ ဆိုးကျိုးတွေ ခံစားရနိုင်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒါတွေကိုသောက်ရင်လည်း Short Term ပေါ့နော်၊ ရေတိုအနေနဲ့ သောက်သင့်ပြီး မိမိရဲ့ ဆရာဝန်နဲ့ တိုင်ပင်ပြီးတော့မှ ဒါတွေသောက်သင့်ပါတယ်။

ဗီတာမင်-စီဓာတ်သည် ကိုယ်ခံစွမ်းအားအတွက် ကောင်းတာမှန်ပါတယ်။ ကိုဗစ်ကိုကုသရာမှာတော့ ကုသနိုင်တဲ့ စွမ်းရည်မရှိပါဘူး။ အဲဒါလေးကို ကျွန်တော်ပြောချင်ပါတယ်။

နောက်ပြီးတော့ ဒီဆေးတွေကို သောက်ကို သောက်ရမယ်ဆိုတဲ့ ခိုင်မာတဲ့ကုထုံးအနေနဲ့ လမ်းညွှန်ချက်တွေ အခုထက်ထိမရှိသေးပါဘူး။ ဒါတွေက သူတို့ Study တွေ လုပ်နေတဲ့ အနေအထားမှာပဲ ရှိပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ အားလုံးအတွက် အကောင်းဆုံးဖြစ်တဲ့ လေးမျိုးစပ်ဆေးလေးကို ပြောကြားချင်ပါတယ်။

ကျွန်တော်တို့ လေးမျိုးစပ်ဆေးက (၁) Mask တပ်ရမယ်။ (၂) လက်ဆေးရမယ်။ (၃) အိမ်မှာနေမယ်။ (၄) ခပ်ဝေးဝေးလေး နေကြပါမယ်။ ဒီလေးမျိုးစပ်ဆေးကတော့ အခုအချိန်ကာလမှာ အားလုံးအတွက် အကောင်းဆုံးသော ဆေးဝါးဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ညွှန်ပြပါရစေ။

**ပါမောက္ခဒေါက်တာဇော်ဝေစိုး။** ။ ဆရာ့ဆေးက သောက်လို့တော့မရဘူး၊ လိုက်နာရမှာ ဖြစ်ပါတယ်။ ယခုလို ကျစ်ကျစ်လျစ်လျစ် နေရာတိုင်းကို ထိန်းထားတာဟာ ဒီပိုးတွေမွှားတွေအတွက် ထိန်းထားတာဆိုတော့ ကျေးဇူးတင်ပါတယ်ဆရာ။

ဆရာကြီး ဦးထင်အောင်စောအတွက် မေးခွန်းတွေ လိုက်ရှာထားပါတယ်။ ကူးစက်ရောဂါတွေနဲ့ပတ်သက်တဲ့ မေးခွန်းတွေ ပါပါတယ်ဆရာ။ HIV တွေ၊ TB တွေနဲ့ လူနာတွေက ကိုဗစ်နဲ့ တွဲသွားရင် ဘယ်လိုမျိုးများအကျိုးသက်ရောက်မှု ဖြစ်နိုင်သလဲ။ ဘာတွေခံစားရနိုင်သလဲ။ ဒါတွေနဲ့ပတ်သက်ပြီး စိုးရိမ်မှုတွေလည်းရှိနေတော့ ဒီမေးခွန်းတွေနဲ့ ပတ်သက်၍ ဆရာခြုံငုံပြီး ဖြေပေးမယ်ဆိုရင် အများကြီး ကျွန်တော်တို့အတွက် တန်ဖိုးရှိမှာဖြစ်ပါတယ်။

**ပါမောက္ခဒေါက်တာထင်အောင်စော။** ။ ကိုဗစ်နဲ့ပတ်သက်လို့ လူတွေက စိတ်ပူကြတာက ရောဂါအခံရှိရင် ကိုဗစ်ရောဂါကပိုပြီးတော့ ပြင်းထန်တယ်၊ အသက်ဆုံးရှုံးဖို့လည်းများတယ်ဆိုပြီး အကြမ်းအားဖြင့် နားလည်ထားကြပါတယ်။ သို့သော်လည်း ရောဂါအခံအကုန်လုံးကို ပြောတာ မဟုတ်ပါဘူး။

**ကိုယ်ခံအားကျတာနဲ့တွဲမြင်**

ဒါနဲ့ပတ်သက်တဲ့ သုတေသနတွေကို နိုင်ငံတကာမှာ လုပ်ထားတာရှိပါတယ်။ HIV ရောဂါကို လူတွေက စဉ်းစားကြရင် ကိုယ်ခံအားကျတာနဲ့တွဲပြီး မြင်လေ့ရှိကြပါတယ်။ သို့သော်လည်း HIV ရောဂါပိုးရှိတဲ့သူ မြန်မာပြည်မှာ နှစ်သိန်းဝန်းကျင်လောက်ရှိမယ်ဆိုရင် အများစုကအခုအချိန်မှာ ART ဆေးသောက်နေပါပြီ။

ဒီလို ဆေးသောက်နေတဲ့အတွက် သူတို့တွေရဲ့ ကိုယ်ခံအားတွေက ကောင်းနေပါပြီ။ CD4 ကောင်းတဲ့သူ အများစုဖြစ်နေပြီး ပိုးကောင်ရေက ထိန်းထားနိုင်တဲ့ လူတွေ အများကြီးဖြစ်နေပါပြီ။ ဒီလူတွေဟာ သာမန်လူနဲ့အတူတူ ကိုယ်ခံအားရှိနေပါပြီ။ ဒါကြောင့် သူတို့တွေသည် အခြား HIV ပိုးမရှိတဲ့သူတွေထက် ပိုပြီးကိုဗစ်ရောဂါကို ခံစားရမယ်ဆိုတာ မဟုတ်ပါဘူး။

တီဘီရောဂါသည်လည်း အခုလောလောဆယ်ဖြစ်နေတာဖြစ်စေ၊ ယခင်က တီဘီဖြစ်ခဲ့ဖူးသည်ဖြစ်စေ တီဘီဖြစ်ဖူးတဲ့အတွက်ကြောင့် ကိုယ်ခံအားကျပြီး ကိုဗစ်ပိုမိုပြင်းထန်တယ်ဆိုတာ မဟုတ်ပါဘူး။ ရောဂါအခံရှိတယ်ဆိုတဲ့ ရောဂါတွေက ဆရာဦးမြင့်ဟန်လည်း ဆွေးနွေးသွားပါတယ်။

ဆီးချိုရောဂါတို့၊ ကျောက်ကပ်ရောဂါလို၊ နှလုံးရောဂါလို၊ နာတာရှည်အဆုတ်ပွ၊ အဆုတ်ပြွန်ရောင် ရောဂါရှိတဲ့သူမျိုး ဒီလိုမျိုး သူတွေသာလျှင် အဓိကအားဖြင့် ကိုဗစ်ရောဂါဖြစ်ရင် ရောဂါအခံရှိတယ်။ သို့သော် အဲဒီလို ရောဂါမျိုးလည်းရှိတယ်၊ မထိန်းထားနိုင်ဘူးဆိုရင် သူတို့တွေမှာတော့ ကိုဗစ်ကြောင့် ပိုပြီး အသက်ဆုံးရှုံးနိုင်တာရှိပါတယ်။

**ပါမောက္ခဒေါက်တာဇော်ဝေစိုး။** ။ ကျေးဇူးတင်ပါတယ်ဆရာ။ ဒါတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့က စိုးရိမ်တာတွေ ရှိပါတယ်။ ကျွန်တော်ထင်ပါတယ်၊ ပြည်သူလူထုကလည်း ဒါကို စိုးရိမ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အသက်ကြီးတဲ့သူတွေ၊ ရောဂါအခံရှိတဲ့သူတွေရဲ့ သေဆုံးနှုန်းက များနိုင်တယ်။

အခုလည်း ကျွန်တော်တို့နိုင်ငံရဲ့ သေဆုံးနှုန်းက ဒါတွေနဲ့ ဆက်စပ်နေတာဆိုတော့ ဒါတွေလျှော့ချနိုင်ဖို့အတွက် ကျွန်တော်တို့ အခုအနေအထားအရ ဒီလူတွေက ကျန်းမာရေးပြုစုစောင့်ရှောက်မှုတွေလည်း လိုအပ်နေတဲ့သူတွေဆိုတော့ သူတို့လိုအပ်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကို စဉ်ဆက်မပြတ်ပေးနိုင်မှသာလျှင် ဒီဟာတွေက လျော့ကျသွားမယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဆရာတို့အနေနဲ့ ဘယ်လိုတွေလုပ်သင့်သလဲဆိုတာ အကြံပြုဆွေးနွေးပေးစေလိုပါတယ်။

**ပါမောက္ခဒေါက်တာထင်အောင်စော။** ။ကျေးဇူးတင်ပါတယ်ဆရာ။ ဆရာပြောသလို Co-morbid ဖြစ်တဲ့သူတွေမှာ ရောဂါပိုးဖြစ်တဲ့နှုန်း၊ သေပျောက်တဲ့နှုန်းပိုများပါတယ်။ ဘာဖြစ်လို့ဖြစ်ရသလဲဆိုတော့ ဒီလိုရောဂါပိုးဖြစ်တဲ့သူတိုင်း၊ အဆုတ်ရောဂါ၊ ဆီးချိုရောဂါဖြစ်တဲ့သူတိုင်း၊ နှလုံးရောဂါဖြစ်တဲ့ သူတိုင်းဟာ Co-morbid ဖြစ်လို့ ပိုပြီးအသေစောရမယ် မဟုတ်ပါဘူး။

ဒီရောဂါတွေကို ထိန်းမထားနိုင်တဲ့ အခြေအနေမှာဆိုရင် ပိုပြီးသေဆုံးမှုများပါလိမ့်မယ်။ ဒီလိုထိန်းမထားနိုင်ဘူးဆိုတာက အကြောင်းအမျိုးမျိုးရှိနိုင်ပါတယ်။ လောလောဆယ်မှာ ကိုဗစ်ဖြစ်နေတဲ့အတွက် လူတွေက ခရီးသွားလို့လည်း မရပါဘူး။ အပြင်တွေ သွားရတာလည်း ခက်နေပါတယ်။ ဆေးရုံ / ဆေးခန်းတွေကလည်း ပိတ်တာတွေများနေပါတယ်။ ဒီလိုပိတ်တာတွေများတဲ့အတွက် ပြည်သူလူထုမှာ ကျန်းမာရေးစောင့်ရှောက်မှု အထူးသဖြင့် ပဏာမကျန်းမာရေး စောင့်ရှောက်မှုရရှိဖို့ အားနည်းသွားကြပါတယ်။

ဒီအတွက် သူတို့တွေသည် ဆီးချိုကို ကောင်းကောင်းထိန်းနိုင်လား ဆိုတာကိုလည်း မစစ်ဖြစ်တော့ပါဘူး။ သွေးတိုး၊ နှလုံး၊ ကျောက်ကပ်တွေကိုလည်း မစစ်ဖြစ်တဲ့အခါကျတော့ အချို့သောသူတွေမှာ ရောဂါတွေက မသိဘဲနဲ့ကို ပိုဆိုးလာတာဖြစ်ပါတယ်။ သူတို့တွေကိုယ်တိုင်ကလည်း ဖြစ်ပေါ်လာတဲ့ အခြေအနေကို တိုင်ပင်စရာ ဆရာဝန် အခက်အခဲဖြစ်လာပါတယ်။ ဒီလိုမျိုးအခြေအနေကို ကျော်လွှားနိုင်ဖို့ဆိုရင် ပြည်သူတွေဘက်ကရော၊ ကျွန်တော်တို့ ဘက်ကရော ပြင်ဆင်ဖို့၊ ပြုပြင်ဖို့ လိုပါတယ်။

ကျွန်တော်တို့ရဲ့ GP တွေ၊ Private Sector တွေ၊ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေက ပြန်လည်ပြီး အလုပ်လုပ်နိုင်ဖို့ လိုပါတယ်။ ဒါမှသာလျှင် ပြည်သူတွေအနေနဲ့က သူတို့ရဲ့ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိနိုင်မှာဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့လည်း မိမိရဲ့ ကျန်းမာရေးအခြေအနေကို ပုံမှန်စစ်ဆေးနေဖို့ လိုပါတယ်။ ဆေးတွေ မှန်မှန်သောက်နေဖို့ လိုပါတယ်။ လိုအပ်ရင်လည်း ဆရာဝန်ကို ဆက်သွယ်ဖို့ လိုအပ်ပါတယ်။

**ဖုန်းနဲ့လှမ်းပြီးဆွေးနွေး**

လက်ရှိမှာ အချို့သော ဆရာဝန်တွေ၊ အချို့သောဌာနတွေဟာ တယ်လီဖုန်းနဲ့ ဆက်သွယ်တဲ့ နည်းစနစ်တွေ ပြုလုပ်နေပါတယ်။ Tele-medicine ပေါ့။ တယ်လီဖုန်းနဲ့ လှမ်းပြီး ဆွေးနွေးနေတာရှိပါတယ်။ ကျွန်တော်တို့ဘက်ကလည်း ဒီလိုမျိုးလုပ်ငန်းတွေကို လုပ်ပေးရပါမယ်။ တစ်ချိန်တည်းမှာ အခြားသော ဆေးရုံဆေးခန်းတွေကိုလည်း ပြန်ဖွင့်ခြင်းအားဖြင့် ပြည်သူတွေဟာ မိမိတို့ရဲ့ ကျန်းမာရေးအခြေအနေကို ကောင်းအောင် လုပ်ထားနိုင်မယ်။

အခုလောလောဆယ် အသေအပျောက်များရတဲ့အကြောင်းရင်းကတော့ တစ်ခုခုဆိုရင် ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါ ရှိတဲ့သူတွေဟာ သေချာမထိန်းထားနိုင်ဘဲနဲ့ နေမကောင်းဖြစ်တဲ့အခါ ကိုဗစ်ရောဂါဖြစ်မှာစိုးလို့ စိတ်ပူလို့ သော်လည်းကောင်း ဆေးရုံကို တော်ရုံတန်ရုံ မသွားရဲဘူး။ ဆေးရုံရောက်သွားတဲ့အချိန်က နောက်ကျနေပြီ။ ရောဂါကျွမ်းနေပြီ။ အဲဒီအခါကျတော့မှ ဆေးရုံရောက်ပြီး သိပ်မကြာခင်၊ ဆေးကုသမှု အပြည့်အဝမရခင်မှာ အသက်ဆုံးရှုံး ရတာတွေ ဖြစ်ပါတယ်။

**ပါမောက္ခဒေါက်တာဇော်ဝေစိုး။** ။ ကျေးဇူးတင်ပါတယ်ဆရာ။ ဒါနဲ့ပတ်သက်ပြီး ဆရာကြီး ဦးမြင့်ဟန်ကရော ထပ်ပြီးဆွေးနွေးပေးပါဦး ဆရာ။

**ပါမောက္ခဒေါက်တာမြင့်ဟန်။** ။ ပထမဦးဆုံး ဆရာဦးထင်အောင်စောပြောတာကို ထောက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ရဲ့ ပုဂ္ဂလိက ဆေးရုံ/ဆေးခန်းတွေ ပုံမှန်လည်ပတ်နိုင်မှသာ ကျွန်တော်တို့ရဲ့ လူနာတွေ၊ လူနာတွေဆိုတာ ကိုဗစ်လူနာတွေလည်း ရှိပါတယ်။ ကိုဗစ် မဟုတ်တဲ့လူနာတွေလည်း ရှိပါတယ်။ ဒါက လွယ်လွယ်ကူကူနဲ့ ပြန်ပြီး ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ပုဂ္ဂလိကဆေးရုံတွေမှာ အဓိက အခက်အခဲက Test မလုပ်နိုင်သေးတဲ့ အခြေအနေတစ်ရပ်ဖြစ်ပါတယ်။ ဒီဟာကလည်း Test Kit တွေပေါ်လာပြီ။ ပိုပြီးကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်မယ်ဆိုရင် ပုဂ္ဂလိကကဏ္ဍကလည်း ပုဂ္ဂလိကဆေးရုံတွေပေမယ့် တစ်တပ်တစ်အားပါဝင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပုံမှန်အခြေအနေပြန်ရောက်ဖို့ ကြိုးစားရပါမယ်။ ဒါက တစ်ချက်ပါ။

နောက်တစ်ချက်က ကျန်းမာရေးဝန်ထမ်းတွေ မပြိုလဲမှ၊ သူတို့ ရေရှည်ဒီတိုက်ပွဲကို ဆင်နွှဲနိုင်မှ၊ စစ်မပန်းမှ ဆရာခုနမေးတဲ့ သေဆုံးမှုနှုန်းကျသွားဖို့ ဖြစ်နိုင်မှာပါ။ ကျန်းမာရေးဝန်ထမ်းတွေက လက်ရှိအခြေအနေမှာ အသည်းအသန်လူနာတွေကို ကုသစောင့်ရှောက်နိုင်တဲ့ အခွင့်အလမ်းက အရင်လို မရတော့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကို ကျွန်တော့်အနေနဲ့ ကျန်းမာရေးဝန်ထမ်းတွေ ဒီထက်ပိုပြီး Quality Care ပေးနိုင်အောင် ကျွန်တော်တို့ ကျန်းမာရေးဝန်ထမ်းတွေ အင်အားတောင့်ဖို့လိုပါတယ်။ သူတို့နေကောင်းနေဖို့လိုပါတယ်။ သူတို့ရဲ့လုပ်ရမယ့် အလုပ်ပမာဏက Focus လုပ်ရမယ့် အုပ်စုကိုပဲ သေသေချာချာအာရုံစူးစိုက်ပြီး လုပ်နိုင်မယ်ဆိုရင် သေဆုံးမှုနှုန်းတွေ ကျဆင်းလာမှာဖြစ်ပါတယ်။

စာမျက်နှာ ၁၀ သို့ ❂

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၀၁၀ ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၄၃၈၃ ဦး ရှိသွားပြီ

နေပြည်တော် အောက်တိုဘာ ၁

စက်တင်ဘာ ၃၀ ရက် ည ၈ နာရီမှ အောက်တိုဘာ ၁ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ ၅၃၅၂ ခုအား စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၁၀၁၀ ထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၄၃၈၃ ဦးရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၄၃၈၃ ဦးအနက် သေဆုံးသူ ၃၂၀ ဦးနှင့် ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၄၁၅၆ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ယနေ့ စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာပေါင်း - ၅၃၅၂

| ယနေ့ ပိုးတွေ့လူနာအသစ် | ယနေ့ သေဆုံးလူနာအသစ် | ယနေ့ ဆေးရုံမှ ဆင်းခွင့်ရသူ |
|---|---|---|
| ၁၀၁၀ | ၁၁ | ၄၀၁ |

စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း - ၃၀၁၃၉၃

| ပိုးတွေ့လူနာ စုစုပေါင်း | သေဆုံးလူနာ စုစုပေါင်း | ဆေးရုံမှဆင်းခွင့်ရသူ စုစုပေါင်း |
|---|---|---|
| ၁၄၃၈၃ | ၃၂၀ | ၄၁၅၆ |

✤ [illegible]

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန　　၁-၁၀-၂၀၂၀ရက် ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၄၅၃၀၂၄ | ၄၇၀၁၂၄၄ | ၂၁၁၈၃၃ |
| ၂။ | အိန္ဒိယ | ၆၃၂၃၂၄၇ | ၅၂၈၀၂၀၄ | ၉၈၈၂၂ |
| ၃။ | ဘရာဇီး | ၄၈၁၃၅၈၆ | ၄၁၈၀၃၇၆ | ၁၄၃၉၆၂ |
| ၄။ | ရုရှား | ၁၁၈၅၂၃၁ | ၉၆၄၂၄၂ | ၂၀၈၉၁ |
| ၅။ | ကိုလံဘီယာ | ၈၂၉၆၇၉ | ၇၄၃၆၅၃ | ၂၅၉၈၈ |
| ၆။ | ပီရူး | ၈၁၄၈၂၉ | ၆၈၃၈၁၅ | ၃၂၄၆၃ |
| ၇။ | စပိန် | ၇၆၉၁၈၈ | စိစစ်ဆဲ | ၃၁၇၉၁ |
| ၈။ | အာဂျင်တီးနား | ၇၅၁၀၀၁ | ၅၉၄၆၄၅ | ၁၆၉၃၇ |
| ၉။ | မက္ကဆီကို | ၇၄၃၂၁၆ | ၅၃၃၈၈၆ | ၇၇၆၄၆ |
| ၁၀။ | တောင်အာဖရိက | ၆၇၄၃၃၉ | ၆၀၈၁၁၂ | ၁၆၇၃၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၃၁၄၀၇၉ | ၂၅၄၂၂၃ | ၅၅၆၂ |
| ၂။ | အင်ဒိုနီးရှား | ၂၉၁၁၈၂ | ၂၁၈၄၈၇ | ၁၀၈၅၆ |
| ၃။ | စင်ကာပူ | ၅၇၇၈၆ | ၅၇၄၈၈ | ၂၇ |
| ၄။ | မြန်မာ | ၁၄၃၈၃ | ၄၁၅၆ | ၃၂၀ |
| ၅။ | မလေးရှား | ၁၁၄၈၄ | ၁၀၀၁၄ | ၁၃၆ |
| ၆။ | ထိုင်း | ၃၅၆၉ | ၃၃၇၉ | ၅၉ |
| ၇။ | ဗီယက်နမ် | ၁၀၉၅ | ၁၀၁၀ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၇၇ | ၂၇၅ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၆ | ၁၄၂ | ၃ |
| ၁၀။ | လာအို | ၂၃ | ၂၂ | ၀ |

## အင်းစိန်မြို့နယ်၌ အသက် ၈၀ နှင့် အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေများ အိမ်တိုင်ရာရောက် ထောက်ပံ့



ရန်ကုန် အောက်တိုဘာ ၁

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ လူမှုဝန်ထမ်းဦးစီးဌာနက ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်အရ မိသားစုစားဝတ်နေရေး အဆင်ပြေစေရန် ရည်ရွယ်၍ အသက် ၈၀ နှင့် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား နိုင်ငံတော်က ချီးမြှင့်သည့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ယမန်နေ့က အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ပေးအပ်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာနက အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ အသက် ၈၅ နှစ်အထက် သက်ကြီးဘိုးဘွားများအား စတုတ္ထသုံးလပတ်အတွင်း တစ်ဦးလျှင် သုံးသောင်းကျပ်ဖြင့် ဘိုးဘွား ၁၄၀၉ ဦးတို့ထံသို့လည်းကောင်း၊ ဘိုးဘွား ၁၇၃၅ ဦးတို့အား တစ်ဦးလျှင် သုံးသောင်းကျပ်ဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် တာဝန်ရှိသူများက အိမ်တိုင်ရာရောက် သွားရောက်ပေးအပ်ထောက်ပံ့ခဲ့ကြောင်း သိရသည်။ မြင့်ဦး

❂ စာမျက်နှာ ၉ မှ

ကျွန်တော့်အနေနဲ့ နောက်တစ်ခု ပြောချင်တာက အခုလက်ရှိ သိရသလောက်က ရန်ကုန်ဆေးရုံကြီးကို ကား Accident နဲ့လာတယ်။ Swab ယူပြီး စစ်ကြည့်လိုက်တဲ့အခါ Positive ဖြစ်နေတာကို တွေ့ရပါတယ်။ နောက်တစ်ခုက အဆိပ်သောက်ပြီးလာတဲ့သူလည်း Swab လုပ်လိုက်ရင် Positive ဖြစ်ပါတယ်။ ဒီဟာက ဘာကိုပြသလဲဆိုတော့ Community Transmission လို့ခေါ်တဲ့ လူထုကြားထဲမှာ ပျံ့နှံ့မှုက အတော်အသင့်ရှိနေတယ်ဆိုတာ ကျွန်တော်တို့ ယုံမှားဖွယ်မရှိဘူးလို့ ထင်ပါတယ်။

ဒီတော့ ကျွန်တော်တို့အနေနဲ့ သေဆုံးတဲ့လူနာတွေသည် ရောဂါအခံရှိတယ်။ Swab Test က Positive ဖြစ်တယ်။ Positive ဖြစ်တာနဲ့ ကိုဗစ်ကြောင့် သေဆုံးတယ်လို့ ကောက်ချက်ချတာများ လိုအပ်မလားပေါ့နော်။ ဒါလေးကိုလည်း ကျွန်တော်ထည့်သွင်းဆွေးနွေးလိုပါတယ်။ အသေးစိတ်လေ့လာမယ်ဆိုရင်လည်း သေဆုံးမှုနှုန်းက တကယ် ဟုတ်၊ မဟုတ် ဒါလည်းသိလာနိုင်မယ်လို့ ထင်ပါတယ်။

**ပါမောက္ခဒေါက်တာဇော်ဝေစိုး။** ။ ဆရာပြောတာ ဟုတ်ပါတယ်။ ခုနတုန်းက ပြောသလို Car Accident နဲ့ သေတဲ့သူဆိုရင် ပုံမှန်သာဆိုရင် ကိုဗစ်က Asymptomatic ဘာလက္ခဏာမှ မပြဘဲနဲ့အချိန်တန်ရင် ပျောက်သွားနိုင်တဲ့လူပါ။ ဒါပေမယ့် Car Accident ဖြစ်တော့ ဆုံးပါးသွားတယ်။ ဒီတော့ သူသေရခြင်းအကြောင်းရင်းက ကိုဗစ်ကြောင့် မဟုတ်ပါဘူး။

ဒီလိုမျိုး ကိုဗစ်ကြောင့် ဆုံးပါးသွားရတဲ့ လူတိုင်းလူတိုင်းရဲ့ Review ဆိုပြီး အသေးစိတ်ပြန်လည်လေ့လာခြင်းတွေကို လုပ်ဖို့လိုပါတယ်။ အဖွဲ့နဲ့ ဒါတွေကို ဆုံးပါးသွားတဲ့အချိန်မှာ လုပ်သလို၊ နေ့တိုင်းလည်း အသေးစိတ် Review ပြန်လုပ်ပါတယ်။ ကျွန်တော်တို့ရဲ့ လိုအပ်ချက်တွေကို ပြန်လည်ပြီး ပြုပြင်ပြောင်းလဲလျက်ရှိပါတယ်။ ဒါကြောင့် အခုဆိုရင် ဆရာပြောသလိုပါပဲ။

### အောက်ဆီဂျင်မရှိရင်မဖြစ်

Rapid Test Kit နဲ့စစ်လိုက်လို့ Positive ထွက်လာတဲ့အခါကျရင် ကျွန်တော်တို့က Green၊ Yellow၊ Red ဆိုပြီး အုပ်စုသုံးစုခွဲထားပါတယ်။ ဒီအထဲမှာ ဆရာပြောတာ Red ဖြစ်ပါတယ်။ ဒီ Red တွေကို သက်ဆိုင်ရာ ဆေးရုံတွေကို ပြောင်းရွှေ့ခြင်းမလုပ်တော့ဘဲ ကုနိုင်အောင် နေရာထိုင်ခင်းကအစ ပြင်ဆင်လျက်ရှိသလို ကိုဗစ်ကတော့ အားလုံးသိတဲ့အတိုင်းပဲ အောက်ဆီဂျင်မရှိရင်မဖြစ်တဲ့ ရောဂါတစ်မျိုး။ အခုအဲဒီဟာကို အရိုးကျိုးသွားတဲ့လူကို ခွဲစိတ်ကုသတယ်။ ကိုဗစ်အတွက်လည်း အောက်ဆီဂျင်လိုတော့ လူနာတိုင်း လူနာတိုင်းရဲ့ ခေါင်းရင်းမှာ အောက်ဆီဂျင်ရှိအောင် အခုဆိုရင်စတင်ပြီး နိုင်ငံတော်ရဲ့အစီအစဉ်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ အစီအစဉ်နဲ့ ဆေးရုံကြီးတွေမှာ စတင်တပ်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။

နောက်တစ်ခုက ဆရာတို့ပြောသွားတဲ့ Primary Health Care ပါ။ ဒါကိုလည်း အခုဆိုရင် ကျွန်တော်တို့ရဲ့ Guideline တွေ၊ Protocol တွေကို ထုတ်ပြန်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ အထွေထွေရောဂါကုဆရာဝန်များ၊ GP များအတွက် Guideline ဟာ အစိုးရဆေးရုံက ဆရာဝန်တွေရဲ့ Guideline နဲ့ အတူတူပါပဲ။

Primary Health Care Area တွေမှာ GP တွေအနေနဲ့ အလုပ်လုပ်နိုင်အောင်၊ ဆေးခန်းတွေကို ဖွင့်လှစ်နိုင်အောင် ဦးစားပေးပြီးတော့ စီစဉ်ဆောင်ရွက်နေသလို Private ပုဂ္ဂလိက ဆေးရုံများ၊ ဆေးရုံအသင်းများနဲ့လည်း ဆွေးနွေးပြီး ပုဂ္ဂလိကဆေးရုံတွေရဲ့ လုပ်ငန်းတွေ ပုံမှန်ပြန်ပြီးဆောင်ရွက်နိုင်ဖို့အတွက် အသေးစိတ်တိုင်ပင်ပြီး ဒါနဲ့ပတ်သက်တဲ့ညွှန်ကြားမှုတွေ၊ Guideline တွေ ဖော်ထုတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အထူးကျေးဇူးတင်ပါတယ်ဆရာ။

**ပါမောက္ခဒေါက်တာမြင့်ဟန်။** ။ ဟုတ်ကဲ့ ကျွန်တော်ပြောပါရစေခင်ဗျာ။ ဒီလိုပါ ကိုဗစ်ရောဂါကို ထိန်းချုပ်ဖို့အတွက်က All Society ပါ။ အားလုံးပါဝင်ရပါမယ်။ ပြည်သူတွေ ပါဝင်ရပါမယ်။ ဌာနဆိုင်ရာတွေ အသီးသီးပါဝင်ရပါမယ်။ အသင်းအဖွဲ့တွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ ကျန်တဲ့အသင်းအဖွဲ့တွေ အားလုံးပါဝင်မှ ရေရှည်စစ်ပွဲဖြစ်တဲ့ ကိုဗစ်ထိန်းချုပ်ရေးကို ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

### ပြင်လွယ်ပြောင်းလွယ်တဲ့နည်းဗျူဟာ

ဒီလိုဆောင်ရွက်ရာမှာလည်း အခုဆိုရင် ပြောင်းလဲလာတဲ့ အခြေအနေနဲ့အညီ ကျွန်တော်တို့တွေရဲ့ ကျင့်သုံးမှုက Flexible ဖြစ်ဖို့ပါ။ အားလုံးပြင်လွယ် ပြောင်းလွယ်တဲ့ နည်းဗျူဟာများနဲ့ ကျွန်တော်တို့ ပြည်သူတွေ အားလုံးဝိုင်းဝန်းပြီး ကျော်လွှားရင် ကျွန်တော့်အနေနဲ့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါကြောင်း ပြောကြားလိုပါတယ်။ ပြည်သူတွေကိုလည်း ပါဝင်ပူးပေါင်းဆောင်ရွက်ကြဖို့ ဒီနေရာက နှိုးဆော်လိုပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

**ပါမောက္ခဒေါက်တာထင်အောင်စော။** ။ ပြည်သူတွေက အားလုံးပူးပေါင်းပါဝင်ဖို့ဆိုရင် ကိုဗစ်တစ်ခုတည်းကိုပဲ ကြောက်နေလို့မရပါဘူး။ အခြားသော ကျန်းမာရေးဆိုင်ရာ အထွေထွေတွေကိုလည်း ဂရုစိုက်ဖို့လိုပါတယ်။ မိမိရဲ့ အထွေထွေကျန်းမာရေးကောင်းမှသာလျှင် ကိုဗစ်ကို ကျော်လွှားနိုင်မှာ ဖြစ်ပါတယ်။

လူတိုင်းက ကိုယ့်ရဲ့ကျန်းမာရေးကို ဂရုစိုက်ဖို့လိုပါတယ်။ လက်ရှိကိုယ့်မှာရှိနေတဲ့ ကျန်းမာရေးပိုကောင်းအောင်လည်း အမြဲတမ်းဂရုစိုက်နေဖို့လိုသလို တကယ်လို့ ရောဂါတွေရှိမယ်ဆိုရင်လည်း အဲဒီကျန်းမာရေးပြဿနာ ကိုယ့်ရောဂါတွေကိုလည်း ပုံမှန်ဆေးကုသခြင်းကို မမေ့မလျော့ ဆက်လက်လုပ်ဖို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းချင်ပါတယ်။ ဥပမာအားဖြင့် တီဘီရောဂါဆိုရင် တီဘီဆေးပြတ်သွားမယ်ဆိုရင် ဆေးယဉ်ပါးတီဘီဖြစ်မယ်။ HIV ရောဂါ ဆေးပြတ်သွားရင် ဆေးယဉ်ပါးတဲ့ပိုးဖြစ်မယ်။ ဆီးချို၊ သွေးတိုးကအစ ဆေးပြတ်သွားရင် ကိုယ့်ရဲ့ကျန်းမာရေး ချို့ယွင်းသွားနိုင်တဲ့အတွက် အဲဒါတွေကိုလည်း မမေ့မလျော့နေဖို့ လိုပါတယ်လို့ ပြောချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ပါမောက္ခဒေါက်တာဇော်ဝေစိုး။** ။ ဒီတော့ တစ်ကမ္ဘာလုံး၊ တစ်နိုင်ငံလုံး၊ တစ်မြို့လုံး အခုလို ကပ်ဘေးဖြစ်နေတဲ့အချိန်မှာ အရေးအကြီးဆုံးက ကိုယ်ချင်းစာစိတ်ရယ်၊ အမိန့်နာခံခြင်းရယ်လို့ ကျွန်တော်ထင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ကျန်းမာရေးဝန်ထမ်း ၁၇၀၀ ကျော် သေဆုံး



**ဝါရှင်တန်  အောက်တိုဘာ ၁**

အမေရိကန်နိုင်ငံ၌ ကျန်းမာရေးဝန်ထမ်း ၁၇၀၀ ကျော်မှာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးခဲ့ပြီး အများစုသည် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ အလုံအလောက် မရရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း အမေရိကန်အမျိုးသားသူနာပြုသမဂ္ဂ(NNU)က ပြောကြားသည်။

အဆိုပါ သမဂ္ဂက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာအရ ဗိုင်းရပ်စ်ကြောင့် အမေရိကန်နိုင်ငံရှိ ကျန်းမာရေးလုပ်သားများ သေဆုံးမှုနှင့် ကူးစက်မှုများ မြင့်တက်ခဲ့ကြောင်း သိရသည်။ အမေရိကန်အစိုးရက ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါခြေရာခံရန်နှင့် ဗိုင်းရပ်စ်ဆိုင်ရာ ပွင့်လင်းမြင်သာသော၊ တိကျသော၊ အချိန်မှန်သော အချက်အလက်များ မထုတ်ပြန်နိုင်ခဲ့ကြောင်း အစီရင်ခံစာက ဆိုသည်။

ဗိုင်းရပ်စ်ဆိုင်ရာ အသေးစိတ်အချက်အလက်များ မထုတ်ပြန်နိုင်မှုကြောင့် သူနာပြုများ၊ ကျန်းမာရေးလုပ်သားများနှင့် ၎င်းတို့မိဘများ ကျန်းမာရေးအန္တရာယ် ဖြစ်စေခဲ့သည်ဟု ဆိုသည်။ လက်ရှိအချိန်အထိ အမေရိကန်နိုင်ငံတစ်ဝန်း၌ ကျန်းမာရေးဝန်ထမ်း ၁၅၆၃၀၆ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း ရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးဗဟိုဌာနက ထုတ်ပြန်ခဲ့သော်လည်း NNU ၏အချက်အလက်များအရ ဗိုင်းရပ်စ်ကူးစက်ခံရသူ ကျန်းမာရေး ဝန်ထမ်းဦးရေမှာ ၂၅၈၇၆၈ ဦးရှိကြောင်း သိရသည်။

ကျန်းမာရေးဝန်ထမ်းများ ဘေးအန္တရာယ်ကင်းစွာ တာဝန်ထမ်းဆောင်နိုင်ရန် ၁၉၅၀ ပြည့်နှစ် ကာကွယ်ရေး ပစ္စည်း ထုတ်လုပ်ရေးအက်ဥပဒေအရ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများ ပြည်တွင်း၌ တိုးမြှင့်ထုတ်လုပ်ရန် NNU က အမေရိကန်ဗဟိုအစိုးရအား တိုက်တွန်းခဲ့သည်။

**ကိုးကား - စီဂျီတီအင်န်**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ တောမီးများ လောင်ကျွမ်းမှုကြောင့် လေးဦး သေဆုံး၊ ၁၀ ဦး ထိခိုက်ဒဏ်ရာရ

**ကီယက်ဗ်  အောက်တိုဘာ ၁**

ယူကရိန်းနိုင်ငံအရှေ့ပိုင်း လူဟန့်ခ်ဒေသ၌ တောမီးလောင်မှုများဖြစ်ပွားခဲ့ရာ လေးဦး သေဆုံးပြီး ၁၀ ဦး ဆေးရုံတင်ခဲ့ရကြောင်း အရေးပေါ်အခြေအနေဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

တောမီးများက နေရာ ၂၂ ခုနှင့် ဟက်တာ ၁၈၀၀၀ (စတုရန်းမိုင် ၇၀) ရှိသော ဧရိယာတစ်ခု၌ လောင်ကျွမ်းခဲ့သည့်အတွက် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အဆိုပါဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြား ခဲ့သည်။ တောမီးလောင်ကျွမ်းမှုများက ရုရှားနိုင်ငံ လိုလားသော ခွဲထွက်ရေးသမားများ ထိန်းချုပ်ထားသည့် ဧရိယာအနီး ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ခွဲထွက်ရေးသမားများ၏ အမြောက်ပစ်ခတ်မှုများကြောင့် တောမီးလောင်မှုများ ဖြစ်ပွားခဲ့ဖွယ်ရှိကြောင်း ယူကရိန်းအာဏာပိုင်များက ပြောသည်။

တောမီးများ လောင်ကျွမ်းရသော အကြောင်းရင်း စုံစမ်းစစ်ဆေးရန် ယူကရိန်းသမ္မတရုံးက တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအား ပန်ကြားခဲ့သည်။ ရုရှားလိုလားသော ခွဲထွက်ရေးသမားများက အစိုးရတပ်ဖွဲ့များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ချိုးဖောက်ခဲ့ကြောင်း ယူကရိန်းတပ်မတော်က ပြီးခဲ့သည့်လအတွင်း စွပ်စွဲခဲ့သည်။ ၂၀၁၄ ခုနှစ်နောက်ပိုင်း ယူကရိန်းတပ်ဖွဲ့များနှင့် ခွဲထွက်ရေးသမားများကြား ပဋိပက္ခများကြောင့် လူပေါင်း ၁၃၀၀၀ ကျော် သေဆုံးခဲ့သည်။ ယခုနှစ် အစောပိုင်းကလည်း ယူကရိန်းနိုင်ငံအရှေ့ပိုင်း၌ တောမီးလောင်ကျွမ်းမှုတစ်ခုကြောင့် တစ်ဦး သေဆုံးခဲ့ပြီး ကိုးဦး ဆေးရုံတင်ခဲ့ရသည်။

ယခုနှစ် နွေရာသီအတွင်း ယူကရိန်းနိုင်ငံမြောက်ပိုင်းရှိ ချာနိုဘိုင်း နျူကလီးယားဓာတ်ပေါင်းဖိုဝန်းကျင်နှင့် အခြားနေရာများ၌ တောမီးများ လောင်ကျွမ်းမှုများကြောင့် ကီယက်ဗ်မြို့တော်၌ လေထုညစ်ညမ်းမှုအဆင့်မှာ ကမ္ဘာပေါ်တွင် အဆိုးရွားဆုံးအခြေအနေ ဖြစ်လာခဲ့သည်။

**ကိုးကား-သည်စထရိတ်တိုင်းမ်၊ ဘာသာပြန်-ကျော်ထိုက်စိုး**





# စပိန်နှင့် ဗြိတိန်နိုင်ငံတို့၌ ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ တိုးမြှင့်ချမှတ်

**မက်ဒရစ်  အောက်တိုဘာ ၁**

စပိန်နိုင်ငံ၏မြို့တော် မက်ဒရစ်တွင် ကိုရိုနာဗိုင်းရပ်စ် ပြန်လည်ဖြစ်ပွားလာခြင်းကို ကာကွယ်သည့်အနေဖြင့် မြို့နေပြည်သူများကို ခရီးသွားလာခြင်းမှ တားမြစ်သည့်အမိန့်ကို စပိန်အစိုးရက ယမန်နေ့က ထုတ်ပြန်ခဲ့သည်။

ကျန်းမာရေးဝန်ကြီး ဆယ်ဗေဒါအိုင်လာက မက်ဒရစ်မြို့၏ ကျန်းမာရေးဆိုင်ရာအရေးသည် စပိန်နိုင်ငံ၏ အရေးဖြစ်ပြီး လာမည့်ရက်များအတွင်း အသက်ဝင်လာမည့် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းအသစ်များကို ထပ်မံထုတ်ပြန်ရန်ရှိသည်ဟု ပြောကြားခဲ့သည်။ လူဦးရေ သုံးသန်းကျော်ရှိသည့် မက်ဒရစ်နှင့် ပတ်ဝန်းကျင်ရှိ လူဦးရေ တစ်သိန်းခန့်စီရှိသော ဒေသကိုးခုကို အရေးကြီးသော ကိစ္စများမှအပ သာမန်သွားလာခြင်းကို ကန့်သတ်သော အမိန့်များထုတ်ပြန်ပြီး နယ်စပ်များကိုလည်း ပိတ်ထားမည်ဖြစ်ကြောင်း အစိုးရက ပြောကြားသည်။

သို့သော် ပညာသင်ကြားခြင်း၊ ဆေးကုသခြင်း၊ စားသောက်ကုန်များ ဝယ်ယူရန် ဈေးဝယ်ထွက်ခြင်းများအတွက် နယ်စပ်ကိုဖြတ်ကျော်ပြီး သွားလာနိုင်ကြောင်း သိရသည်။ ဘားဆိုင်များနှင့် စားသောက်ဆိုင်များကို ည ၁၁ နာရီတွင် ပိတ်သိမ်းသွားရန် ညွှန်ကြားထားသည်။ လူစုဝေးခွင့်အရေအတွက်ကိုလည်း ခြောက်ဦးအထိသာ ခွင့်ပြုမည်ဟု သိရသည်။ မက်ဒရစ်သည် ဥရောပရှိဒေသများအနက် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး လူတစ်သိန်းလျှင် ၇၃၅ ဦးဖြစ်ပွားနေကြောင်း သိရသည်။ စပိန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ ၇၆၉၁၈၈ ဦးရှိပြီး သေဆုံးသူ ၃၁၇၉၁ ဦး ရှိသည်။

ပြီးခဲ့သော သီတင်းပတ်မှ စတင်ပြီး ဗြိတိန်တွင် စားသောက်ဆိုင်များနှင့် ဘီယာဆိုင်များကို ည ၁၀ နာရီတွင် ပိတ်ရမည်ဟု ညွှန်ကြားခဲ့ပြီး စကော့တလန်နှင့် ဝေလနယ်တို့တွင်လည်း ထိုညွှန်ကြားချက်ကို ထုတ်ပြန်ခဲ့သည်။ အင်္ဂလန်အရှေ့မြောက်ပိုင်းတွင်လည်း နေအိမ်များအတွင်း လူများစုဝေးခြင်းကို ပိတ်ပင်ခဲ့သည်။ အောက်တိုဘာလကုန်မှစတင်ပြီး တစ်နေ့လျှင် နိုင်ငံသား ငါးသိန်းအား ကိုရိုနာဗိုင်းရပ်စ် ရှိ၊ မရှိ စစ်ဆေးနိုင်ရန် ဆောင်ရွက်ခြင်း၊ ဆေးရုံများတွင် ဆေးရုံခုတင်များ တိုးမြှင့်ထားရှိပေးခြင်းနှင့် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံများ ထောက်ပံ့ပေးခြင်းတို့ကို တာဝန်ရှိသူများက ဆောင်ရွက်မည်ဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ**

# ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများအား သင့်တော်သောဈေးနှုန်းဖြင့် တရုတ်နိုင်ငံက ရောင်းချသွားမည်

**ပေကျင်း  အောက်တိုဘာ ၁**

တရုတ်နိုင်ငံအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများကို သင့်တော်သောဈေးနှုန်းဖြင့် ရောင်းချမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဝမ်းဝန်ပင်းက ယမန်နေ့တွင် ပြောကြားခဲ့သည်။

"နိုင်ငံတွေအနေနဲ့ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးတွေ ထုတ်လုပ်နေတာတွေ့ရပါတယ်။ သူတို့အနေနဲ့ ရောင်းမယ့်ဈေးနှုန်းကို ဘယ်လိုသတ်မှတ်မလဲဆိုတာ မသိရပါဘူး။ တရုတ်အနေနဲ့ကတော့ ကမ္ဘာ့နိုင်ငံတွေကို ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ရောင်းချရာမှာ သင့်တော်တဲ့ဈေးနှုန်းနဲ့ ရောင်းချသွားမှာ ဖြစ်ပါတယ်"ဟု ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

တရုတ်နိုင်ငံထုတ်ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများမှာ အမေရိကန်နှင့် ဥရောပနိုင်ငံများမှ ထုတ်လုပ်သော ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများထက် ဈေးနှုန်းကြီးမြင့်ကြောင်း မီဒီယာများ၏ မှတ်ချက်များထွက်လာပြီးနောက် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ "ဒီမှတ်ချက်တွေဟာ အခြေအမြစ်မရှိပါဘူး။ တရုတ်နိုင်ငံအနေနဲ့ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးထုတ်လုပ်ရောင်းချရာမှာ ဖွံ့ဖြိုးဆဲနိုင်ငံတွေ လက်လှမ်းမီနိုင်တဲ့ဈေးနှုန်းနဲ့ ဆောင်ရွက်သွားမှာဖြစ်ပြီး ကမ္ဘာ့လူသားတွေအတွက် ကမ္ဘာလုံးဆိုင်ရာထုတ်ကုန်အဖြစ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံ၏ ကတိပြုချက်မှာ သိသာထင်ရှားပြီး ပြောသည့်အတိုင်းလည်း လုပ်ဆောင်ပေးမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၄၂၀၆၅၁၇ | ဦး |
| သေဆုံးသူ | ၁၀၁၉၆၂၈ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၅၄၅၉၉၁၁ | ဦး |

# ကုလသမဂ္ဂ နျူကလီးယားလက်နက် ဖျက်သိမ်းရေးစာချုပ်တွင် မလေးရှားနိုင်ငံ ပါဝင်လက်မှတ်ရေးထိုး

**ကွာလာလမ်ပူ အောက်တိုဘာ ၁**

ကုလသမဂ္ဂနျူကလီးယားလက်နက် ဖျက်သိမ်းရေးစာချုပ်တွင် မလေးရှားနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းများအရ သိရသည်။

ကုလသမဂ္ဂ နျူကလီးယားလက်နက် ဖျက်သိမ်းရေးစာချုပ်အား ထောက်ခံသည့် စာရွက်စာတမ်းများကို ကုလသမဂ္ဂအဖွဲ့သို့ ယမန်နေ့က ပေးပို့ခဲ့ကြောင်း ကုလသမဂ္ဂအဖွဲ့ဆိုင်ရာ မလေးရှားအမြဲတမ်းကိုယ်စားလှယ်အဖွဲ့က ပြောကြားခဲ့သည်။

လက်ရှိအချိန်ထိ ကုလသမဂ္ဂ နျူကလီးယားလက်နက်ဖျက်သိမ်းရေးစာချုပ်တွင် ၄၆ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးပြီးဖြစ်သည်။ နိုင်ငံပေါင်း ၅၀ လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း ၉၀ ကြာမှသာလျှင် အဆိုပါစာချုပ် အသက်ဝင်မည်ဖြစ်သည်။ မလေးရှားနိုင်ငံသည် ၄၆ နိုင်ငံမြောက် ပါဝင်လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

နျူကလီးယားလက်နက် ကင်းစင်ပပျောက်ရေးသည် ကမ္ဘာ့နိုင်ငံများ၏ အဓိကဦးစားပေး ဖြေရှင်းရမည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့်အတွက် ကမ္ဘာ့နိုင်ငံများအနေဖြင့် ကုလသမဂ္ဂ နျူကလီးယားလက်နက် ဖျက်သိမ်းရေးစာချုပ်တွင် ပါဝင်ရန် တိုက်တွန်းပြောကြားလိုပါကြောင်း မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဟစ်ဟမ်မတ်ဒင်ဟူစိန်က ဆိုသည်။

နျူကလီးယားလက်နက်များ ကမ္ဘာပေါ်မှ ကင်းစင်ပပျောက်ရေးအတွက် နျူကလီးယားလက်နက် ဖျက်သိမ်းရေးစာချုပ်သည် အဓိကတွန်းအားတစ်ခုအဖြစ် ပါဝင်သည်ဟု ထင်မြင်ယူဆသည့်အတွက် အဆိုပါစာချုပ်အား ထောက်ခံခြင်းဖြစ်ကြောင်း ဟစ်ဟမ်မတ်ဒင်ဟူစိန်က ဆက်လက်ပြောကြားခဲ့သည်။



အမေရိကန်နိုင်ငံ၏ နျူကလီးယားဆိုင်ရာ လုပ်ဆောင်ချက်များအပေါ် အကဲခတ် စောင့်ကြည့်လျက်ရှိသည့် ဂျပန်နိုင်ငံကဲ့သို့သော နိုင်ငံအများအပြားက နျူကလီးယားလက်နက် ဖျက်သိမ်းရေးစာချုပ်တွင် လက်မှတ်ရေးထိုး ခြင်းမရှိသေးပေ။

နျူကလီးယားလက်နက် ဖျက်သိမ်းရေး စာချုပ်ဆိုင်ရာ ပြန်လည်သုံးသပ်မှုအစည်း အဝေးကို လာမည့်ဇန်နဝါရီလတွင် ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ အစည်းအဝေးသို့ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ အားလုံးနီးပါး တက်ရောက်ကြမည်ဟု မျှော်မှန်း ရသည်။

အဆိုပါအစည်းအဝေးမတိုင်မီ နျူကလီး ယားလက်နက်ဖျက်သိမ်းရေးစာချုပ် အသက် ဝင်လာရန် စာချုပ်တွင် လက်မှတ်ရေးထိုးထား သော နိုင်ငံများက မျှော်လင့်လျက်ရှိသည်။

နျူကလီးယားလက်နက် ဖျက်သိမ်းရေး စာချုပ်တွင် နျူကလီးယားလက်နက်ဆိုင်ရာ ဖွံ့ဖြိုးမှုများ၊ စမ်းသပ်မှုများ၊ ထုတ်လုပ်ခြင်း၊ ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားရှိခြင်း၊ တစ်ဆင့်ပေးပို့ခြင်း၊ နျူကလီးယားလက်နက် များဖြင့် ခြိမ်းခြောက်ခြင်း စသည့် နျူကလီး ယားဆိုင်ရာလှုပ်ရှားမှုများကို ပိတ်ပင်ထား ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



## ကိုဗစ်-၁၉ ရောဂါကြောင့် ဒစ္စနေးလ်ကုမ္ပဏီက ဝန်ထမ်း ၂၈၀၀၀ ခန့် လျှော့ချမည်

**နယူးယောက် အောက်တိုဘာ ၁**

အမေရိကန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကြောင့် အမေရိကန်ကုမ္ပဏီ ဒစ္စနေးလ်ပိုင် အပန်းဖြေစခန်းများနှင့် ကစားကွင်းများတွင် စီးပွားရေးထိခိုက်နစ်နာမှုများရှိသည့်အတွက် ဒစ္စနေးလ်ကုမ္ပဏီက ၎င်း၏ ဝန်ထမ်းအင်အားကို လျှော့ချရန် စီစဉ်လျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

ဒစ္စနေးလ်ပိုင် အပန်းဖြေစခန်းများနှင့် ကစားကွင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းအင်အား တစ်သိန်းကျော်ရှိသည့်အနက် ၂၈၀၀၀ ဦးအား အလုပ်မှ ယာယီရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း သိရသည်။

အလုပ်ထုတ်ပယ်ခြင်းခံရသည့် ဝန်ထမ်းများအနက် ၆၇ ရာခိုင်နှုန်းသည် အချိန်ပိုင်းဝန်ထမ်းများဖြစ်သည်ဟု ဒစ္စနေးလ်အပန်းဖြေစခန်း ဥက္ကဋ္ဌ ဂျို့စ်ဒီအာမာရိုက ဆိုသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများကြောင့် ယခုနှစ် ဆောင်းဦးရာသီအတွင်း ဒစ္စနေးလ်အပန်းဖြေစခန်းများကို ဆက်လက်ပိတ်သိမ်းထားမည်ဖြစ်သည်။ အပန်းဖြေစခန်းများနှင့် ကစားကွင်းများ ပိတ်ပင်ထားခြင်းကြောင့် ကုမ္ပဏီ၏ ဝင်ငွေထိခိုက်နစ်နာခဲ့ပြီး ယခုနှစ် ပထမသုံးလတာ ကာလအတွင်း ကုမ္ပဏီ၏ဝင်ငွေဆုံးရှုံးမှုသည် ၉၁ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

ဝန်ထမ်းအင်အားသည် ကုမ္ပဏီ၏ ပင်မကျောရိုး ဖြစ်သောကြောင့် အလုပ်မှ ထုတ်ပယ်ခြင်းခံရသော ဝန်ထမ်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဒစ္စနေးလ်အပန်းဖြေစခန်း ဥက္ကဋ္ဌ ဂျို့စ်ဒီအာမာရိုက ဆိုသည်။

၂၀၁၉ ခုနှစ်အတွင်း ဒစ္စနေးလ်အပန်းဖြေစခန်းများနှင့် ကစားကွင်းလုပ်ငန်းမှ ဝင်ငွေရရှိမှုသည် ကန်ဒေါ်လာ ၂၆ ဘီလီယံကျော်အထိ ရှိခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ် ပထမကိုးလတာကာလအတွင်း ကမ္ဘောဒီးယားသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားခရီးသည် ၇၆ ရာခိုင်နှုန်းကျဆင်း

**ဖနောင်ပင် အောက်တိုဘာ ၁**

ကမ္ဘောဒီးယားနိုင်ငံ၏ ထင်ရှားသော အန်ကောဝပ်ရှေးဟောင်းဘုရားကျောင်းသို့ ယခုနှစ် ပထမကိုးလတာကာလအတွင်း နိုင်ငံတကာမှ လာရောက်လည်ပတ်သူ ၃၉၆၂၄၁ ဦးအထိ ရှိခဲ့ရာ ယမန်နှစ် အလားတူကာလက လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသည်များနှင့် နှိုင်းယှဉ်ကြည့်ပါက ၇၆ ရာခိုင်နှုန်းခန့် ကျဆင်းလာကြောင်း သိရသည်။

ထို့အတူ အန်ကောဝပ်ဘုရားကျောင်းသည် ယခုနှစ် ဇန်နဝါရီလနှင့် စက်တင်ဘာလအတောအတွင်း ဝင်ခွင့်လက်မှတ်များ ရောင်းချခြင်းမှတစ်ဆင့် ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄၅ သန်းရရှိခဲ့ရာ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ကြည့်ပါက ဝင်ငွေ ၇၅ ရာခိုင်နှုန်း ကျဆင်းလာကြောင်း သိရသည်။

ထို့အပြင် အန်ကောဝပ်ဘုရားကျောင်းသည် ယခုနှစ် စက်တင်ဘာလတစ်လတည်းတွင် နိုင်ငံခြားသား ၂၉၄၈ ဦးကို လက်ခံရရှိခဲ့ပြီး လက်မှတ်ရောင်းချခြင်းမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၂၄၂၉၆ ခန့် ရရှိခဲ့ရာ ယမန်နှစ် အလားတူကာလများနှင့် နှိုင်းယှဉ်ပါက ဝင်ငွေကျဆင်းလျက်ရှိကြောင်း တွေ့ရှိရသည်။

၁၉၉၂ ခုနှစ်က ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ခဲ့သည့် အန်ကောဝပ် ဘုရားကျောင်းသည် ကမ္ဘောဒီးယားနိုင်ငံ၌ ကမ္ဘာ့လှည့် ခရီးသည်များအတွက် အထင်ရှားဆုံး နေရာတစ်ခုဖြစ်သည်။

အန်ကောဝပ် ဘုရားကျောင်းသို့ လာရောက်လည်ပတ်သော ခရီးသည် ဦးရေ သိသိသာသာ ကျဆင်းလာမှုသည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဖြစ်သည်။ ကမ္ဘောဒီးယားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ယခုနှစ် မတ်လမှစ၍ နိုင်ငံခြားသားခရီးသည် အားလုံးအတွက် ပြည်ဝင်ခွင့်ဗီဇာ ကန့်သတ်ထားသည်။

လက်ရှိအချိန်အထိ ကမ္ဘောဒီးယား နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ပေါင်း ၂၇၇ ဦးရှိပြီး ၎င်းတို့အနက် ၁၇၅ ဦးသည် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည် ကျန်းမာသွားကြောင်းနှင့် ရောဂါကြောင့် သေဆုံးသူ တစ်စုံတစ်ဦးမျှမရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**





## အိန္ဒိယ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၆၈၂၁ ဦး တွေ့ရှိနေစဉ် ပြည်တွင်းအသွားအလာ ကန့်သတ်မှုများ ဖြေလျှော့ပေးလျက်ရှိ

**နယူးဒေလီ အောက်တိုဘာ ၁**

အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၆၈၂၁ ဦး စမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူပေါင်း ၆၃၁၂၅၈၄ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

ထို့အပြင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၁၈၁ ဦး သေဆုံးခဲ့ရာ အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၉၈၆၇၈ ဦးရှိလာကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၅၂၇၃၂၀၁ ဦးကို အောင်မြင်စွာ ဆေးဝါးကုသပေးခဲ့ရာ လက်ရှိအချိန်၌ လူနာ ၉၄၀၇၀၅ ဦးသာ နိုင်ငံတစ်ဝန်းရှိ ဆေးရုံများတွင် ဆေးဝါးကုသမှုခံယူလျက်ရှိသည်။

အိန္ဒိယအစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှု ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို ဦးစားပေးလုပ်ဆောင်လာသည့်အတွက် စက်တင်ဘာ ၃၀ ရက်က တစ်ရက်အတွင်း လူဦးရေ ၁၄၂၃၀၅၂ ဦးတို့၏ နမူနာကို စံချိန်တင် စမ်းသပ်စစ်ဆေးနိုင်ခဲ့ခြင်းနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ စက်တင်ဘာ ၃၀ ရက်အထိ လူဦးရေ ၇၅၆၁၉၇၈၁ ဦးတို့၏ နမူနာကို စမ်းသပ်စစ်ဆေးနိုင်ခဲ့ကြောင်း အိန္ဒိယဆေးသုတေသနကောင်စီမှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ယနေ့မှစ၍ အသက်ဝင်သည့် အသွားအလာကန့်သတ်မှု ဖြေလျှော့ရေးအဆင့် (၅)အရ အိန္ဒိယအစိုးရသည် ရုပ်ရှင်ခန်းမများ၊ ပွဲလမ်းသဘင်များ၊ ကပွဲရုံကြီးများနှင့် ရေကူးကန်များကို ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြည်တွင်းခရီးသွားလာမှုများကို ခွင့်ပြုချက်သို့မဟုတ် ထောက်ခံချက် တစ်စုံတစ်ခုမျှမလိုဘဲ သွားလာခွင့်ပြုတော့မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

# သမ္မတထရမ့်နှင့် ဂျိုးဘိုင်ဒင်တို့၏ စကားစစ်ထိုးပွဲပြီးနောက် စကားစစ်ထိုးပွဲဆိုင်ရာ စည်းမျဉ်းများ ပြင်ဆင်ရေးဆွဲလျက်ရှိ



**ဝါရှင်တန် အောက်တိုဘာ ၁**
အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဂျိုးဘိုင်ဒင်တို့၏ ပထမအကြိမ် စကားစစ်ထိုးပွဲကျင်းပပြီးနောက် စကားစစ်ထိုးပွဲ ကျင်းပရေးကော်မရှင်က ပွဲကျင်းပခြင်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို ပြင်ဆင်သတ်မှတ်မည်ဖြစ်ကြောင်း ယနေ့ပြောကြားခဲ့သည်။

ပြီးခဲ့သော စကားစစ်ထိုးပွဲ၌ ဦးဆောင်မေးမြန်းသူ၏ မေးခွန်းများကို ဖြေဆိုရန် ဝင်ရောက်ယှဉ်ပြိုင်သည့် ကိုယ်စားလှယ်လောင်းများအား မေးခွန်းတစ်ခုစီအတွက် အချိန် နှစ်မိနစ်ခန့် သတ်မှတ်ပေးခဲ့သည်။ အဆိုပါ သတ်မှတ်ချိန်ပြီးမှသာ ပြိုင်ဘက်ကိုယ်စားလှယ်လောင်း၏ ဖြေကြားချက်များကို အခြားကိုယ်စားလှယ်လောင်းက ပြန်လည်ချေပပြောဆိုခွင့်ရှိသည်။

သို့သော် အဆိုပါ စကားစစ်ထိုးပွဲတွင် ဦးဆောင်မေးမြန်းသူ၏ မေးခွန်းများကို ဖြေကြားရာ၌ ထရမ့်နှင့် ဂျိုးဘိုင်ဒင်တို့သည် အချင်းချင်းလေးစားမှုမရှိဘဲ အပြန်အလှန် စွပ်စွဲပြစ်တင် ဝေဖန်ပြောဆိုမှုများရှိခဲ့ပြီး စကားစစ်ထိုးပွဲ၏ စည်းမျဉ်းများကို ချိုးဖောက်ကာ တစ်ဦးဖြေကြားနေစဉ်တွင် အခြားတစ်ဦးက ဝင်ရောက်နှောင့်ယှက်ဖြေကြားခြင်းများ ပြုလုပ်ခဲ့သည်။ ဦးဆောင်မေးမြန်းသူကိုယ်တိုင်ကပင် သမ္မတထရမ့်အား စကားစစ်ထိုးပွဲစည်းမျဉ်းများ လိုက်နာရန် သတိပေးပြောကြားခဲ့ရသည်။

ထို့ကြောင့် ယခုပြင်ဆင်မည့် စည်းမျဉ်းများတွင် မေးခွန်းများကို တစ်ဦးက ဖြေကြားနေစဉ် အခြားတစ်ဦးက ဝင်ရောက်နှောင့်ယှက်ခြင်းမပြုနိုင်ရန် မိုက်ခရိုဖုန်းကို အသံဖြတ်တောက်ထားမည်ဖြစ်ကြောင်း သိရသည်။

စက်တင်ဘာ ၂၉ ရက် အိုဟိုင်းအိုးပြည်နယ်တွင် ကျင်းပခဲ့သော သမ္မတထရမ့်နှင့် ဂျိုးဘိုင်ဒင်တို့၏ ပထမဆုံးအကြိမ် စကားစစ်ထိုးပွဲကို အမေရိကန်သတင်းဌာနများ အပါအဝင် ကမ္ဘာတစ်ဝန်းက ဝေဖန်ရှုတ်ချခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ မေးခွန်းကို ဂျိုးဘိုင်ဒင်က ဖြေကြားရာတွင် သမ္မတထရမ့်တွင် တိကျခိုင်မာသော အစီအစဉ် လုံးဝမရှိကြောင်း ဝေဖန်ပြောကြားခဲ့သော်လည်း သမ္မတထရမ့်က ဗိုင်းရပ်စ်ကာကွယ်ဆေးရရှိရန် အချိန်ကြာမြင့်တော့မည်မဟုတ်ဟု ပြန်လည်ချေပပြောကြားခဲ့သည်။

ရွေးကောက်ပွဲရလဒ် ထွက်ပေါ်မှုနှင့်ပတ်သက်ပြီး မေးမြန်းရာတွင် ဂျိုးဘိုင်ဒင်က ရွေးကောက်ပွဲတွင် ၎င်းအနေဖြင့် ရှုံးနိမ့်မည်ဆိုပါကလည်း ရွေးကောက်ပွဲရလဒ်များကို ကြည်ဖြူစွာ လက်ခံသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော် သမ္မတထရမ့်က အဆိုပါမေးခွန်းနှင့်ပတ်သက်ပြီး တိကျသောအဖြေပေးခဲ့ခြင်းမရှိဘဲ ဆန္ဒမဲများပေးရာတွင် မေးလ်မှတစ်ဆင့်ပေးခြင်းသည် အလွန်အန္တရာယ်များကြောင်းကိုပင် ထပ်တလဲလဲ ပြောကြားခဲ့သည်။

ဒုတိယအကြိမ် စကားစစ်ထိုးပွဲကို အောက်တိုဘာ ၁၅ ရက်တွင် ဖလော်ရီဒါပြည်နယ် မိုင်ယာမီမြို့၌ ကျင်းပသွားမည်ဖြစ်ပြီး တတိယအကြိမ် စကားစစ်ထိုးပွဲကို အောက်တိုဘာ ၂၂ ရက်တွင် တန်နက်ဆီပြည်နယ် နက်ရှ်ဗေးလ်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ စကားစစ်ထိုးပွဲများတွင် ကိုယ်စားလှယ်လောင်းများ စနစ်တကျ ဝင်ရောက်ယှဉ်ပြိုင်နိုင်စေရန် စည်းမျဉ်းအသစ်များကို ရေးဆွဲလျက်ရှိသည်ဟု စကားစစ်ထိုးပွဲကျင်းပရေးကော်မရှင်က ဆိုသည်။

**ကိုးကား- ဘီဘီစီ၊ ဘာသာပြန်- အောင်ကျော်ကျော်**



# အင်ဒိုနီးရှား၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၁၇၄ ဦး တွေ့ရှိပြီး ၁၁၆ ဦး သေဆုံး

**ဂျကာတာ အောက်တိုဘာ ၁**
အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၁၇၄ ဦး တွေ့ရှိခဲ့ပြီးနောက် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၉၁၁၈၂ ဦး ရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၁၁၆ ဦး ထပ်မံသေဆုံးခဲ့ရာ အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၀၈၅၆ ဦး ရှိလာကြောင်း သိရသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၅၄၀ တို့သည် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများမှ ဆင်းခဲ့ရာ ယခုအခါ အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၂၁၈၄၈၇ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

ယခုအခါ ကိုဗစ်-၁၉ ရောဂါသည် အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်နှင့် ဒေသပေါင်း ၃၄ ခုသို့ ကူးစက်ပျံ့နှံ့သွားခဲ့ပြီး အထူးသဖြင့် မြို့တော်ဂျကာတာ၌ ၁၂၅၃ ဦး၊ အနောက်ဂျာဗား၌ ၅၅၉ ဦး၊ အရှေ့ဂျာဗား၌ ၃၁၄ ဦး၊ အလယ်ဂျာဗား၌ ၂၉၉ ဦးနှင့် ရီအောမြို့၌ ၂၆၅ ဦး စသည်ဖြင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကူးစက်ခံခဲ့ရကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# အာမေနီးယား-အဇာဘိုင်ဂျန် နယ်စပ်ပဋိပက္ခအရေး ပူတင်နှင့် မက်ခရွန်တို့ ဖုန်းဖြင့် ဆွေးနွေး

**မော်စကို အောက်တိုဘာ ၁**
ရုရှားသမ္မတ ဗလာဒီမာပူတင်က အထက်ကာရာဘာဒေသ အခြေအနေနှင့်ပတ်သက်၍ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နှင့် ဖုန်းဖြင့် ယနေ့ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပူတင်နှင့်မက်ခရွန်တို့က ကာရာဘာဒေသ၌ တင်းမာမှုများ မြင့်တက်လာမှုနှင့်ပတ်သက်၍ စိုးရိမ်ကြောင်း ပြောကြားခဲ့သည်ဟု ရုရှားသမ္မတရုံးက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။ သက်ဆိုင်ရာနိုင်ငံများအနေဖြင့် ချက်ချင်းအပစ်အခတ်ရပ်စဲပြီး တင်းမာမှုများ လျှော့ချရန် ခေါင်းဆောင်နှစ်ဦးက မေတ္တာရပ်ခံခဲ့ကြောင်း ထုတ်ပြန်ချက်က ဆိုသည်။ ပဋိပက္ခကို သံတမန်နည်းလမ်းဖြင့်သာ ဖြေရှင်းသင့်သည်ဟု ခေါင်းဆောင်နှစ်ဦးက မီးမောင်းထိုးပြခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ အာမေနီးယားတပ်ဖွဲ့များက အဇာဘိုင်ဂျန် အရပ်ဘက်နှင့် စစ်ဘက်နေရာများကို တိုက်ခိုက်ပြီးနောက် ပြီးခဲ့သည့် တနင်္ဂနွေနေ့က နယ်စပ်၌ တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။

နိုင်ငံတကာက အဇာဘိုင်ဂျန်နိုင်ငံ ပိုင်ဆိုင်သည်ဟု အသိအမှတ်ပြုထားသည့် အထက်ကာရာဘာဒေသအား အာမေနီးယားတပ်မတော်က သိမ်းပိုက်ခဲ့သည့် ၁၉၉၁ ခုနှစ်နောက်ပိုင်း ယခင်ဆိုဗီယက်ပြည်ထောင်စုဝင် နိုင်ငံနှစ်ခုကြား ဆက်ဆံရေးမှာ တင်းမာလျက်ရှိသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ ကုလသမဂ္ဂ အထွေထွေညီလာခံအပြင် နိုင်ငံတကာအဖွဲ့အစည်းများစွာက သိမ်းပိုက်နယ်မြေမှ တပ်ဖွဲ့များရုပ်သိမ်းရန် တောင်းဆိုကြသည်။ ပဋိပက္ခကိုငြိမ်းချမ်းစွာဖြေရှင်းပြီး အဖြေတစ်ခုရှာရန် ပြင်သစ်၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်သော OSCE Minsk အုပ်စုကို ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော်လည်း အချည်းနှီးသာ ဖြစ်ခဲ့သည်။

ဥရောပသမဂ္ဂ၊ ရုရှား၊ နေတိုးအဖွဲ့နှင့် အခြားနိုင်ငံများက နယ်စပ်တစ်လျှောက် တိုက်ခိုက်မှုများ ချက်ချင်းရပ်စဲရန် အာမေနီးယားနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့အား တောင်းဆိုခဲ့သည်။ **ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ကျော်ထိုက်စိုး**

# ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများ ဖြန့်ဖြူးရေးအစီအစဉ်တွင် နိုင်ငံပေါင်း ၁၆၇ နိုင်ငံက ပါဝင်ဆောင်ရွက်သွားမည်

**ဂျီနီဗာ အောက်တိုဘာ ၁**
ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများ ဖြန့်ဖြူးရေးအစီအစဉ်တွင် နိုင်ငံပေါင်း ၁၆၇ နိုင်ငံက ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ်အက်ဒ်နွန်ဂါဘရီယီဆက်စ်က ယမန်နေ့ ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာပေါ်တွင် လူပေါင်း တစ်သန်းကျော် သေဆုံးခဲ့ရကြောင်း၊ ယခုအချိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက် များပြားလာသည့်အတွက် ပေါင်းစည်းအင်အားဖြင့် ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကမ္ဘာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့် နေထိုင်သော နိုင်ငံ ၁၆၇ နိုင်ငံက ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ဖြန့်ဖြူးရေးအစီအစဉ်တွင် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပါဝင်ဆောင်ရွက်သော နိုင်ငံအရေအတွက်မှာလည်း ထပ်မံတိုးတက်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ဂျပန်နိုင်ငံသည်လည်း ယခု ဆေးဝါးဖြန့်ဖြူးမည့်အစီအစဉ်တွင် ပါဝင်ကြောင်း သိရသည်။

နိုင်ငံအချို့၏ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးများကို နိုင်ငံတွင်းသာ သုံးစွဲမည့်အစီအစဉ်နှင့်ပတ်သက်ပြီး ယခုအချိန်သည် အမျိုးသားရေးကို ဘေးဖယ်ထားပြီး လူသားတစ်ရပ်လုံး အကျိုးစီးပွားအတွက် ဆောင်ရွက်ရမည်ဟု တီဒရော့စ်က ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေးရှာဖွေရေးအတွက် ရန်ပုံငွေထည့်ဝင်ကြရန် ၎င်းက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - စိုးသူရ**

# ကိုဗစ်-၁၉ ရောဂါကူးစက်ခံ သက်ကြီးရွယ်အိုများအား ဦးစားပေးစောင့်ရှောက်ရန် လိုအပ်

**လာဂို့စ် အောက်တိုဘာ ၁**
အာဖရိကနိုင်ငံများရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ရောဂါခံနိုင်ရည် စွမ်းအားနည်းသော အသက်အရွယ်အုပ်စုဖြစ်သည့် သက်ကြီးရွယ်အိုများအား ဦးစားပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်ပေးသင့်ကြောင်း ယနေ့ ကျင်းပသော နိုင်ငံတကာ သက်ကြီးရွယ်အိုများနေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် သက်ကြီးရွယ်အိုများသည် ကျန်းမာရေး ဆိုးရွားစွာ ထိခိုက်ခံစားနေရပြီး သေဆုံးမှုများ ရှိသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ကြီးရွယ်အိုများအား ဦးစားပေးလုပ်ဆောင်ရန် အာဖရိကဒေသဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဒါရိုက်တာ မတ်ရှီဒီဆိုမိုတီက တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

အာဖရိကနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါကြောင့် အသက် ၅၅ နှစ်နှင့်အထက် သက်ကြီးရွယ်အို ၁၇၀၀၀ ကျော်သေဆုံးခဲ့ပြီး အဆိုပါ သေဆုံးမှုနှုန်းသည် အာဖရိကဒေသအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ပမာဏ၏ ၅၀ ရာခိုင်နှုန်းကျော်ရှိကြောင်း ဒါရိုက်တာ မတ်ရှီဒီဆိုမိုတီက ဆိုသည်။

ထို့ပြင် အာဖရိကဆာဟာရဒေသခွဲတွင် အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးရွယ်အို ၅၄ သန်း ဝန်းကျင်ရှိပြီး အဆိုပါအရေအတွက်သည် ကမ္ဘာတစ်ဝန်းရှိ သက်ကြီးရွယ်အိုဦးရေ၏ ငါးရာခိုင်နှုန်းရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

■

# မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁**

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အရ စက်တင်ဘာ ၂၇ ရက်မှ ၂၉ ရက်အတွင်း သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ထီးချိုင့်မြို့နယ် ကြက်တစ်ကောင်ဘိနယ် မအူကုန်းရွာအထက်ဘက် ဧရာဝတီမြစ်ဘေးမှ တရားမဝင်ကျွန်းသစ်/ သုံးပေအောက် ကျွန်းသစ် ၉ ဒသမ ၂၅ တန်နှင့် ၃၂ ကောင် အင်ဂျင်တစ်လုံး၊ သစ်စက်နှင့်ဆက်စပ်ပစ္စည်းများ၊ မော်လိုက်–ဖောင်းပြင်မြို့နယ် နယ်နိမိတ်အစပ် ယူချောင်းဘေးနှင့် မော်ကူးကြိုးဝိုင်းအကွက်အမှတ်(၈၁)အတွင်း တရားမဝင် ကျွန်းသစ် ၁၁ ဒသမ ၁၂၄၀ တန်၊ ကနီမြို့နယ် ငါးဖျက်ရွာနှင့် မုဋ္ဌောရွာအကြား ချင်းတွင်းမြစ်အတွင်းမှ တရားမဝင်အင်ခွဲသား ၁၆ ဒသမ ၇၆၈၄ တန် တင်ထားသည့် စက်လှေနှစ်စင်း၊ ကန့်ဘလူမြို့နယ် ဘောကျေးရွာအနီးတစ်ဝိုက်နေရာတို့၌ တရားမဝင်အင်ခွဲသား ၈ ဒသမ ၃၂၀၄ တန်နှင့် ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင်အင်ခွဲသား ၁ ဒသမ ၂၂၀၂ တန်၊ မင်းကင်းမြို့နယ် ရသာချောင်းဘေးမှ တရားမဝင် ကညင်/ အင်သစ် ၈ ဒသမ ၂၀၄၀ တန်၊ အင်းတော်မြို့နယ် အောက်တော ကြိုးဝိုင်းအကွက်(၂၃)အတွင်းမှ တရားမဝင် ကျွန်းသစ် ၉ ဒသမ ၂၁၆ တန်၊ အုတ်တွင်းမြို့နယ် ခပေါင်းကြိုးဝိုင်းအကွက်အမှတ်(၅၃)အတွင်း တရားမဝင်ကျွန်း/ပျဉ်းကတိုး ၇ ဒသမ ၀၁၆၂ တန်တို့အား သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် အုတ်တွင်းမြို့နယ် အောင်နန်းတော်ရွာသစ်အနီးမှ တရားမဝင် ကျွန်းခွဲသား ၆ ဒသမ ၁၅၆၂ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူနှစ်ဦး၊ ကျောက်တံခါးမြို့နယ် မြို့ချောင်းရွာမအတွင်းမှ တရားမဝင် ကျွန်း/ပျဉ်းကတိုး ခွဲသား (၇ ဒသမ ၀၁၅၆)တန်နှင့်အတူ ပြစ်မှုကျူးလွန်သူသုံးဦးတို့အားဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**



# ပျဉ်းမနားမြို့၌ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ပစ္စည်းများ ခိုးယူဖျက်ဆီးသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် အောက်တိုဘာ ၁**

နေပြည်တော် ပျဉ်းမနားမြို့ ဦးကျေးရပ်ကွက်ရှိ အမှတ်(၂၃)အခြေခံပညာမူလတန်းလွန်ကျောင်းမှ ပစ္စည်းများ ခိုးယူဖျက်ဆီးသူများအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။




ဖြစ်စဉ်မှာ ပျဉ်းမနားမြို့ ပေါင်းလောင်း(၂)ရပ်ကွက်နေ ကျောင်းအုပ်ဆရာမ ဒေါ်မေသန်းဦးသည် စက်တင်ဘာ ၂၅ ရက် ညနေ ၃ နာရီခွဲက ဦးကျေးရပ်ကွက်ရှိ အမှတ်(၂၃) အခြေခံပညာမူလတန်းလွန်ကျောင်းသို့ သွားရောက်စစ်ဆေးစဉ် ကျောင်းနှစ်ထပ်ဆောင်အမှတ်(၃)မှ တံခါးမနှင့် ပြတင်းပေါက်တို့ပွင့်နေကာ ယင်းအဆောင်မှ လျှပ်စစ်မီးကြိုးများ၊ မီးချောင်း အခု ၅၀၊ လျှပ်စစ်ခေါင်းလောင်းနှစ်ခု၊ မိန်းခုံသုံးခုနှင့် ဆက်စပ်ပစ္စည်းများမှာ ပျောက်ဆုံးနေပြီး သော့ခလောက် ၁၀ ခု၊ သံဆန်ခါနှစ်ခု၊ မျက်နှာကြက်ရစ်ခုတို့မှာ ပျက်စီးနေသည်ကို တွေ့ရှိရသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ အကြောင်းကြားစုံစမ်းခဲ့ရာ ဘောဂဝတီရပ်ကွက်နေ ခေါင်းကြီး(ခ)မင်းမင်းပါ သုံးဦးက ခိုးယူဖျက်ဆီးခဲ့ကြောင်းသိရ၍ အရေးယူပေးရန် တိုင်ကြားခဲ့သည်။

တိုင်ကြားချက်အရ ရွာကောက်နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ခဲ့ရာ အမှုမှ ခေါင်းကြီး(ခ)မင်းမင်းပါ သုံးဦးအား ၎င်းတို့နေအိမ်၌ ဖမ်းဆီးရမိခဲ့ပြီး သက်သေခံပစ္စည်းများအား သိမ်းဆည်းကာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၃၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅ သန်းတန်ဖိုးရှိ တရားဝင်အထောက်အထားမရှိသည့် လိုင်စင်မဲ့ယာဉ်များဖြစ်သော Toyota Alphard ယာဉ်နှစ်စီး၊ Toyota Crown ယာဉ်နှစ်စီး၊ Toyota Lexus ယာဉ်တစ်စီး စုစုပေါင်းယာဉ်ငါးစီးအား သိမ်းဆည်းရမိကြောင်း သိရသည်။

**သတင်းစဉ်**

# ဘားအံမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၆ နာရီခွဲက ဘားအံမြို့နယ် ကော့စိန်ဘန်(အထက်)ကျေးရွာနေ စောမိုးလင်း၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၈ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ကော့ကဒါကျေးရွာအုပ်စု ဘုရားကြိုင်ကျေးရွာရှိ ကျော်မိုးဦး(ခ)သားကြီး၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၂၃ ပြား ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ဂန့်ဂေါမြို့၌ ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက် တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရ

**ဂန့်ဂေါ အောက်တိုဘာ ၁**

ဂန့်ဂေါမြို့ ဂန့်ဂေါ–ကလေး ကားလမ်းတွင် ယမန်နေ့ ည ၉ နာရီခွဲခန့်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားသဖြင့် တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း သိရသည်။


ဖြစ်စဉ်မှာ စည်သူအောင် မောင်းနှင်ပြီး ကောင်းထက်နိုင်၊ ပြည့်စုံစိုးတို့ လိုက်ပါသည့်ဆိုင်ကယ်နှင့် ခင်ဦးမေ မောင်းနှင်ပြီး ဝင်းဝင်းငွေလိုက်ပါသည့် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိသဖြင့် စည်သူအောင်မှာ အခင်းဖြစ်နေရာ၌ သေဆုံးသွား၍ ဒဏ်ရာရရှိသူများအား ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဂန့်ဂေါမြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**၄၆၅**

## ပြင်ဆင်ဖတ်ရှုပါရန်

စက်တင်ဘာ ၃၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၄ တွင် ဖော်ပြခဲ့သော ဒိုက်ဦးမြို့နယ် ရဲတပ်ဖွဲ့ သန့်ရှင်းရေးဆောင်ရွက်သတင်းဓာတ်ပုံတွင် **မြို့မရဲစခန်းမှူး ရဲမှူးသိန်းဇော်** အစား **မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဇော်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ကျော်ကျော်(ဒိုက်ဦး)**






# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

**ရွေးကောက်ပွဲများသည် -**

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်
**၃၇**
ရက်သာ
လိုတော့သည်။

## ရေတာရှည်မြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည်စာရင်းအား ဒုတိယအကြိမ် ထုတ်ပြန်ကြေညာ



**ရေတာရှည် အောက်တိုဘာ ၁**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို ဒုတိယအကြိမ်အဖြစ် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းမှ စတင်၍ သက်ဆိုင်ရာ ရပ်/ကျေး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာမှုကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသူ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်ထွန်းနှင့် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက လှည့်လည်စစ်ဆေးကြည့်ရှုခဲ့ပြီး အသက်(၁၈) နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှုရန် အခက်အခဲရှိပါက မဲဆန္ဒရှင်စာရင်း ကြည့်ရှုစစ်ဆေးသည့် Web Application တွင် ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်သည့်အပြင် Mobile Application တွင်လည်း မိမိအမည်ပါ၊ မပါ ကြည့်ရှုစစ်ဆေးနိုင်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးထွန်းထွန်းက ပြောကြားသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းကို အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ ကပ်ထားကြေညာသွားမည်ဖြစ်ပြီး ရေတာရှည်မြို့နယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပေါင်း ၁၆၅၂၁၀ ရှိကြောင်းနှင့် စာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-ဂ)ဖြင့် ပြင်ဆင်လွှာ တင်သွင်းခြင်း၊ မဲစာရင်းတွင် ပါဝင်ရန်မသင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ ဆန္ဒမဲစာရင်းတွင် မိမိအမည် မပါရှိပါက ပုံစံ(၃)ဖြင့် အမည်ထည့်သွင်းရန် တောင်းဆိုခြင်း၊ အခြားဒေသမှ လာရောက်နေထိုင်သူများအနေဖြင့် ပုံစံ (၃-က)ဖြင့် လျှောက်ထားခြင်းများကို မဲစာရင်း ထုတ်ပြန်ကြေညာသည့်နေ့မှ ၁၄ ရက်အတွင်း ဆောင်ရွက်နိုင်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်စိစစ်၍ ဆောင်ရွက်ပေးသွားမည်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

ကိုလွင်(ဆွာ)

## ကျောက်မဲမြို့နယ်၌ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာ

**ကျောက်မဲ အောက်တိုဘာ ၁**
နိုဝင်ဘာ ၈ ရက်နေ့တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းများကို ကျောက်မဲ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် အောက်တိုဘာ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်အထိ နောက်ဆုံးအကြိမ်အဖြစ် ကပ်ထားကြေညာထားကြောင်း သိရသည်။

အဆိုပါမဲဆန္ဒရှင်စာရင်းများကို ကပ်ထားကြေညာထားစဉ် မဲဆန္ဒရှင်များက လာရောက်ကြည့်ရှုစစ်ဆေးပြီး မိမိတို့၏အမည်များ မဲစာရင်းတွင်ပါဝင်မှု မရှိခြင်း၊ မဲစာရင်းတွင် မပါဝင်သင့်သူများပါဝင်နေခြင်း၊ မဲဆန္ဒရှင်စာရင်းပါ အချက်အလက်များ မှားယွင်းနေခြင်းတို့ရှိပါက မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာစဉ်အတွင်း ပြန်လည်ဖြည့်စွက်၊ ပယ်ဖျက်၊ ပြင်ဆင်ပေးရန် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် သတ်မှတ်ပုံစံများဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း သိရသည်။

ကျောက်မဲမြို့နယ်တွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားသည့် မဲဆန္ဒရှင်စာရင်းအရ မဲပေးပိုင်ခွင့်ရှိသူ ၁၂၉၇၁၃ ဦးရှိပြီး လျာထားမဲရုံ ၁၁၁ ရုံ ရှိကြောင်း သိရသည်။

မိုင်းထွန်း(ပြန်/ဆက်)

## ဟိုပုံးမြို့၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၁**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းများကို ဒုတိယအကြိမ်အဖြစ် ယနေ့ နံနက်ပိုင်းမှစတင်၍ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ထုတ်ပြန်ကြေညာထားသည်။

**ပြန်လည်စိစစ် ဆောင်ရွက်မည်**

အဆိုပါ မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ နောက်ဆုံးအကြိမ်အဖြစ် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြေညာကပ်ထားမည်ဖြစ်ပြီး မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ-၄(ဂ)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်း၊ ဆန္ဒမဲစာရင်းတွင် မိမိအမည်မပါရှိပါက ပုံစံ(၃)ဖြင့် အမည်ထည့်သွင်းရန် တောင်းဆိုခြင်း၊ အခြားဒေသမှ လာရောက်နေထိုင်သူများအနေဖြင့် ပုံစံ-၃(က)ဖြင့် လျှောက်ထားခြင်း၊ မဲစာရင်းတွင် ပါဝင်ရန်မသင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်းများကို လျှောက်ထားလာသူများရှိပါက သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်စိစစ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

အသက်(၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှုရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ လမ်းညွှန်ချက်များနှင့်



အညီ အိမ်ထောင်စုတစ်စုလျှင်တစ်ဦး လာရောက်ကြည့်ရှုကြရန် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အသိပေးနှိုးဆော်ထားသည်။

မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှုရန် အခက်အခဲရှိပါက မဲဆန္ဒရှင်စာရင်းကြည့်ရှုစစ်ဆေးသည့် Web Application တွင် ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်သည့်အပြင် Mobile Application တွင်လည်း ကြည့်ရှုစစ်ဆေးနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

ဂျိုင်းလော(သတင်းစဉ်)

## ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးသင်တန်း ဖွင့်လှစ်

**မန္တလေး အောက်တိုဘာ ၁**
မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့ အထူးရဲတပ်ဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးသင်တန်းအမှတ်စဉ်(၁/၂၀၂၀) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပြည်ကြီးတံခွန်မြို့နယ် အထက(၂၇)ကျောင်းခန်းမ၌ ကျန်းမာရေး ညွှန်ကြားချက်များနှင့်အညီ ကျင်းပရာ ပြည်ကြီးတံခွန်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးနေမျိုးအောင်က သင်တန်းဖွင့်လှစ်ပေးခဲ့ပြီး အခမ်းအနားသို့ အထူးရဲသင်တန်းသား ၃၀ နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလရော်နှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မန်း(ကိုယ်ပွား)

## ကျောင်းကုန်းမြို့နယ်၌ အထူးရဲသင်တန်း ဖွင့်လှစ်

**ကျောင်းကုန်း အောက်တိုဘာ ၁**
နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အေးချမ်းတည်ငြိမ်စွာဖြင့် အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အထူးရဲသင်တန်းကို ကျောင်းကုန်းမြို့နယ် အထက(၁) ခန်းမ ၌ ယနေ့နံနက် ၈ နာရီခွဲတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းရွှေက ပုသိမ်ခရိုင်အတွင်း၌ မဲရုံပေါင်း ၁၂၇၁ ရုံ ရှိသည့်အတွက် အထူးရဲ ၁၂၇၁ ဦးခန့်အပ်ပြီးဖြစ်ကြောင်း၊ ကျောင်းကုန်းမြို့နယ်အနေဖြင့် မဲရုံပေါင်း ၁၂၅ ရုံရှိ၍ အထူးရဲ ၁၂၅ ဦး ခန့်အပ်ထားပြီး အထူးရဲတပ်ဖွဲ့ဝင်များကို သုံးနေရာခွဲကာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကျောင်းကုန်းမြို့နယ် အထက(၁)တွင် ၅၄ ဦး၊ ဥယျာဉ်ကြီးဘုန်းကြီးကျောင်းတွင် ၄၀ နှင့် ဒေါင့်ကြီး အထကတွင် ၃၀ စုစုပေါင်း ၁၂၅ ဦးအား အောက်တိုဘာ ၁ ရက်မှ ၂၈ ရက်အထိ ရွေးကောက်ပွဲဥပဒေ၊ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ ဘာသာရပ်များ သင်ကြားပို့ချပေးမည်ဖြစ်ပြီး ရက်ပေါင်း ၄၆ ရက်အတွက် ခန့်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

**ကိုယ်ပိုင်အခွင့်အရေး မဆုံးရှုံးဖို့ မဲရုံသွားကာ မဲပေးစို့ . . .**

# မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၁

**မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ ဥက္ကဋ္ဌ ဦးငွေးကျော်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**



**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသား မြန်မာပြည်သူများ ခင်ဗျာ–**

မြန်မာပြည်သူများအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော်က မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီရဲ့ ပါတီဥက္ကဋ္ဌ ဦးငွေးကျော်ဖြစ်ပါတယ်။

မြန်မာပြည်သူများဆိုတာက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖြစ်တဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းနဲ့ တိုင်းရင်းသားမျိုးနွယ်စုများအပါ အဝင် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ကို ရည်ညွှန်းထားတာပဲဖြစ်ပါတယ်။

ပါတီဖွဲ့စည်းတည်ထောင်ရတဲ့ အကြောင်းရင်းကတော့ ၂၀၁၀ ပြည့်နှစ်နဲ့ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ နှစ်ကြိမ်အရ ပေါ်ပေါက်ခဲ့တဲ့ အစိုးရ၊ လွှတ်တော်၊ တရားရေးမဏ္ဍိုင်များရဲ့ ဆောင်ရွက်ချက်များကို နှိုင်းယှဉ်ဆန်းစစ်ပြီး အားသာချက်၊ အားနည်းချက်၊ လိုအပ်ချက်များကို သင်ခန်းစာယူလျက် နိုင်ငံတော်တည်ဆောက်ရေးနဲ့ ပြည်သူ့ဘဝ လုံခြုံအေးချမ်းပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက် အဖွဲ့အစည်းတစ်ရပ်တည်းနဲ့ ဆောင်ရွက်လို့မရဘဲ တိုင်းပြည်မှာရှိတဲ့ နိုင်ငံရေးအင်အားစုများ၊ စီးပွားရေးအင်အားစုများ၊ လူမှုရေးအင်အားစုများ၊ ကာကွယ်ရေးနဲ့ လုံခြုံရေး အင်အားစုများ၊ နိုင်ငံသားပြည်သူများအားလုံး ဆောင်ရွက်ကြမှသာ ပြည်သူ့ဆန္ဒနဲ့ လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်မယ်၊ နိုင်ငံတော်အတွက် ကောင်းမွန်တဲ့ အပြောင်းအလဲတွေ ဖြစ်မယ်ဆိုတဲ့ အကြောင်းကြောင့် အုပ်ချုပ်ရေးစနစ်တစ်ခုမှ တစ်ခုသို့ ပြောင်းလဲလာသည့် မြန်မာ့နိုင်ငံရေး အခင်းအကျင်းဖြစ်စဉ်နဲ့ ပကတိဖြစ်ပေါ်နေတဲ့ အရှိတရားများရဲ့ တောင်းဆိုချက်များအရ မြန်မာပြည်သူများရဲ့ အကျိုးအတွက် ပါတီဖွဲ့စည်း တည်ထောင်ရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၇ ခုနှစ် မေလ ၁၈ ရက်နေ့မှာ နိုင်ငံရေးပါတီမှတ်ပုံတင် အမှတ် (၁၀၂) အရ တရားဝင်နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုချက်ရရှိပြီးဖြစ်လို့ ပါတီဟာ ဥပဒေအရ ဥပဓိပုဂ္ဂိုလ်ရှိသော ပါတီ (Legal Personality Party) ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပါတီရုံးချုပ်ကတော့ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ပဲခူးလမ်းရပ်ကွက်၊ ဦးဘသင်းလမ်း၊ အမှတ်(၃) မှာ တည်ရှိပါတယ်။

ပါတီရဲ့ ဦးတည်ချက်ကတော့ ပြည်သူ့ဆန္ဒနဲ့ သဘောထားဖြစ်တဲ့ အာဏာရှင်စနစ် ဆန့်ကျင်ရေး၊ ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ပြည်သူ့အုပ်ချုပ်ရေးစနစ် တည်ဆောက်ရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကိစ္စအဝဝမှာ ပြည်သူ့ကိုယ်စားပြု ပါဝင်ဆောင်ရွက်ခွင့်၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခွင့်နဲ့ ရွေးချယ်ဆုံးဖြတ်ခွင့်များ ပြည်သူများလက်ဝယ်ရရှိဆောင်ရွက်နိုင်ရေးစတဲ့ ဒီမိုကရေစီရေးနှင့် အမျိုးသားသွေးစည်းညီညွတ်ရေးကိုအခြေခံပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးမှာ ကျရာကဏ္ဍမှပါဝင်ဆောင်ရွက်နိုင်ရေးဖြစ်ပြီး အမျိုးသားရေးမူဝါဒနှင့်အညီ နိုင်ငံ့အရေးကို ဦးတည်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပါတီရဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော် အချုပ်အခြာအာဏာရဲ့ မူလပိုင်ရှင်ဟာ နိုင်ငံသားပြည်သူများပဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ မည်သည့်လူပုဂ္ဂိုလ်အဖွဲ့အစည်းတစ်ရပ်ကမှ ပိုင်ဆိုင်ခြင်းမရှိပါဘူး။ ဒါကြောင့် အချုပ်အခြာအာဏာရဲ့ မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူများကိုယ်တိုင် ကျင့်သုံးဆောင်ရွက်နိုင်ရေးအတွက် ပြည်သူများနှင့် တစ်သားတည်းခံယူလျက် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားနိုင်ရေးပဲ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပါတီရဲ့အခြေခံမူကတော့ ပြည်သူ့အကျိုးစီးပွားနဲ့ ပြည်သူ့ဘဝကို ထိခိုက်နစ်နာစေမယ့် အာဏာရှင်/အာဏာရှင်ပုံစံအမျိုးမျိုးနဲ့ အာဏာရှင်စနစ်ကို ဆန့်ကျင်ပြီး ခေတ်မီသော ပြည်သူ့အကျိုးပြုမူဝါဒများကို အခြေခံသော မူဝါဒနဲ့ စည်းမျဉ်းဥပဒေအခြေပြု အဖွဲ့အစည်းတစ်ရပ်အနေဖြင့် ဒီမိုကရက်တစ်နိုင်ငံရေးစနစ်ဖြင့် စစ်မှန်သော ဒီမိုကရေစီစနစ်၊ ကောင်းမွန်သန့်ရှင်းသော ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို ရေရှည်ခိုင်ခိုင်မာမာ ဝိုင်းဝန်းတည်ဆောက်သွားရန်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပါတီမူဝါဒ အနှစ်ချုပ်ကတော့ ပြည်သူလူထုအကျိုးစီးပွားကို အခြေခံတဲ့ မူဝါဒ၊ တစ်နည်းအားဖြင့် ပြည်သူ့ရေးရာမူဝါဒ (Public Policy)များပဲ ဖြစ်ပါတယ်။ ပြည်သူများကြောင့် နိုင်ငံတော်ဖြစ်တည်ရှိလာသကဲ့သို့ နိုင်ငံတော် ဖြစ်တည်လာခြင်းကြောင့်လည်း ပြည်သူများရပ်တည်နေနိုင်ခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူများဟာ အဓိကအခြေခံကျသကဲ့သို့ နိုင်ငံတော်ဟာလည်း ပဓာနကျပါတယ်။ ပြည်သူကိုအခြေမခံ ပြည်သူတွေကို ဗဟိုမပြုဘဲ ပြည်သူ့အကျိုးစီးပွားကို မျက်ကွယ်ပြုပြီး အပေါ်ထပ် အဆောက်အအုံဖြစ်တဲ့ နိုင်ငံတော်တည်ဆောက်ရေးနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုပဲ တစ်ဖက်သတ် ဇောင်းပေးလုပ်ဆောင်နေမယ်ဆိုရင်ဖြင့် ရွှေကျောင်းပြောင်ပြောင်၊ ဝမ်းခေါင်ခေါင်ဘဝနဲ့ပဲ ပြည်သူများ ဘဝမလုံခြုံ၊ အထွေထွေအကျပ်အတည်းများနဲ့ တွေ့ကြုံရပြီး ပြည်သူတွေနွမ်း၊ အစိုးရပန်းပြီး အချိန်တွေသာကုန် လှေကွဲစီး ခရီးမတွင် လိုရာခရီးပန်းတိုင်မရောက်ဖြစ်မှာမို့ ပြည်သူတွေရဲ့ဘဝ အားကောင်းမောင်းသန်ဖြစ်စေမယ့် ပြည်သူ့ဘဝအတွက် အခြေခံစီးပွားရေးကို ချန်မထားဖို့၊ မလစ်ဟာဖို့ ဦးစားပေးဆောင်ရွက်ဖို့ အရေးကြီးပါတယ်။ ပြည်သူများရဲ့ လူမှုစီးပွားအခြေခံကောင်းတွေ ပိုင်ဆိုင်ပြီး ပြည်သူတွေ လက်တွေ့အကျိုးခံစားလာရရင် ရေမြင့်ရင် ကြာတင့်သလိုပါပဲ၊ နိုင်ငံတော်လည်း မြင့်မား/ဖွံ့ဖြိုးတိုးတက်လာမှာ မလွဲကေန်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကမ္ဘာနှင့်အဝှမ်း ကူးစက်မြန် ကိုဗစ်–၁၉ ကပ်ရောဂါဘေးကို ခံစားရတဲ့အချိန်မှာ မြန်မာပြည်သူများလည်း တွေ့ကြုံ ခံစားရတဲ့အတွက်ကြောင့် ပြည်သူများဟာ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အပါအဝင် လူမှုဘဝ ကဏ္ဍစုံမှာ အဘက်ဘက်က ထိခိုက်နစ်နာပြီး အခက်အခဲအကျပ်အတည်းပေါင်းစုံ၊ ပြဿနာပေါင်းစုံ၊ ဘဝမွန်းကျပ်မှုပေါင်းစုံနဲ့ နေ့စဉ် ရင်ဆိုင်တွေ့ကြုံဖြေရှင်း ရုန်းကန်နေရတဲ့အတွက်ကြောင့် အစိုးရအနေနဲ့ ပြည်သူ့အရေး အချိန်နဲ့တစ်ပြေးညီ အမြန်ဦးစားပေး ဆောင်ရွက်ပေးဖို့ လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

ပါတီရပ်တည်ချက်ကတော့ ပါတီရဲ့ ရပ်တည်ချက်အခြေခံမဏ္ဍိုင် (၃)ရပ်အပေါ်မှာ မသွေဖည်ဘဲ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်နေပါတယ်။

မြန်မာနိုင်ငံဟာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုး ၁၀၀ ကျော်ရှိနေတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံဟာ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာစကား၊ စာပေနဲ့ ယုံကြည်ကိုးကွယ်မှု အသီးသီးရှိကြပါတယ်။ ကိုယ်ပိုင်အမျိုးသားလက္ခဏာများလည်းရှိကြပါတယ်။ မတူကွဲပြားမှုရှိကြပေမယ့် ခွဲခြားမှုမရှိဘဲ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် သွေးချင်းမိသားစုများအဖြစ် အတူတကွ ပေါင်းစည်းနေထိုင်လာခဲ့ကြတာ နှစ်ပေါင်းထောင်ချီကြာခဲ့ပြီဖြစ်ပါတယ်။ ဒါကြောင့် မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ရိုးရာဓလေ့ ထုံးတမ်းစဉ်လာတွေ၊ မြန်မာ့လူမှုကျင့်ဝတ်တွေဟာ ပြည်ထောင်စုပင်စည်ကြီးက ပေါက်ဖွားလာပြီး လက်ဆင့်ကမ်းကျင့်သုံးထိန်းသိမ်း စောင့်ရှောက်ခဲ့ကြတာ ယနေ့ထိတိုင်ပဲဖြစ်ပါတယ်။

တိုးတက်ပြောင်းလဲလာသောခေတ်နဲ့အညီ သဘောတရား၊ အတွေးအခေါ် အယူအဆတွေ ဘယ်လိုပဲပြောင်းပြောင်း ပြောင်းလဲကျင့်သုံးဆောင်ရွက်ကြပေမယ့် မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာတွေ၊ အစဉ်အလာလိုက်နာ ကျင့်သုံးခဲ့တဲ့ လူမှုကျင့်ဝတ်တွေကို ထိခိုက်ယုတ်လျော့စေခြင်းမရှိရန် လိုအပ်ပါတယ်။ ပကတိအရှိတရားတွေနဲ့လည်း ကင်းကွာ၊ ဓမ္မဓိဋ္ဌာန်လည်းမကျ၊ လျော်ကန်သင့်မြတ်မှုလည်းမရှိ၊ မြန်မာပြည်သူများနှင့်လည်း အံဝင်ခွင်မကျ၊ သဟဇာတမဖြစ်၊ မြန်မာနိုင်ငံနှင့်လည်း လက်တွေ့ကျင့်သုံးရန် မကိုက်ညီ၊ မသင့် လျော်သောနိုင်ငံတော်နှင့် ပြည်သူများကိုသာ ထိခိုက်နစ်နာစေမည့် ပြည်ပမှ ပုံတူကူးချသည့် ဝါဒသဘောတရား အယူအဆ၊ မူဝါဒ၊ ကျင့်စဉ်များကိုဆန့်ကျင်ပြီး ရည်ရွယ်ချက်တူ၊ မူဝါဒတူ လူပုဂ္ဂိုလ်/အဖွဲ့အစည်းများနှင့် ပြည်သူ့အကျိုးစီးပွားအတွက် ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါကြောင့် ပါတီရဲ့ ရပ်တည်ချက် အခြေခံမဏ္ဍိုင် (၃)ရပ်ကို တင်ပြရရင်–

(၁) အမျိုးသား အကျိုးစီးပွား (National Interest)
(၂) အမျိုးသား လုံခြုံရေး (National Security)
(၃) အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး (National Development) တို့ဖြစ်ပါတယ်။

ပါတီအနေဖြင့် လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ တရားမျှတခြင်းကို နိုင်ငံတော်နဲ့ ပြည်သူများအတွင်း ထွန်းကားရေး အစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာ့သမိုင်း ရဲ့ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ပြီး အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ အကျိုးကို ဝံသာနုရက္ခိတ တရားနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်လျက် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်ဘဲ စောင့်ထိန်းဆောင်ရွက်သွားမယ်ဆိုတာ တင်ပြအပ်ပါတယ်။

ပါတီအနေဖြင့် ဒီမိုကရက်တစ်နိုင်ငံသား ပြည်သူ့အခွင့်အရေးများဖြစ်တဲ့–

(၁) နိုင်ငံသားပြည်သူများရဲ့ မူလအခွင့်အရေးများ ရရှိစေရန်
(၂) အရည်အချင်း ချို့ယွင်းတာဝန်မကျေ ပျက်ကွက်တဲ့ကိုယ်စားလှယ်များကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်
(၃) စွပ်စွဲပြစ်တင်တာဝန်မှ ရုပ်စဲခွင့်
(၄) ပြည်သူ့အဆုံးအဖြတ်ရယူရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူခွင့်များကို ပြည်သူများရရှိခံစားကျင့်သုံးနိုင်ရေး ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပါတီအနေဖြင့် မြန်မာနိုင်ငံရေးသမိုင်းကြောင်းအရ လွတ်လပ်ရေးနှင့် အတူပေါက်ဖွားလာသည့် တပ်မတော်ရဲ့ နိုင်ငံတော်ကာကွယ်ရေး နှင့် လုံခြုံရေး၊ အမျိုးသား နိုင်ငံရေးတာဝန်များကို ပကတိအရှိတရားများအဖြစ် ဓမ္မဓိဋ္ဌာန်ကျကျလက်ခံပြီး နိုင်ငံတော်၏ တရားဝင် တစ်ခုတည်းသော တပ်မတော်အဖြစ် အသိအမှတ်ပြုပါတယ်။ နိုင်ငံတော် တည်ဆောက်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အတွက် တပ်မတော်အပါအဝင် နိုင်ငံ အင်အားစုအားလုံး၊ အင်စတီကျူးရှင်း အားလုံးနဲ့ ပူးပေါင်းလက်တွဲဆောင်ရွက်သွားမှသာလျှင် လမ်းမပျောက် ခရီးပေါက် ပန်းတိုင်ရောက်ပြီး ရလဒ်ရမှာဖြစ်ပါတယ်။ အရပ်ဘက်–စစ်ဘက် ဆက်ဆံရေးမှတစ်ဆင့် အရပ်ဘက်–စစ်ဘက် ပူးပေါင်းဆောင်ရွက်ပြီး ဓမ္မဓိဋ္ဌာန်ကျကျ ဟန်ချက်ညီညီ သဟဇာတဖြစ်ပြီး အရပ်ဘက်– စစ်ဘက် တစ်သားတည်း အတူတကွ အားလုံး ပူးပေါင်းလက်တွဲဆောင်ရွက်မှသာ အားလုံး ပန်းတိုင်ရောက်မှာဖြစ်ပြီး ရွှေပြည်တော် မျှော်လေတိုင်းမဝေးတော့ဘဲ ပြည်သူ့ဆန္ဒပြည့်ဝပြီး သားရွှေအိုးထမ်းတာကို မြင်တွေ့ရမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပါတီစုံ ဒီမိုကရေစီစနစ်မှာ ပါတီစုံရှိနေလို့ ပြည်သူများအနေနဲ့ စိတ်ကြိုက်ရွေးချယ်ခွင့် (choice) ရရှိမှာဖြစ်ပါတယ်။ တစ်ပါတီစနစ်မှာ ရွေးချယ်ခွင့်မရှိပါဘူး။ ဗိုလုံတစ်လှည့် ငါးပျံတစ်လှည့်၊ မင်းတစ်လှည့် ငါတစ်လှည့်ဖြစ်နေတဲ့ နှစ်ပါတီစနစ်ထက် ယခု ပါတီစုံစနစ်ကတော့ ပြည်သူတွေအတွက် စိတ်ကြိုက်ရွေးချယ်ခွင့် အခွင့်အရေးကောင်း ရရှိနေပါတယ်။ အခွင့်အရေးကို ပြည်သူများအနေနဲ့ ကောင်းကောင်းအသုံးချစေလိုပါကြောင်း တင်ပြအပ်ပါတယ်။

ခိုင်မာအားကောင်းသည့် အစိုးရနဲ့မျှတသည့် အစိုးရကို ရဖို့ဆိုတာ ရွေးကောက်ပွဲစနစ်ဟာ အဓိကအခရာ ကျနေပါတယ်။

ဒါကြောင့် နိုင်ငံရေးအနှစ်သာရအားဖြင့်လည်းကောင်း၊ ပြည်သူ့ဆန္ဒဖော်ထုတ်ရာတွင်လည်းကောင်း၊ ပြည်သူအားလုံးရဲ့ ပါဝင်ခွင့်၊ ကိုယ်စားပြုခွင့်ကိုလည်းကောင်း၊ မျက်ကွယ်ပြု တရားမျှတမှုကို အားနည်းစေသော ခေတ်နောက်ကျနေသည့် ရွေးကောက်ပွဲစနစ်အစား ခေတ်မီ၍ တရားမျှတသော စစ်မှန်သည့် ဒီမိုကရေစီနည်းကျသော ရွေးကောက်ပွဲစနစ်ဖြင့် အစားထိုးပြောင်းလဲကျင့်သုံးသွားဖို့ အချိန်တန်ပြီဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မူဝါဒကောင်းနဲ့ မူဝါဒကို အကောင်အထည်ဖော်မယ့် လုပ်ငန်းစဉ်ကောင်း နှစ်ခုဟာ သဟဇာတဖြစ်ပြီး ကိုယ်စားလှယ်ကောင်းက လေကြီးမိုးကြီးမပြောဘဲ ပြောတဲ့အတိုင်းလုပ်၊ လုပ်တဲ့အတိုင်းပြော၊ အပြောနဲ့အလုပ် ညီမှသာ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်နိုင်မှာဖြစ်ပြီး ရလဒ်ကောင်းရမှာဖြစ်ပါတယ်။ လူကိုမကြည့်ဘဲ ပါတီကိုကြည့်ရင် ပါတီပဲမြင်မှာ ဖြစ်ပါတယ်။ ပါတီကို မကြည့်ဘဲ လူကိုကြည့်ရင် လူပဲမြင်မှာဖြစ်ပါတယ်။ ပါတီစုံရွေးကောက်ပွဲမှာ တစ်ပါတီတည်း လူတစ်ယောက်တည်းကိုကြည့်ရင် တစ်ပါတီတည်း လူတစ်ယောက်တည်းကို မြင်နေမှာဖြစ်ပါတယ်။ ပါတီစုံစနစ်မှာ ပါတီအားလုံးတွင် ပြည်သူတွေ အားထားနိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ကိုယ်စားလှယ်ကောင်းတွေ များစွာရှိနေပါတယ်။ ပါတီအားလုံး၊ လူအားလုံးကို မြင်အောင်ကြည့်ကြဖို့ ပန်ကြားတင်ပြလိုပါတယ်။

**မြန်မာပြည်သူများခင်ဗျာ..**

ပါတီအမှတ်တံဆိပ်မှာဖော်ပြထားတဲ့အဝါရောင်ဟာ ဒီမိုကရေစီကို ကိုယ်စားပြုဖြစ်ပါတယ်။ အနီရောင်စက်ဝိုင်းဟာ အမျိုးဘာသာ သာသနာနဲ့ အမျိုးသားရေးအတွက် ရဲရင့်ပြတ်သားစွာ ဆောင်ရွက်မယ်ဆိုတဲ့အဓိပ္ပာယ်ကို ဖော်ဆောင်ပါတယ်။ အရွယ်တူ ကြယ်ဖြူ(၁၄)လုံးဟာ တန်းတူညီမျှတဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးများကို ဖော်ဆောင်ပါတယ်။ အပြာရောင်ဟာ ထာဝရငြိမ်းချမ်းရေးကို ရည်ညွှန်းပါတယ်။ ရွှေရောင်မြန်မာပြည်မြေပုံကတော့ နိုင်ငံတော်နဲ့ နိုင်ငံသား ပြည်သူများကို ကိုယ်စားပြုပါတယ်။ ရွှေရောင်ကြယ်ကြီးက နိုင်ငံတော်နဲ့ နိုင်ငံသားပြည်သူတွေဟာ ကမ္ဘာတည်သရွေ့ အစဉ်ထာဝရ ထွန်းလင်းတောက်ပထည်ဝါစွာ ရပ်တည်နေမယ်ဆိုတာကို ဖော်ညွှန်းထားတာဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်္ဂလာဒုံမြို့နယ် ရပ်ကွက်များ၊ ထောက်ကြန့်မြို့ ရပ်ကွက်များ၊ နွယ်ခွေနှင့် ပျဉ်းမပင်ကျေးရွာအုပ်စု မဲဆန္ဒရှင်ပြည်သူများ၊ မကွေးတိုင်းဒေသကြီး သရက်မြို့ရှိရပ်ကွက်များ၊ ပိတောက်ပင်၊ အင်းမငယ်၊ ရေမျက်၊ ဘန်းကုန်း၊ တလပါး၊ တွင်းလယ်၊ ပေါက်ဦးကား၊ ရွာမ၊ တုံ၊ ပါးပွတ်၊ ပုဏ္ဏားကုန်း၊ ပျဉ်းအိုင်၊ ဆင်တော်၊ ကြိုးကြာ၊ မင်းတဲ၊ ပျဉ်းတောင်၊ ထုံးတောင်၊ ပိဿလိမ်း၊ ပြရေ၊ ရေပေါ်ကျွန်း၊ ရေဖြူကျေးရွာအုပ်စု ရွာများရှိ မဲဆန္ဒရှင်ပြည်သူများခင်ဗျာ..

ကျွန်တော်တို့ပါတီရဲ့ ကိုယ်စားလှယ်လောင်းများကို ပါတီက ပြည်သူ့ထံ အပ်နှံပါတယ်။ ကျွန်တော်တို့ပါတီရဲ့ ရွှေရောင်မြန်မာပြည် အမှတ်တံဆိပ်နဲ့ ကိုယ်စားလှယ်လောင်းများကို အင်တိုက်အားတိုက် အားပေးထောက်ခံဆန္ဒမဲ ပေးကြဖို့ ပြည်သူ့ဆန္ဒမဲ တောင်းခံရင်း နိဂုံးချုပ်အပ်ပါတယ်။

မြန်မာပြည်သူများအားလုံး....ကပ်ရောဂါဘေး ကင်းဝေးပြီး ဘေးကင်းရန်ကွာ ကျန်းမာချမ်းသာကြပါစေ.....

ကျေးဇူးတင်ပါတယ်။

# ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်    အောက်တိုဘာ    ၁

**ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးမျိုးကျော်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**



မဲဆန္ဒရှင်ပြည်သူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ အထွေထွေအတွင်းရေးမှူး မျိုးကျော်ဖြစ်ပါတယ်။

တစ်ချိန်တည်းမှာပဲ ရခိုင်ဒေသမှာဖြစ်ပွားနေတဲ့ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကြောင့် အပြစ်မဲ့တဲ့ ပြည်သူတွေအသက်ဆုံးရှုံးခြင်း၊ ညှဉ်းပန်းနှိပ်စက်ခံရခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ မိမိတို့၏ အိုးအိမ်တွေကို စွန့်ခွာပြီး စစ်ဘေးရှောင်စခန်းတွေမှာနေရခြင်း စတဲ့ဒုက္ခမျိုးစုံကို တွေ့ကြုံခံစားနေရတဲ့ မိသားစုတွေနဲ့ထပ်တူ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကလည်း များစွာကြေကွဲဝမ်းနည်းရကြောင်းကိုလည်း ပြောကြားလိုပါတယ်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ၁၉၈၈ ခုနှစ်မှာဖြစ်ပွားခဲ့တဲ့ ရှစ်လေးလုံး ဒီမိုကရေစီရေး ပြည်သူ့အရေးတော်ပုံက ပေါ်ပေါက်လာခဲ့တဲ့ ပါတီဖြစ်ပြီး ရခိုင်-မြန်မာပဏ္ဍိတ်ဆရာကြီးဦးဦးသာထွန်းနဲ့ဒေါက်တာဦးစောမြအောင်တို့က ဦးစီးဦးဆောင်ပြုကာ စတင်တည်ထောင်ခဲ့ကြပါတယ်။ စတင်တည်ထောင်စဉ်ကပင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ဒီမိုကရေစီရေး၊ တိုင်းရင်းသားလူမျိုးများအားလုံးတန်းတူရေး၊ အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရရှိရေးတို့အပေါ်မှာ အခြေခံတဲ့ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ခြင်းဖြင့်သာ ထာဝရပြည်တွင်းငြိမ်းချမ်းရေးကို ရရှိနိုင်ပြီး ရခိုင်ပြည်သူများအပါအဝင် မြန်မာပြည်သူများအားလုံး ဖွံ့ဖြိုးတိုးတက်မည်ဆိုသည့် မူဝါဒကိုချမှတ်ခဲ့ကြပါတယ်။ အဲဒီနောက် ၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်(၁၁)နေရာမှာ အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံမှာ တတိယအများဆုံး အနိုင်ရပါတီအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ မိမိတို့ပါတီရဲ့ မူဝါဒကို အကောင်အထည်ဖော်ရာမှာ တခြားသောဘဝတူ တိုင်းရင်းသားတွေနဲ့ လက်တွဲပြီး ပူးပေါင်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်(UNLD)မှာ ဦးဆောင်ပါဝင်လှုပ်ရှားခဲ့ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်(UNLD)နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)တို့ဟာ အနာဂတ်ပြည်ထောင်စုကို တိုင်းရင်းသားလူမျိုးများအားလုံးတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရရှိရေး ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးများ အာမခံချက်ရှိတဲ့ ပြည်ထောင်စုတည်ဆောက်ရန် ဗိုလ်အောင်ကျော်လမ်းကြေညာချက် ၂၉.၈.၁၉၉၀ ကို သဘောတူလက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ကြတယ်။

၁၉၉၂ ခုနှစ်မှာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ မှတ်ပုံတင်ဖျက်သိမ်းခံခဲ့ရပါတယ်။ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီး ဖြစ်ပေါ်လာတဲ့နိုင်ငံရေးဖြစ်စဉ်တွေကြောင့် ၂၀၁၂ ခုနှစ်မှာ ပြန်လည်၍ မှတ်ပုံတင်ခဲ့ပြီး စည်းလုံးညီညွတ်သော တိုင်းရင်းသားလူမျိုးများမဟာမိတ်(UNA)တွင် ဦးဆောင်ပါဝင်ခဲ့ပါတယ်။

အဲဒီနောက် ရခိုင်ပြည်သူတွေကြားမှာ ဖြစ်ပေါ်လာနေတဲ့ ဆန္ဒကို လေးစားတဲ့အနေနဲ့သော်လည်းကောင်း၊ ရခိုင်လူမျိုးတွေရဲ့ အကျိုးစီးပွားကို ပိုမိုဆောင်ရွက်ပေးနိုင်မည်လို့ ယုံကြည်တဲ့အတွက်လည်းကောင်း၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ(RNDP)နဲ့ ပူးပေါင်းပြီး ရခိုင်အမျိုးသားပါတီ(ANP)ကို တည်ထောင်ခဲ့ကြပါတယ်။

၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲအပြီးနောက်ပိုင်းကာလတွေမှာ ရခိုင်အမျိုးသားပါတီ(ANP)အတွင်း မူဝါဒပိုင်းဆိုင်ရာ သဘောထားကွဲပြားလာမှုကြောင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဟာ မိမိပါတီရဲ့မူဝါဒတွေကို ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့အတွက် ၂၀၁၇ ခုနှစ်မှာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကို ထပ်မံဖွဲ့စည်းပြီး တတိယအကြိမ် မှတ်ပုံတင်ခဲ့ပါတယ်။ စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများ မဟာမိတ်(UNA)အဖွဲ့မှာလည်း မူလအတိုင်းပဲ ပါဝင်လှုပ်ရှားနေပါတယ်။

ဒီကနေ့ တည်ရှိနေတဲ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟာ ပင်လုံကတိကဝတ်၊ ပင်လုံစိတ်ဓာတ်၊ ပင်လုံသဘောတူစာချုပ်အရ ခွဲထွက်ခွင့်ပေးထားသော ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပေါင်းစည်းခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်တယ်။

တိုင်းရင်းသားပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်း၊ တရားဥပဒေအခွင့်အလမ်းတို့ကို လျစ်လျူရှုမှုတို့ကြောင့် ပဋိပက္ခဆီသို့ ဦးတည်ကာ ပြည်တွင်းစစ်မီးကို တောက်လောင်စေခဲ့တယ်။ ဤပြည်တွင်းစစ်မီးကို ငြိမ်းအေးစေကာ တရားမျှတသည့် လူ့ဘောင်တစ်ရပ် ပေါ်ထွန်းလာစေပြီး အမျိုးသားသွေးစည်းညီညွတ်ရေးကို အခိုင်အမာထူထောင်နိုင်ရန်မှာ စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို တစ်မျိုးသားလုံးပါဝင်၍ မဖြစ်မနေ တည်ဆောက်ကြရန်မှတစ်ပါး အခြားမရှိပေ။

ထို့ကြောင့် မိမိတို့ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန်အတွက် အုပ်ချုပ်ရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍနှင့် ဥပဒေပြုရေးကဏ္ဍတို့တွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်နိုင်ရန် ပါတီတွင်းချမှတ်ထားသော မူဝါဒများနှင့်အညီ လုပ်ငန်းစဉ်များကို ကြိုးပမ်းအကောင်အထည်ဖော်သွားမည်ဖြစ်တယ်။ ပြည်တွင်းရှိ ဘဏ္ဍာရေးရာကိစ္စရပ်များကိုလည်း မူဝါဒများချမှတ်၍ မူဝါဒနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်ပိုင်ခွင့်၊ သဘာဝသယံဇာတ၊ ပြည်တွင်းပြည်ပ စီးပွားရေးရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးလုပ်ရာတွင် ပြည်နယ်အချင်းချင်းနှင့် နယ်စပ်ကုန်သွယ်ရေး၊ လယ်ယာ၊ သစ်တောနှင့် ရေလုပ်ငန်းများ အပါအဝင် အခြားသောစီးပွားရေးလုပ်ငန်းများအပြင် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ မူဝါဒများချမှတ်၍ ပြည်နယ်ပညာရေးနှင့် စီမံကိန်းကဏ္ဍများတွင် ထည့်သွင်းရေးဆွဲထားရမှာဖြစ်တယ်။


တရားစီရင်ရေးစနစ်ကိုလည်း ဖက်ဒရယ်ပြည်ထောင်စုတရားစီရင်ရေးစနစ်နှင့် ကိုက်ညီမှုရှိအောင် အဆင့်ဆင့်သော တရားရုံးများကို ဖွဲ့စည်းကာ တရားစီရင်ပိုင်ခွင့်များနှင့်အညီ စစ်ဆေးစီရင်ရမည်။

ဥပဒေပြုရေးကဏ္ဍတွင်လည်း ဖက်ဒရယ်ပြည်ထောင်စု အခြေခံဥပဒေနှင့်အညီ ပြည်နယ်လွှတ်တော်ကို ပြည်နယ်တွင်းတွင် နေထိုင်ကြသော ပြည်သူများမှ ရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး လိုအပ်သည့်ဥပဒေများကို ပြဋ္ဌာန်းပေးနိုင်ရမည်ဖြစ်သည်။

မိမိတို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်သည် ဖော်ပြခဲ့သည့် နိုင်ငံရေးမူဝါဒများနှင့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မဟာမိတ်တိုင်းရင်းသားပါတီများအပြင် တခြားသော ပြည်မမှ ဖက်ဒရယ်ပြည်ထောင်စုကို အမှန်တကယ် လိုလားသည့် ပါတီများနှင့်လည်း ပူးပေါင်းကာ ကြိုးပမ်းဆောင်ရွက်သွားမည်ဟု သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်သည်။ လွတ်လပ်ရေးသက်တမ်းနှင့်အမျှ ကြာမြင့်လာပြီဖြစ်သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခသည် ယခုအခါ တိုင်းရင်းသားဒေသများ အထူးသဖြင့် ရခိုင်ဒေသတွင် ပိုမိုပြင်းထန်လာနေပြီဖြစ်သည်။ အဆိုပါပဋိပက္ခငြိမ်းအေးစေရန်မှာ တရားမျှတခြင်း ယဉ်ကျေးမှုတစ်ရပ်ကို အခိုင်အမာ တည်ဆောက်နိုင်ရန် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

ဤပြည်တွင်းတိုက်ပွဲများက မိမိတို့နိုင်ငံ၏ ခနဥစ္စာများကို ဝါးမျိုသုံးစွဲလိုက်ခြင်းကြောင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့်ကဏ္ဍများ နောက်ကျခဲ့ရခြင်းက ပြည်သူများအား ဆင်းရဲတွင်းနက်စေသည်။ နိုင်ငံပြိုကွဲခြင်းကို ဦးတည်စေသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ပြည်တွင်းစစ်က ရရှိလာသည့် သင်ခန်းစာမှာ ဖက်ဒရယ်ပြည်ထောင်စုကို အကောင်အထည်ဖော်ရန် ပျက်ကွက်ခြင်းသည် ပြည်ထောင်စုပြိုကွဲရေးကို ဖြစ်စေနိုင်ပြီး ပင်လုံသဘောတူစာချုပ်၊ ပင်လုံကတိကဝတ်၊ ပင်လုံစိတ်ဓာတ်ဖြစ်သော တိုင်းရင်းသားအားလုံး တန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိရေးနှင့်ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ခြင်းကသာ ပြည်ထောင်စုစိတ်ဓာတ်ဖြစ်သည်ဟု ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က ယုံကြည်သည်။

ထို့ကြောင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၏ နိုင်ငံရေးမူဝါဒနှင့် လုပ်ငန်းစဉ်များကို အနှစ်ချုပ်ရပါက ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟု ပေါ်ထွန်းလာခြင်းမှာ ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် မြန်မာများနှင့်တိုင်းရင်းသားလူမျိုးများ ချုပ်ဆိုခဲ့ကြသည့် ပင်လုံစာချုပ်ကို အခြေပြု၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ပင်လုံစာချုပ်သာမရှိခဲ့လျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုသည်မှာလည်း တည်ရှိလာလိမ့်မည် မဟုတ်ပေ။ သို့ဖြစ်ရာ ပင်လုံစာချုပ်၏ အနှစ်သာရဖြစ်သော ဗမာအပါအဝင် တိုင်းရင်းသားလူမျိုးတို့အကြား လူမျိုးများတန်းတူညီမျှရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို ဖော်ဆောင်နိုင်မည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ခြင်းကသာ ပြည်တွင်းစစ်ချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိနိုင်မည်ကို နိုင်ငံတွင်



ယနေ့တိုင်ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများက သက်သေခံလျက်ရှိပေသည်။ ထို့ကြောင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ထာဝရပြည်တွင်းငြိမ်းချမ်းရေးရရှိရန်နှင့် ရခိုင်ဒေသအပါအဝင် မြန်မာတစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မမှိတ်မသုန်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ကြောင့် မဲဆန္ဒရှင်ပြည်သူများအနေဖြင့်လည်း ဖက်ဒရယ်ပြည်ထောင်စုကို အမှန်တကယ်ဖော်ဆောင်ကြမည့်ပါတီများကိုသာ မဲပေးရန်နှင့် ရခိုင်ဒေသရှိ မဲဆန္ဒရှင်ပြည်သူများကလည်း ပါတီများမှ ကိုယ်စားလှယ်လောင်းများအနက် မည်သည့်ကိုယ်စားလှယ်လောင်းက မိမိဒေသနှင့် လူမျိုးအတွက် လက်တွေ့လုပ်ဆောင်နိုင်မည့် ပုဂ္ဂိုလ်ဖြစ်သည်ကို သေချာရွေးချယ်ပြီးမှ မဲပေးကြပါရန် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှ တိုက်တွန်းလိုက်ရပါတယ်။

မိမိတို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့်မူ မိမိတို့ ရခိုင်ဒေသနှင့် ရခိုင်လူမျိုးအပြင် ပြည်ထောင်စုအတွက်ကိုပါ အမှန်တကယ်လုပ်နိုင်မည့် ကိုယ်စားလှယ်လောင်း(၂၆)ဦးကိုသာ ရွေးချယ်ထားရှိပါကြောင်းလည်း ပြောကြားလိုပါတယ်။

စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ခြင်းကို အကောင်အထည်ဖော်ခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ကြပါစို့။

## လမ်းပြ ALD

တေးရေး – လူငြိမ်းခိုင်

တေးဆို – လူငြိမ်းခိုင်နှင့်အဖွဲ့

ALD....ALD....ALD...ALD

[ဒီမိုကရေစီရေးနန့် ငြိမ်းချမ်းရေးအတွက်လေ ကိုယ့်ကြမ္မာကိုယ် ဖန်တီးဖို့အတွက် လမ်းပြခေါ်ဆောင်ရေ တိုင်းရင်းသားအားလုံးတန်းတူ အကျိုးစီးပွားအတွက်လေ ဖက်ဒရယ်မူ အောင်လံထူ ရခိုင်ပြည်သူအပေါင်းအတွက် လင်းရောင်ခြည်ကို ယူလာဗျာယ်လေ ရည်ရွယ်ကြံဆထားရေ ယဉ်ကျေးမှုအဖအမွှီ နိုင်ငံတကာအဆင့်မှီတိုးတက်အောင်ကြံရွယ် မျိုးဆက်သစ်အတွက်... ဖက်ဒရယ်မူ အောင်လံထူ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က သမိုင်းတာဝန်ကို ကျီစီမေ...]

***ရခိုင်တစ်မျိုးသားလုံး ညီညီညွတ်ညွတ် လုပ်ဆောင်ကတ်ပါမှ ရခိုင်သားတိ လိုလားနီရေ အောင်ပွဲမျိုးကို ဆင်နိုင်ပါဖို့ အဆွေရို့***

[ဒီမိုကရေစီရေးနန့် ငြိမ်းချမ်းရေးအတွက်လေ ကိုယ့်ကြမ္မာကိုယ် ဖန်တီးဖို့အတွက် လမ်းပြခေါ်ဆောင်ရေ တိုင်းရင်းသားအားလုံးတန်းတူ အကျိုးစီးပွားအတွက်လေ ဖက်ဒရယ်မူ အောင်လံထူ ရခိုင်ပြည်သူအပေါင်းအတွက် လင်းရောင်ခြည်ကို ယူလာဗျာယ်လေ ရည်ရွယ်ကြံဆထားရေ ယဉ်ကျေးမှုအဖအမွှီ နိုင်ငံတကာအဆင့်မှီတိုးတက်အောင်ကြံရွယ် မျိုးဆက်သစ်အတွက်... ဖက်ဒရယ်မူ အောင်လံထူ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က သမိုင်းတာဝန်ကို ကျီစီမေ...]

ALD. . . ALD. . . ရခိုင်ပြည်သူအပေါင်းအတွက် လင်းရောင်ခြည်ကို ယူလာဗျာယ်လေ

ALD. . . ALD. . . ရခိုင်ပြည်အတွက် သမိုင်းတာဝန်ကို ကျီစီမေ.....

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်က လင်းရောင်ခြည်ကိုယူလာဗျာယ်လေ...

နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟုဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏ အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)

# ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲနှင့်အတူ ( ၄၀ )

## ကိုဗစ်-၁၉ ရောဂါ အန္တရာယ်ကင်းရှင်းစွာ ဆန္ဒမဲပေးနိုင်ရေး စံလုပ်ငန်းလမ်းညွှန် အပိုင်း (၂)



**မောင်စာဂ**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ လိုက်နာရမည့် စံလုပ်ငန်းလမ်းညွှန် အပိုင်း (၁) ကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ယခုတစ်ဖန် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအား ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကင်းရှင်းစွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် လိုက်နာဆောင်ရွက်ရမည့် စံလုပ်ငန်းလမ်းညွှန် အပိုင်း (၂) ကို ထုတ်ပြန်ပေးလိုက်သည်။ ယင်းထုတ်ပြန်ချက်တွင်ပါရှိသော မဲရုံပြင်ဆင်ရာတွင်လိုက်နာရမည့်အချက်၊ မဲရုံဝန်ထမ်းများ၊ မဲရုံကိုယ်စားလှယ်များနှင့် လေ့လာသူများ၊ မဲဆန္ဒရှင်များလိုက်နာရမည့်အချက်များကို အနှစ်ချုပ်မျှဝေပါရစေ။

**မဲရုံပြင်ဆင်ခြင်း(အထွေထွေ)**

မဲရုံအား လေဝင်လေထွက်ကောင်းမွန်ပြီး နေရာကျယ်ဝန်းသည့် တက္ကသိုလ်၊ ကောလိပ်၊ စာသင်ကျောင်းနှင့် အခြားသင့်လျော်သည့်နေရာများတွင် ထားရှိမည်။ လူဦးရေထူထပ်မှုမရှိစေရန် မဲရုံအား အဝင်တစ်လမ်း၊ အထွက်တစ်လမ်း ကြိုတင်ပြင်ဆင်ထားရှိမည်။ တစ်ဦးနှင့်တစ်ဦး ကွာခြားရမည့်အကွာအဝေးကို (၆) ပေခြားသတ်မှတ်သည့် အမှတ်အသားများ ထားရှိဆောင်ရွက်မည်။ မဲရုံပရိဝုဏ် အတွင်းတွင် မဲဆန္ဒရှင်ပြည်သူများနှင့် အခြားသူများ အသုံးပြုနိုင်ရန်အတွက် လက်ဆေးရန်နေရာများ သတ်မှတ်ဆောင်ရွက်မည်။ အဖုံးပါသောအမှိုက်ပုံးများထားရှိ၍ အမှိုက်များကို စနစ်တကျ စွန့်ပစ်ခြင်းပြုမည်။

မဲရုံနှင့်မဲရုံသုံးပစ္စည်းများအား ရွေးကောက်ပွဲမကျင်းပမီ တစ်နေ့နှင့် ရွေးကောက်ပွဲကျင်းပပြီး နောက်နေ့တွင် ပိုးသန့်စင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်ထားရှိမည်။ အဖျားရှိသူတွေ့ရှိပါက လိုအပ်သည့်သတင်းပို့ဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန် သက်ဆိုင်ရာ ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ထားရှိမည်။ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ပညာပေးပိုစတာများ ကပ်ထားမည်။

**မဲရုံပြင်ပပြင်ဆင်ခြင်း**

Non contact thermometer များထားရှိခြင်း၊ အပူချိန်တိုင်းတာခြင်းနှင့် မှတ်တမ်းတင်ခြင်း၊ မဲရုံပြင်ပ တန်းစီခြင်း၊ Mask များထုတ်ပေးခြင်း၊ လက်သန့်စင်ခြင်း စသည်တို့ကို ဆောင်ရွက်ရန် အဖွဲ့များ ဖွဲ့စည်းထားရှိမည်။ တန်းစီသည့်နေရာအား တစ်နေရာတည်းသတ်မှတ်၍ တန်းစီစေခြင်း၊ သို့မဟုတ် လူဦးရေများသောမဲရုံများတွင် နှစ်တန်း သို့မဟုတ် သုံးတန်းခွဲ၍ စီမံဆောင်ရွက်မည်။ အသက်အရွယ်ကြီးရင့်သူများ၊ မကျန်းမာသူများ၊ ကလေးသူငယ်ဖြင့်လာသူများနှင့် မသန်စွမ်းသူများအတွက် ဦးစားပေးစနစ်ဖြင့် ခွင့်ပြုမည်။ တန်းစီခြင်းစနစ်အတွက် ပလတ်စတစ်ကြိုး၊ ဝါးလုံးတန်း၊ တိပ် စသည့် ဒေသအလိုက် သင့်လျော်မည့် အရံအတားများဖြင့်အသုံးပြုမည်။

**မဲရုံအတွင်းပြင်ဆင်ခြင်း**

မဲရုံအတွင်း၌ ရေမလိုလက်သန့်ဆေးရည်များ အနည်းဆုံး ငါးနေရာတွင် ထားရှိမည်။ မဲရုံအတွင်း မဲရုံကိုယ်စားလှယ်များ၊ အကူကိုယ်စားလှယ်များ၊ လေ့လာသူများ၏ ထိုင်ခုံနေရာများအား (၆) ပေခြား သတ်မှတ်ထားရှိမည်။ မဲဆန္ဒရှင်ဦးရေ ၅၀ ဦးလျှင် လက်သန့်ဆေးရည် (500ml) ထားရှိမည်။

**မဲရုံဝန်ထမ်းများလိုက်နာရန်**

မိမိကိုယ်တိုင် သို့မဟုတ် မိမိ မိသားစုဝင်များ/ မိမိနှင့် အနီးကပ်ထိတွေ့သူများတွင် အဖျားရောဂါရှိခြင်း သို့မဟုတ် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက ခွင့်တိုင်ကြားဆောင်ရွက်မည်။ မဲပေးရန် လာရောက်မည့်သူများအား မဖြစ်မနေ Mask တပ်ဆင်ရန် တိုက်တွန်းဆောင်ရွက်မည်။ Mask မပါလာပါက Mask များ အခမဲ့ပေးမည်။ မှတ်ပုံတင်ထည့်ရန် ပလတ်စတစ်အိတ်အကြည်များ အခမဲ့ပေးဝေမည်။ မဲရုံဝင်ပေါက်တွင် အဖျားတိုင်းတာမည့်သူအနေဖြင့် Mask များအပြင် Apron အသုံးပြုမည်။ မဲရုံဝင်ပေါက်၌ အဖျားတိုင်းတာရာတွင် COVID–19 Infrared (Non–touch) အပူချိန်တိုင်းကိရိယာကို အသုံးပြု၍ အပူချိန်တိုင်းတာခြင်း လုပ်ငန်းလမ်းညွှန် (၄–၅–၂၀၂၀) အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်မည်။

မဲလာပေးသူတစ်ဦးဦးတွင် အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ် အထက်မြင့်တက်နေပါက ၁၅ မိနစ်ခန့် စောင့်ခိုင်းပြီး အဖျားပြန်လည်တိုင်းတာမည်။ အပူချိန်ဆက်လက်မြင့်တက်နေပါက မဲရုံမှူးနှင့် ကျန်းမာရေးတာဝန်ရှိသူများအား အသိပေး၍ လမ်းညွှန်ချက်များအတိုင်း ဆောင်ရွက်မည်။ တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း Mask, Face shield, လက်အိတ်များ မဖြစ်မနေ ဝတ်ဆင်မည်။ (ဝတ်ဆင်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ပါးစပ်နှင့် နှာခေါင်းစည်း (Mask) စနစ်တကျဝတ်ဆင်မည်)။ ရွေးကောက်ပွဲလုပ်ငန်း လမ်းညွှန်တွင်ပါရှိသည့် ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များအား တိကျစွာ လိုက်နာဆောင်ရွက်မည်။

**မဲရေတွက်ရာတွင်လိုက်နာရန်**

Mask, Face shield, လက်အိတ်များ မဖြစ်မနေ ဝတ်ဆင်မည်။ မဲရေတွက်သူ တစ်ဦးနှင့်တစ်ဦး (၆) ပေ အကွာအဝေးဖြင့် ရေတွက်မည်။ လက်သန့်ဆေးရည်ဖြင့် မကြာခဏဆေးမည်။ မဲရေတွက်ရာသို့ လာရောက်မည့်သူများနှင့် လေ့လာမည့်သူများ လူစုလူဝေးမဖြစ်စေရန် ဆောင်ရွက်မည်။ တစ်ဦးနှင့်တစ်ဦး (၆) ပေအကွာအဝေးတွင် ရှိနေစေမည်။

**မဲရုံကိုယ်စားလှယ်များနှင့် လေ့လာသူများလိုက်နာရန်**

မိမိကိုယ်တိုင် သို့မဟုတ် မိမိ၏ မိသားစုဝင်များ/ မိမိနှင့် အနီးကပ်ထိတွေ့သူများတွင် အဖျားရောဂါရှိခြင်း သို့မဟုတ် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ (လုံးဝ) လာရောက်ခြင်း မပြုရပါ။ Mask သို့မဟုတ် Face shield နှင့် လက်အိတ်များ မဖြစ်မနေ ဝတ်ဆင်ရမည်။ လေ့လာသူတို့သည် တစ်ဦးနှင့်တစ်ဦး (၆)ပေ အကွာအဝေးဖြင့် စနစ်တကျ စောင့်ကြည့်မည်။ လက်မကြာခဏဆေးရမည်။

**မဲဆန္ဒရှင်များလိုက်နာရန်**

မိမိကိုယ်တိုင်တွင် အဖျားနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများရှိနေပါက မဲရုံတာဝန်ရှိသူများအား ကြိုတင်အသိပေးဆောင်ရွက်မည်။ မဲပေးရန်လာရောက်သည့် မဲဆန္ဒရှင်များအနေဖြင့် မဖြစ်မနေ Mask တပ်ဆင်၍ လာရောက်ရမည်။ မဲပေးသူတစ်ဦးနှင့်တစ်ဦး (၆)ပေ အကွာအဝေးဖြင့် စနစ်တကျတန်းစီစောင့်ဆိုင်းရာတွင် တာဝန်ရှိသူ၏ စီမံခန့်ခွဲမှုအပေါ် ပူးပေါင်းဆောင်ရွက်ရမည်။ မဲရုံပရဝဏ်အတွင်းရှိ လက်ဆေးရန်နေရာတွင် ဆပ်ပြာဖြင့် စနစ်တကျလက်ဆေးရမည်။ သို့မဟုတ် ရေမလိုလက်သန့်ဆေးရည်ဖြင့် သန့်စင်ခြင်းပြုရမည်။ မဲရုံအဝင်ဝတွင် အဖျားတိုင်းတာခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် ပူးပေါင်းကူညီဆောင်ရွက်ရမည်။

နိုင်ငံသားမှတ်ပုံတင်ကတ်ပြား သို့မဟုတ် မဲပေးရန်အတွက် ပြသရမည့် မဲဆန္ဒရှင်သက်သေခံလက်မှတ်အား ပလတ်စတစ်အိတ်အကြည်ဖြင့်ထည့်ပြီး ပြသရန်အတွက် ပူးပေါင်းဆောင်ရွက်မည်။ မဲရုံအတွင်း မဲပေးနေစဉ်ကာလအတွင်း လက်သန့်စင်ဆေးရည်ဖြင့် မဲရုံအဝင်ဝတွင် တစ်ကြိမ်၊ မဲရုံမှ ပြန်လည်ထွက်ခွာချိန်တွင် တစ်ကြိမ်၊ အနည်းဆုံး နှစ်ကြိမ် ဆေးကြောဆောင်ရွက်ခြင်းပြုရမည်။

**ဘေးကင်းရန်ကွာပျော်ရွှင်စွာဆန္ဒမဲပေးနိုင်ရေး**

ရွေးကောက်ပွဲနေ့တွင် မဲဆန္ဒရှင်များမဲရုံသို့လာရောက်၍ ဘေးကင်းရန်ကွာ ပျော်ရွှင်စွာဆန္ဒမဲပေးနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြိုတင်၍ မဲရုံသရုပ်ပြမှုများ စီမံဆောင်ရွက်ခဲ့သည်။ ယင်းသရုပ်ပြမှုတွင် မဲရုံအတွင်းပြင်ဆင်မှု၊ မဲရုံမှူးနှင့် မဲရုံဝန်ထမ်းများ၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲလေ့လာသူများအတွက် နေရာချထားမှု အခင်းအကျင်းများ ပါရှိသည်။ မဲရုံပြင်ပတွင် မဲစာရင်းများကပ်ထားမှု၊ ပယ်မဲ၊ ခိုင်လုံမဲနမူနာများ ကပ်ထားမှု အခင်းအကျင်းများ မဲဆန္ဒရှင်များလာရောက်၍ ဆန္ဒမဲမပေးမီနှင့် ဆန္ဒမဲစတင်ပေးသည့်အချိန်မှစ၍ ဆန္ဒမဲပေးပြီး မဲရုံမှပြန်လည်ထွက်ခွာသွားသည့် အခင်းအကျင်းများပါရှိသည်။ အဆင့်တိုင်းအဆင့်တိုင်းတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စံလုပ်ငန်း လမ်းညွှန်ချက်များနှင့်အညီဖြစ်စေရေး စီမံဆောင်ရွက်ထားသည်။

မဲရုံသရုပ်ပြအခင်းအကျင်း စီမံဆောင်ရွက်ရာတွင် မဲဆန္ဒရှင်တစ်ဦး မဲစတင်ပေးသည့်အချိန်မှစ၍ ပြီးဆုံးသည့်အချိန်အထိ ကြာမြင့်သည့်အချိန်ကိုလည်း တွက်ချက်ထားသည်။ ခန့်မှန်းခြေအားဖြင့် မဲဆန္ဒရှင်တစ်ဦးလျှင် ၅ မိနစ်နှင့် ၆ မိနစ်ခန့်ကြာသည်။ မဲဆန္ဒရှင်တစ်ဦး မဲရုံအတွင်းဝင်ရောက်ပြီး နောက်တစ်ဦးမှဝင်ရောက်ရန် စောင့်ဆိုင်းကြာချိန်သည် မိနစ်ဝက်ခန့်သာကြာပါမည်။ မဲဆန္ဒရှင်များ မဲပေးပြီး၍ မဲရုံမှထွက်ခွာသည့် အရေအတွက်သည် ၁ မိနစ်လျှင် နှစ်ယောက်နှုန်းခန့်ရှိသည်။ ဆန္ဒမဲပေးချိန်စုစုပေါင်းသည် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိဖြစ်၍ မိနစ် ၆၀၀ ကြာသည်။ ယင်းကာလအတွင်း မဲဆန္ဒရှင်ပေါင်း ၁၂၀၀ ခန့်ဆန္ဒမဲပေးနိုင်သည်။ မဲရုံတစ်ရုံတွင် အများဆုံး မဲဆန္ဒရှင် ၂၀၀၀ အထိသာ သတ်မှတ်ထားသည်။ မဲဆန္ဒရှင်တစ်ထောင်အထက်ကျော်ပါက အဆိုင်းနှစ်ဆိုင်းခွဲ၍ တစ်ပြိုင်တည်းဆန္ဒမဲပေးနိုင်ရေး စီစဉ်ထားသည်။ အကယ်၍ မဲဆန္ဒရှင်အများဆုံး ၂၀၀၀ အထိရှိသောမဲရုံများတွင် အဆိုင်းနှစ်ဆိုင်းခွဲ၍ မဲပေးခြင်းဖြင့် အဆိုင်းတစ်ဆိုင်းလျှင် မဲဆန္ဒရှင် ၁၀၀၀ သာရှိပါမည်။ သတ်မှတ်ထားသည့်အချိန်အတွင်း ဆန္ဒမဲပေးနိုင်ပါမည်။

အကယ်၍ ညနေ ၄ နာရီထိုး၍ မဲဆန္ဒရှင်များမဲပေးမှု မပြီးဆုံးသည့်အခါတွင် ၄ နာရီမထိုးမီ မဲရုံပရဝဏ်အတွင်း

> **မဲလာပေးသူတစ်ဦးဦးတွင် အပူချိန် ၃၈ ဒီဂရီ စင်တီဂရိတ် အထက် မြင့်တက်နေပါက ၁၅ မိနစ်ခန့် စောင့်ခိုင်းပြီး အဖျားပြန်လည်တိုင်းတာမည်။**

ရောက်ရှိနေသော မဲဆန္ဒရှင်အရေအတွက်ကို မှတ်သားထားရှိပြီး မဲဆန္ဒရှင်များ ကောင်းမွန်စွာဆန္ဒမဲပေးပြီးသည်အထိ ဆန္ဒမဲပေးမှုပြုသွားမည်လည်း ဖြစ်သည်။ ထူးခြားချက်တစ်ရပ်အနေဖြင့် အသက် ၆၀ ကျော်သော မဲဆန္ဒရှင်များ၊ ဆီးချိုဝေဒနာခံစားနေရသူများကိုလည်း ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဆန္ဒမဲပေးနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အစီအမံများ ပြုလုပ်ဆောင်ရွက်သွားရန်လည်းရှိပါသည်။

**အုပ်ချုပ်ရေးမှူးများ၏စီမံခန့်ခွဲမှုကဏ္ဍ**

ရပ်ကွက်တိုင်း၊ ကျေးရွာအုပ်စုတိုင်းတွင် အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများ ရှိကြပါသည်။ ၎င်းတို့၏ စီမံခန့်ခွဲမှုကဏ္ဍကလည်း အရေးကြီးပါသည်။ ဆန္ဒမဲပေးမည့်နေ့တွင် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက မိမိတို့အုပ်ချုပ်စီမံခန့်ခွဲရသည့် အပိုင်းအလိုက် မည်သူများက မည်သည့်အချိန်မှ မည်သည့်အချိန်အထိ မဲရုံသို့သွားရောက်၍ ဆန္ဒမဲပေးကြရမည်ဟူ၍ စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားကြမည်ဆိုလျှင် အချိန်တိုအတောအတွင်း ပြီးစီးသွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရခြင်းမှလည်း ကောင်းစွာကာကွယ် တားဆီးသွားနိုင်ကြပါမည်။

**ညီညွတ်ခြင်း၏အင်အား**

ရွေးကောက်ပွဲစီမံခန့်ခွဲမှုများအားလုံးနှင့် တာဝန်ရှိမဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲလေ့လာသူများ၊ မဲဆန္ဒရှင်များအားလုံးတို့သည် ဖော်ပြပါ စံလုပ်ငန်းလမ်းညွှန်အပိုင်း (၂)ကို ကောင်းစွာ လိုက်နာကြပြီး သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများအားလုံးက စနစ်တကျ ပါဝင်ကူညီဆောင်ရွက်ပေးကြခြင်းအားဖြင့် ညီညွတ်ခြင်း၏အင်အား တစ်ရပ်ဖြစ်စေပါသည်။ ညီညွတ်ခြင်း၏အင်အားကြောင့် ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲဆန္ဒရှင်များ ကိုဗစ် -၁၉ ရောဂါမှ ဘေးကင်းရန်ကွာ စိတ်ချမ်းသာစွာဖြင့် မဲရုံသို့သွားရောက်၍ ဆန္ဒမဲပေးနိုင်ကြမည်ဖြစ်ကြောင်း ပါဗျာ။

- **ရွေးကောက်ပွဲကဏ္ဍအလိုက်တာဝန်ရှိသူများနှင့် မဲဆန္ဒရှင်ပြည်သူအားလုံး စံလုပ်ငန်း လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်နိုင်ကြပါစေ၊**
- **ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး တာဝန်ရှိသူများက စနစ်တကျ ပါဝင်ဆောင်ရွက်နိုင်ကြပါစေ၊**
- **မဲဆန္ဒရှင်ပြည်သူအားလုံး ဘေးကင်းပျော်ရွှင် စိတ်ချမ်းသာစွာဖြင့် ဆန္ဒမဲပေးနိုင်ကြပါစေ။**

# အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုအခမ်းအနား ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



အခမ်းအနားသို့ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ အဘိုးအဘွားများ၊ ဌာနဆိုင်ရာအသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

## အကျိုးပြုခဲ့မှုများ ကျေးဇူးပြု

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဖွင့်အမှာစကား ပြောကြားရာ၌ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမိသားစုဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ သက်ကြီးရွယ်အိုများ၏ လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုခဲ့မှုများကို ကျေးဇူးပြုသောအားဖြင့်လည်းကောင်း၊ လက်ရှိလူမှု အဖွဲ့အစည်းအတွက် သက်ကြီးရွယ်အိုများက တစ်နည်းနည်းဖြင့် အကျိုးပြုနေဆဲဖြစ်တာကို အသိအမှတ်ပြုသောအနေဖြင့်လည်းကောင်း ယခုအခမ်းအနားကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ ယခုလို အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနားများကို မြန်မာနိုင်ငံတွင် ၁၉၉၉ ခုနှစ် ကတည်းက မပျက်မကွက် ဂုဏ်ပြုကျင်းပခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယခင်နှစ်များက အခမ်းအနားများကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်များတွင် ကျယ်ပြန့်စွာ ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါကြောင့် ယခုကဲ့သို့ Online အခမ်းအနားဖြင့် ကျင်းပရခြင်း ဖြစ်ပါကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနား၏ ဆောင်ပုဒ်ကို **"Pandemics: Do They Change How We Address Age and Ageing?" "သက်ကြီးရွယ်အို ကာကွယ်ဖို့၊ သက်ရွယ်မရွေးပူးပေါင်းလို့၊ ကပ်ရောဂါကို တိုက်ထုတ်စို့"**ဟု သတ်မှတ်ပြီး ကျင်းပခြင်း ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါအဖြစ် သတ်မှတ်ထားသည့် ကိုဗစ်-၁၉ရောဂါပိုးသည်လူမျိုးဘာသာ၊ ဆင်းရဲချမ်းသာ၊ ယောကျ်ား မိန်းမ၊ ကလေးလူကြီး မခွဲခြား မည်သူ့ကိုမဆို ကူးစက်နိုင်သည့် ရောဂါဖြစ်ကြောင်း၊ အသက်အရွယ်မရွေး ရင်ဆိုင်ကြုံတွေ့နေရပြီး အထူးသဖြင့် ထိခိုက်လွယ်အုပ်စုတွင် ပါဝင်သည့် သက်ကြီးရွယ်အိုများအတွက် ပိုမိုကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများသည် အများအားဖြင့် အိမ်တွင်း၌သာ နေထိုင်ကြခြင်းဖြစ်သော်လည်း ကလေး၊ လူငယ်၊ လူကြီးများကတစ်ဆင့် ရောဂါပိုးသယ်ဆောင်ပြီး ကူးစက်နိုင်ပါကြောင်း၊ သက်ကြီးရွယ်အိုများသည် ကိုယ်ခံအားနည်းပါးသည့်အတွက် နာတာရှည်ရောဂါရှိပါက အန္တရာယ်ကို ပိုမိုကြုံတွေ့ရနိုင်ပါကြောင်း၊ ကလေး၊ လူငယ်၊ လူကြီးများမှာလည်း နာတာရှည်ရောဂါရှိလျှင် အသက်အန္တရာယ် ထိခိုက်နိုင်၍ တစ်ဦးချင်းက ကိုဗစ်-၁၉ ရောဂါ ကူးစက်မခံရအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး သက်ကြီးရွယ်အိုများကို ကာကွယ်နိုင်ရန် အသက်အရွယ်မရွေး ပူးပေါင်းပါဝင်ကြမှသာ ကပ်ရောဂါကို တိုက်ထုတ်နိုင်မည်ဖြစ်ပါကြောင်း မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ဆက်စပ်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ လူ့အခွင့်အရေးသည် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများဖြင့် ပြည့်စုံသော မွေးရာပါအခွင့်အရေးဖြစ်သဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လူတစ်ဦးချင်းစီ၏ အခွင့်အရေးများကို အလေးထားလျက် ပဋိသန္ဓေတည်သည်မှ သက်ကြီးရွယ်အိုအထိ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် သက်ကြီးရွယ်အိုများအတွက် The Madrid International Plan of Action on Ageing နိုင်ငံတကာ လုပ်ငန်းအစီအစဉ်ကို သဘောတူထားသည့် နိုင်ငံဖြစ်သည်နှင့်အညီ လုပ်ငန်းအစီအစဉ်တွင်ပါဝင်သော ကျန်းမာပြီး အသက်ရှည်ခြင်းဖြစ်ရန် ပံ့ပိုးကူညီမှုများ ပြုလုပ်ရမည် ဖြစ်ပါကြောင်း၊ ယခုလို ကိုဗစ်-၁၉ ကာလတွင် သက်ကြီးရွယ်အိုများကို ကိုဗစ်-၁၉ ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်ပေးခြင်းအပြင် ကိုဗစ်-၁၉ ကပ်ရောဂါမှာ ကျန်းမာရေး ပြဿနာသာမက လူမှုစီးပွားထိခိုက်စေသော ကြီးမားသည့် စိန်ခေါ်မှုဖြစ်သဖြင့် နိုင်ငံတော်အနေဖြင့် သက်ကြီးရွယ်အိုများအကြား ကိုဗစ်-၁၉ ကြောင့် ဖြစ်ပွားနိုင်သည့် လူမှုစီးပွားအခက်အခဲများကို လျော့ပါးစေရေးအတွက် လူမှုရေးပင်စင် ခံစားလျက်ရှိသည့် သက်ကြီးရွယ်အို ၂၀၀၃၀၀ ဦးကို ပုံမှန်လူမှုရေးပင်စင် သုံးလတစ်ကြိမ် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ အပြင် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်းတွင် တစ်ကြိမ်ထပ်ဆောင်း ထောက်ပံ့ခဲ့ပါကြောင်း။

ထို့အပြင် ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ အသက် (၈၀) ပြည့်ပြီး အသက် (၈၅) နှစ် မပြည့်သော သက်ကြီးရွယ်အို ၂၈၅၅၉၂ ဦးကို တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအတွင်းတွင် ထောက်ပံ့ခဲ့ပါကြောင်း၊ ထို့ပြင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာတစ်နိုင်ငံလုံး အသက်အကြီးဆုံး အဘိုးတစ်ဦးနှင့် အဘွားတစ်ဦးကို ယခင်နှစ်များကဲ့သို့ပင် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းစီကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှတစ်ဆင့် လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် သက်ကြီးရွယ်အိုများ၏ ဝင်ငွေလုံခြုံရေးကို အထောက်အကူပြုနိုင်ရန်အတွက် အမျိုးသားလူမှုရေးပင်စင်အစီအစဉ်ကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်ကတည်းက စတင်အကောင်အထည်ဖော်ခဲ့ရာ ယခုအခါ အသက် (၈၅) နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေ ၂၁၆၃၉၆ ဦးကို တစ်လ ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလတစ်ကြိမ် ငွေကျပ် ၃၀၀၀၀ ပုံမှန်ခံစားခွင့်ရနေကြပြီ ဖြစ်ပါကြောင်း၊ လာမည့် ဘဏ္ဍာရေးနှစ်များ၌လည်း နိုင်ငံတော်၏ အကန့်အသတ်ရှိသော ရန်ပုံငွေအခြေအနေပေါ်မူတည်၍ အကျုံးဝင်အသက်ကိုလျှော့ချပြီး ထောက်ပံ့ခြင်းနှင့် အကျိုးခံစားခွင့်ငွေကြေးကို တိုးမြှင့်ထောက်ပံ့ခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အစီအစဉ်အသစ်တစ်ခုဖြစ်သော သက်ကြီးရွယ်အိုများအတွက် မျိုးဆက်အသီးသီး၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ ပါဝင်သည့် "Inclusive Self-Help Group" "လူမှုအားမာန်" အဖွဲ့များကို ကျေးရွာအဆင့်များတွင် ဖွဲ့စည်းပြီး သက်ကြီးရွယ်အိုများနှင့် အခြားမျိုးဆက်များအတွက်ပါ အပြန်အလှန်ကူညီစောင့်ရှောက်နိုင်ရေးအတွက် နိုင်ငံတော်က ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လူမှုအားမာန်အဖွဲ့ပေါင်း ၂၁၆ ဖွဲ့ကို အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များ ကောင်းမွန်စွာ လည်ပတ်နိုင်ရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာန ရန်ပုံငွေမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှစတင်၍ ကနဦး မတည်မှုရန်ပုံငွေ တစ်ဖွဲ့လျှင် ငွေကျပ် ၁၀ သိန်းစီ ထောက်ပံ့ခဲ့ပါကြောင်း၊ လာမည့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင်လည်း အဖွဲ့ပေါင်း ၄၀၀ ကို တိုးချဲ့ထောက်ပံ့သွားမည် ဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အို အခွင့်အရေးနှင့်ပတ်သက်၍ အစိုးရအပါအဝင် လူ့အဖွဲ့အစည်းတစ်ခုလုံးက ဆက်လက်ကြိုးပမ်းပြီး အားထည့်ဆောင်ရွက်သွားရန် လိုအပ်သလို ဘိုးဘွားများအနေဖြင့်လည်း မိမိတို့သည် မိသားစုအတွက်၊ ရပ်ရွာအတွက်၊ နိုင်ငံအတွက်နှင့် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် တစ်နည်းနည်းဖြင့် အကျိုးပြုနေသေးကြောင်း ဆက်လက်ပြသရန် လိုအပ်မည်ဖြစ်ပါကြောင်း။

## အခွင့်အလမ်းများ ဖန်တီးပေး

ဘိုးဘွားများ ဖြတ်သန်းတွေ့ကြုံခဲ့ရသော အတွေ့အကြုံများ၊ ရရှိထားသော ပညာများသည် အနာဂတ်မျိုးဆက်များအတွက် တန်ဖိုးမဖြတ်နိုင်သော အရာများဖြစ်ပါကြောင်း၊ ထိုအတွေ့အကြုံများနှင့် ပညာများကို လက်ဆင့်ကမ်းမျှဝေပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ ထိုသို့ မျှဝေပေးနိုင်ရန် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများအနေဖြင့်လည်း အခွင့်အလမ်းများ ဖန်တီးပေးသွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့သည် သက်ကြီးရွယ်အိုများကို ယခုကဲ့သို့လေးစားဂုဏ်ပြုသည့် အခမ်းအနားများ ကျင်းပပေးရုံသက်သက်မဟုတ်ဘဲ ယခု ကျရောက်နေသော ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ ကာကွယ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်း အပါအဝင် သက်ကြီးရွယ်အိုများ၏ဘဝ အမှန်တကယ်လုံခြုံမှုရှိစေရေးနှင့် သက်ကြီးရွယ်အိုများ၏ စွမ်းအားကို နိုင်ငံတော်တည်ဆောက်ရေးဖြစ်စဉ်တွင် ပါဝင်နိုင်ရေး အခွင့်အလမ်းများ ဖန်တီးပေးရန် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှ ပေးပို့သော သဝဏ်လွှာကို UNDP မှ ဌာနေကိုယ်စားလှယ် UN Resident and Humanitarian Coordinator, Mr.Ola Almgrem က ဖတ်ကြားသည်။

ယင်းနောက် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ရေးနှင့် အခွင့်အရေးများဆိုင်ရာဆောင်ရွက်ချက် ဗီဒီယိုမှတ်တမ်းကို ပြသခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁**

အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေး၊ ယင်းနှင့် ပူးတွဲကျင်းပသော US-ASEAN Business Council – ASEAN Finance Minister and Central Bank Governors' Meeting ကို ယနေ့ နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။



အစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသော ဦးစိုးသိန်းနှင့် ဦးဘိုဘိုငယ်တို့သည် နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ ဒုတိယဝန်ကြီးများနှင့် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများက နိုင်ငံအလိုက် ပါဝင်ဆွေးနွေးကြရာတွင် မြန်မာနိုင်ငံကိုယ်စား ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါအပေါ် စီးပွားရေးအရ တုံ့ပြန်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ COVID-19 Economic Relief Plan (CERP) ရေးဆွဲအကောင်အထည်ဖော်မှုများ၊ ကိုဗစ်-၁၉ ရန်ပုံငွေတည်ထောင်၍ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အများဆုံးထိခိုက်ခံရသည့် SMEs, CMP, Tourism နှင့် Agricultre and Food Industries Sectors များသို့ အတိုးနှုန်းသက်သာသောချေးငွေများ ပံ့ပိုးပေးမှုများ၊ CERP Action Plan နှင့်အညီ ပုံမှန်ဝင်ငွေမရှိသော ဝင်ငွေနည်းပြည်သူများအတွက် အခြေခံစားနပ်ရိက္ခာနှင့် ငွေသားထောက်ပံ့ပေးမှုများ၊ အခွန်ထမ်းပြည်သူများအတွက် အခွန်ပေးဆောင်ရမည့်ကာလကို ယခုနှစ်ကုန်အထိ ရွှေ့ဆိုင်းပေးမှုများ၊ နိုင်ငံ၏ ဘဏ္ဍာရေး လိုအပ်မှုများအတွက် ကမ္ဘာ့ဘဏ်၊ IMF, ADB နှင့် JICA တို့မှ အတိုးနှုန်း သက်သာသောချေးငွေများ ရယူ၍ ဖြည့်ဆည်းဆောင်ရွက်နေမှုများ၊ ကြွေးမြီပွင့်လင်းမြင်သာမှုနှင့် Infrastructure Finance တို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ Public Debt Management Law ဖြင့် ဆောင်ရွက်နေမှု၊ Medium Term Debt Management Strategy အကောင်အထည်ဖော်မှုများ၊ အစိုးရ၏ကြွေးမြီဆိုင်ရာ အစီရင်ခံစာထုတ်ပြန်ဆောင်ရွက်မှုများ၊ ပြည်သူ့ကြွေးမြီဆိုင်ရာ အချက်အလက်များကို အစိုးရနှင့် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်တွင် ထုတ်လွှင့်ထားမှုများ၊ နိုင်ငံ၏ Infrastructure Financing လိုအပ်မှုကို ဖြည့်ဆည်းနိုင်ရေးအတွက် New Development Bank ထူထောင်နိုင်ရေး ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို တင်ပြဆွေးနွေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် Roadmap for Monetary and Financial Integration of ASEAN (RIA-Fin) ၏ တိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ အခွန်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ မြန်မာနိုင်ငံ၏ Financial Inclusion Roadmap (2014-2020) အကောင်အထည်ဖော်မှုများနှင့် ရလဒ်ကောင်းများ ရရှိခဲ့မှုများ၊ ဆက်လက်ဆောင်ရွက်မည့် New Financial Inclusion Roadmap (2019-2023) ဆောင်ရွက်သွားမည့်များ၊ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုနှင့် အာမခံလုပ်ငန်းကဏ္ဍတိုးတက်မှု နောက်ဆုံးအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ငွေတိုက်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်စိုးဦးက အာဆီယံငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ခွင့်ပြုရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ ပူးတွဲသဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့စဉ်အတွင်း ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် နေပြည်တော်၌ ကျင်းပခဲ့သည့် (၅) ကြိမ်မြောက် အာဆီယံ အာမခံလုပ်ငန်း ဖိုရမ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အစည်းအဝေးများသို့ အာဆီယံနိုင်ငံများမှ ဘဏ္ဍာရေးဒုတိယဝန်ကြီးများ၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ US Treasury မှ တာဝန်ရှိသူများ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်နှင့် အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ယခုနှစ်အတွက် အာဆီယံအလှည့်ကျ တာဝန်ယူရသည့် ဗီယက်နမ်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ဗီယက်နမ်ဗဟိုဘဏ်တို့မှ သဘာပတိအဖြစ် တာဝန်ယူကျင်းပသည်။

အဆိုပါ အစည်းအဝေးသည် အောက်တိုဘာ ၂ ရက်တွင် ကျင်းပမည့် (၂၄) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများအစည်းအဝေးနှင့် (၆) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးများမတိုင်မီ ကြိုတင်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံရှိ ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းက နှာခေါင်းစည်းများ ထောက်ပံ့လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁**

ဂျပန်နိုင်ငံရှိ ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း (JMA)က မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် နှာခေါင်းစည်းများ ထောက်ပံ့လှူဒါန်းသည့် အစီအစဉ်ကို ယနေ့ညနေပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြုလုပ်သည်။

ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်း အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရ၊ မန္တလေးတိုင်းဒေသကြီးအစိုးရ၊ နေပြည်တော်ရှိ အစိုးရဝန်ထမ်းများ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများအတွက် ရည်ရွယ်ကာ နှာခေါင်းစည်းအခုရေ ၃၀၁၀၀၀ ထောက်ပံ့လှူဒါန်းသည့် အစီအစဉ်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းထောက်ပံ့မှုပစ္စည်းများကို တိုကျို-ရန်ကုန်လေကြောင်းခရီးစဉ်ဖြင့် စက်တင်ဘာ ၂၆ ရက်တွင် ပထမအကြိမ်အဖြစ်လည်းကောင်း၊ ယနေ့ခရီးစဉ်တွင် ဒုတိယအကြိမ်အဖြစ်လည်းကောင်း သယ်ဆောင်လာခြင်းဖြစ်သည်။

ယနေ့ ညနေပိုင်းတွင် အဆိုပါလှူဒါန်းမှု အစီအစဉ်အရ ဂျပန်နိုင်ငံရှိ ဂျပန်-မြန်မာ ချစ်ကြည်ရေး အသင်းအဖွဲ့ဝင် JOP ၏ဥက္ကဋ္ဌ ဖြစ်သူ Mr. Tsuda Shunji က ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့သို့ ပေးပို့လှူဒါန်းသည့် နှာခေါင်းစည်းအခုရေ ၉၉၀၀၀ ကို လွှဲပြောင်း ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေး




ဝန်ကြီး ဦးနိုင်ငံလင်းက လက်ခံရယူသည်။

ယနေ့လှူဒါန်းမှုနှင့်ပတ်သက်၍ ရန်ကုန် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း က " JMA အနေနဲ့ နှာခေါင်းစည်းအခုရေ ၃၀၁၀၀၀ လှူဒါန်းတာဖြစ်ပါတယ်။ သံရုံးက နေတစ်ဆင့် ပေးပို့လာတာပါ။ အဓိကအားဖြင့် နယ်ဝေးတွေမှာ တာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေအတွက် အသုံးပြုဖို့ပါ။ နှစ်နိုင်ငံ ချစ်ကြည်ရေး အခွန့်ရှည်အောင်လုပ်ဆောင် တဲ့ လုပ်ငန်းစဉ်ပဲဖြစ်ပါတယ်။ ဂျပန်နိုင်ငံ အနေနဲ့ ကျွန်တော်တို့နိုင်ငံကို ထောက်ပံ့မှု တွေ အများကြီးပေးထားပါတယ်။ အဲဒီ အတွက်လည်း ကျေးဇူးတင်ဝမ်းမြောက်မိပါ တယ် "ဟု ပြောသည်။

အလားတူ ဂျပန်နိုင်ငံအနေဖြင့် ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားမီအချိန်ကာလ တွင် တုပ်ကွေးရောဂါ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တုပ်ကွေးရောဂါ ရှာဖွေရေး နှင့် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက် ခြင်းတို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါကာလ တွင် ကိုဗစ်-၁၉ ရောဂါပိုး ရှာဖွေနိုင်ရေး အတွက် ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ခြင်း၊ ဓာတ်ခွဲရှာဖွေမှုပြုလုပ်ရာတွင် အဓိကလိုအပ် သည့် ဆေးရည်များရရှိရေးနှင့် ကိုဗစ်-၁၉ ရောဂါ ရှာဖွေရေးလုပ်ငန်းများ စတင်ဆောင်ရွက် နိုင်ရန် ကူညီမှုများ ပြုလုပ်ပေးခဲ့ကြောင်း၊ ထို့အပြင် JICA အနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ဆောင်ရွက်ရေးအတွက် ကူညီမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**



# ဗဟန်းမြို့နယ်ရှိ အဘိဓမ္မရတနာဃရအဘိဓမ္မာဓမ္မဗိမာန်တော်ကြီးသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် သွားရောက်စစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်တာဝန်ရှိသူများသည် ယမန်နေ့ ညနေ ၃ နာရီတွင် ကိုဗစ်-၁၉ရောဂါကူးစက်ခံထားရသည့် သံဃာတော်အပါး ၃၀၀ ခန့် ထားရှိကုသနိုင်ရန်အတွက် ရန်ကုန်မြို့ ဗဟန်း(၃)လမ်းထိပ်ရှိ အဘိဓမ္မရတနာဃရအဘိဓမ္မာဓမ္မဗိမာန်တော်ကြီး၌ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါအဆောက်အအုံ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေကို မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရိုန်ဝင်းက ရောဂါကူးစက်ခံထားရသည့် သံဃာတော်အပါး၃၀၀ခန့်ထားဖို့ပြင်ဆင်ထားပါကြောင်း၊ ဗဟန်းမြို့နယ်သည် သံဃာအများဆုံး တည်ရှိရာနေရာဖြစ်၍ ကြိုတင်ပြင်ဆင်ထားခြင်းဖြစ်ကြောင်း၊ ဆွမ်းအပါအဝင် ပစ္စည်းလေးပါးနှင့် အထွေထွေလိုအပ်ချက်များကို မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းက တာဝန်ယူလှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒေါပုံမြို့နယ်၌ ဖျားနာကုအခမဲ့ဆေးခန်းဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁**

ဖျားနာပါက အခမဲ့လာရောက်ပြသနိုင်မည့် ဖျားနာကုအခမဲ့ဆေးခန်းကို ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် ပေ ၈၀ လမ်းမကြီးရှိ သီရိဇေယျာသာသနာ့ဗိမာန်တော်၌ ယမန်နေ့မှစ၍ ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း လူထုအခြေပြုဖျားနာလူနာကုဆေးခန်းများကွန်ရက်(ရန်ကုန်)မှ သိရသည်။



ဒေါပုံမြို့နယ် ဖျားနာကုအခမဲ့ဆေးခန်းကို အပတ်စဉ် ဗုဒ္ဓဟူး၊ သောကြာ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ၁၁ နာရီထိ ဖွင့်လှစ်ကုသပေးသွားမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ပြန်လည်ဖြစ်ပွားလာမှုကြောင့် ဖျားနာကုဆေးခန်းများသို့ လာရောက်ပြသသူများပြားလာပြီး ဆေးခန်းအချို့ ရက်တိုးဖွင့်လှစ်မှုများနှင့်အတူ မြို့နယ်အချို့တွင် ဆေးခန်းသစ်ဖွင့်လှစ်မှုများရှိရာ လုပ်အားပေး စေတနာ့ဝန်ထမ်းများလည်း လိုအပ်လျက်ရှိကြောင်း သိရသည်။

ဒေါပုံမြို့နယ်နှင့် သာကေတမြို့နယ် ဖျားနာကုဆေးခန်းတို့ကို ဖွင့်ရက်မတူအောင် ဆောင်ရွက်ထားပြီး သာကေတမြို့နယ်ဆေးခန်း ပိတ်ရက်ဖြစ်ပါက ဒေါပုံမြို့နယ်ဆေးခန်းသို့ လာရောက်ပြသနိုင်သလို ဒေါပုံမြို့နယ်ဆေးခန်း ပိတ်ရက်ဖြစ်ပါကလည်း သာကေတမြို့နယ်ဆေးခန်းသို့ လာရောက်ပြသနိုင်သည်ဖြစ်ရာ လူနာများအတွက် များစွာအထောက်အကူဖြစ်ကြောင်း လူထုအခြေပြုဖျားနာလူနာကုဆေးခန်းများကွန်ရက်(ရန်ကုန်)တာဝန်ခံ ဒေါက်တာကျော်မင်းထွန်းက ပြောကြားသည်။

**အေးမင်းသူ**

# ကြည့်မြင်တိုင်မြို့နယ်ရှိ ကိုဗစ်စင်တာလေးခုသို့ သောက်ရေသန့်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁**

ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ ကိုဗစ်စင်တာ လေးခုအတွက် လိုအပ်နေသော သောက်ရေသန့်ဘူးများကို ကိုဗစ်ကာလပြီးဆုံးသည်အထိအမြဲတမ်း ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ကြည့်မြင်တိုင်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးရုံး၌ ပြုလုပ်ခဲ့သည်။

အဆိုပါလှူဒါန်းမှုကို စံပြလူမှုကူညီရေး ပရဟိတလူငယ်အဖွဲ့နာယက ဦးအောင်မျိုးသန့်(မြန်မာမျိုးသောက်ရေသန့်လုပ်ငန်း)က ဦးဆောင်၍သွားရောက်လှူဒါန်းခဲ့ပြီး မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇာနည်ဝင်းကလက်ခံခဲ့သည်။ ထို့အပြင် စကားပြောစက် နှစ်လုံးကိုလည်း ဦးခင်မောင်မြင့်-ဒေါ်ယဉ်ယဉ်ခိုင်မိသားစုက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြင့်မောင်**



# မုဒုံမြို့နယ်၌ စုဆောင်းငွေအပေါ် အတိုးပေးအပ်ပွဲအခမ်းအနား ကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၁**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ မြတ်ပညာငွေစုငွေချေးသမဝါယမအသင်းမှ အသင်းသူအသင်းသားများ၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒုတိယခြောက်လပတ် စုဆောင်းငွေအပေါ်အတိုးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် အဆိုပါအသင်းရုံး၌ ကျင်းပရာ မုဒုံမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကျော်ထက်နှင့် အဖွဲ့ဝင်များ၊ မြတ်ပညာငွေစုငွေချေးသမဝါယမအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ အုပ်စုခေါင်းဆောင်များ တက်ရောက်ကြသည်။

ယနေ့အခမ်းအနားတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ဒုတိယခြောက်လပတ်ကာလ အသင်းသား ၂၅၆၄ ဦးအတွက် စုဆောင်းငွေအပေါ်အတိုး ငွေကျပ် ၂၄၅၇၆၉၂၀၀ ကို အုပ်စု ၄၂ အုပ်စုမှ အုပ်စုခေါင်းဆောင်များအား သက်ဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

# စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်း၏ရန်ပုံငွေဖြင့် စံပြကျေးရွာသစ်အတွက် ထောက်ပံ့ငွေများ ပေးအပ်

**မင်းလှ အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြန်မာနိုင်ငံတွင် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်း၏ ထောက်ပံ့ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးရွာသစ်လူပ်ရှားမှု စံပြကျေးရွာအတွက် ထောက်ပံ့ငွေများပေးအပ်ခြင်းကို စက်တင်ဘာ ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးညွန့်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းအောင်က ကိုရီးယားနိုင်ငံက ထောက်ပံ့ပေးသည့် စွမ်းအားမြှင့်မီးဖိုများကို သုံးစွဲခြင်းဖြင့် ထင်းသုံးစွဲမှု လျော့နည်းလာသည့်အတွက် သစ်တောသစ်ပင်များ ပျက်စီးဆုံးရှုံးမှုလျော့နည်းလာခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုက်များ လျှော့ချခြင်း၊ သဘာဝပတ်ဝန်းကျင် သန့်ရှင်းမှုကိုဖြစ်ပေါ်စေခြင်းတို့အတွက် ရရှိလာသည့် အကျိုးကျေးဇူးများအပေါ် မြန်မာနိုင်ငံရှိ ကျေးရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာပေါင်း ၄၀ ကို ထောက်ပံ့ငွေများ ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စွမ်းအားမြှင့်မီးဖိုများ ဖြန့်ဖြူးခြင်းစီမံကိန်း၏ ထောက်ပံ့ရန်ပုံငွေဖြင့် စံပြကျေးရွာရရှိသည့် အလယ်ကုန်းအုပ်စု တင်းငုတ်စုကျေးရွာသူကျေးရွာသားများကို မြန်မာငွေကျပ် ၂၆၃၄၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

စံပြကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းအတွက် ထောက်ပံ့ငွေရရှိသည့် ကျေးရွာသည် စွမ်းဆောင်မှု မြှင့်တင်ရေးကဏ္ဍတွင် ငါးရာခိုင်နှုန်း၊ လူနေမှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ၄၅ ရာခိုင်နှုန်းနှင့် ဝင်ငွေတိုးပွားရေးကဏ္ဍတွင် ၅၀ ရာခိုင်နှုန်းသတ်မှတ်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသားများကိုယ်တိုင်ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ပေါက်စ(မင်းလှ)**

ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# ဦးမော့လာပြီလား ကမ္ဘာ့စီးပွား

ခင်မောင်ညို (ဘောဂဗေဒ)

စီးပွားရေးရှုထောင့်ကပြောရရင် ကိုဗစ်နဲ့ပတ်သက်လို့ အဆိုးဆုံးနေ့ကတော့ ဧပြီလ ၁၀ ရက်နေ့ပါ။ နိုင်ငံအတော်များများမှာ လော့ခ်ဒေါင်းချတာ အပြင်းထန်ဆုံးဖြစ်ပြီး လူတွေအိမ်ထဲမှာပဲ နေကြရ၊ ဘာမှ လုပ်မရ။ အဲဒီနေ့မှာ ခါတိုင်းထက် ကမ္ဘာ့ဂျီဒီပီ ၂၀ ရာခိုင်နှုန်းကျဆင်းတယ်။ အဲဒီနောက်ပိုင်းမှာ အစိုးရတွေက လော့ခ်ဒေါင်းတွေ ပြန်ဖွင့်ပေးလာကြတယ်။ စီးပွားရေးပြန်ပြီး ဦးမော့စပြုလာကြတယ်။ ဒုတိယ သုံးလပတ်နဲ့စာရင် ဒီနှစ်တတိယပတ်မှာ ကမ္ဘာ့ဂျီဒီပီ ခုနစ်ရာခိုင်နှုန်း တက်မယ်လို့ သုတေသီတွေက မှန်းဆကြတယ်။

ဆိုလိုတာက V ပုံသဏ္ဍာန်လို ဖြည်းဖြည်းချင်းကျပြီး ဖြည်းဖြည်းချင်း ပြန်တက်မယ့်ပုံပေါက်ကာ ကမ္ဘာကြီးအနေနဲ့ ပုံမှန်အခြေအနေကို ပြန်ရောက်ဖို့ အဝေးကြီးလိုသေးတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ။ ဗိုင်းရပ်စ်ဆက်ပြီး မပြန့်ပွားရအောင် အစိုးရတွေက လူတွေကို ဆက်ပြီး ခပ်ခွာခွာနေခိုင်းနေပါသေးတယ်။ ဒါဆိုရင် ထုတ်လုပ်မှု လျော့ကျမယ်၊ စားသောက်ဆိုင်တွေမှာ လူနည်းနည်းပဲ စားလို့ရမယ်၊ အားကစားပွဲတွေမှာ ပရိသတ် အားပေးလို့ မရ။ လူတွေက ပိုးကူးမှာ ကြောက်နေကြတုန်းပဲ။ စားသုံးသူတွေရော၊ စီးပွားရေးလုပ်ငန်းတွေရော စီးပွားရေး မရေရာ မသေချာတာက စံချိန်အမြင့်ဆုံးနီးပါး။

ကုမ္ပဏီတွေက ရင်းနှီးမြှုပ်နှံဖို့ လက်တွန့်နေကြတာကို ကြည့်လေ။

ဘဏ်ကြီးတစ်ခုကတော့ လူတွေ ဆက်ပြီး ခပ်ခွာခွာနေကြရရင် ကမ္ဘာ့ဂျီဒီပီ ခုနစ်ရာခိုင်နှုန်း – ရှစ်ရာခိုင်နှုန်းလောက် ဆက်လျော့မယ်လို့ မှန်းဆထားပါတယ်။ ဧပြီလတုန်းကတော့ အီကောနောမစ် စာစောင်က လော့ခ်ဒေါင်းတွေ စဖြုတ်ရင် ပြားကိုးဆယ် စီးပွားရေးဖြစ်မယ်လို့ ပြောတာနဲ့ အတူတူပဲ။ ကမ္ဘာ့စီးပွားရေးဟာ ခါတိုင်းလို ရာနှုန်းပြည့်မလည်ပတ် ကိုးဆယ်ရာခိုင်နှုန်းလောက်ပဲ လည်ပတ်နေမှာ ဖြစ်ပေမယ့် စီးပွားရေးနယ်ပယ် တစ်ခုနဲ့တစ်ခု၊ နိုင်ငံတစ်ခုနဲ့တစ်ခု မတူကြပြန်ဘူး။

တချို့က နည်းနည်းလေး ပိုကောင်းပေမယ့် တချို့က အတော်လေး အခြေအနေဆိုးတယ်။

ကုန်စည်နဲ့ ဝန်ဆောင်မှု ကဏ္ဍအသီးသီးရဲ့ အခြေအနေကို ကြည့်ရအောင်။ ကုန်စည်ကဏ္ဍက ဦးမော့တာ မြန်တယ်။ ကမ္ဘာ့လက်လီအရောင်းပမာဏဟာ ဇူလိုင်လမှာ ကပ်ရောဂါမဖြစ်မီက အခြေအနေကို ပြန်ရောက်လာတယ်။ ကပ်ရောဂါဖြစ်တော့ အစိုးရတွေ ထုတ်ပေးတဲ့ ဒေါ်လာနှစ်ထရီလီယံနဲ့စားသုံးသူတွေဟာ အိမ်မှာကြာရှည်ခံတဲ့ကွန်ပျူတာ လက်တော့ပ်တွေကအစ အလေးမပစ္စည်းတွေအဆုံး ပစ္စည်းတွေကို ပိုဝယ်လာကြတယ်။ ဒါကြောင့် ကမ္ဘာ့စီးပွားရေးဟာ ဘောဂဗေဒပညာ ရှင်တွေ မျှော်မှန်းထားတာထက် ပိုကောင်းနေတယ်။ ကမ္ဘာ့စက်ရုံတွေရဲ့ ထုတ်လုပ်မှုကလည်း လော့ခ်ဒေါင်းလုပ်လိုက်လို့ ကျဆင်းသွားခဲ့တာကို ကာမိလုနီးနီး ဖြစ်လာခဲ့တယ်။

ဝန်ဆောင်မှုကဏ္ဍကတော့ ကပ်ရောဂါမဖြစ်မီက အဆင့်ကိုမီဖို့ အများကြီးလိုသေးတယ်။ ဝန်ဆောင်မှုကကျတော့ လူအုပ်စုကို ရှောင်လုပ်နေရလို့ ကပ်မဖြစ်မီက အခြေအနေကိုရောက်ဖို့ အဝေးကြီး လိုသေးတယ်။ ကမ္ဘာတစ်ဝန်းမှာ စားသောက်ဆိုင်ထိုင်စားတဲ့သူ အရင်ပုံမှန်အခြေအနေထက် ၃၀ ရာခိုင်နှုန်းကနေ ၄၀ ရာခိုင်နှုန်းလောက် နိမ့်နေသေးတယ်။ ပုံမှန်သွားတဲ့ လေယာဉ်ခရီးစဉ်တွေကလည်း ကပ်ရောဂါမဖြစ်မီကရဲ့ တစ်ဝက်လောက်ပဲ ရှိသေးတယ်။

နိုင်ငံတွေရဲ့ စီးပွားရေးကွာဟတာက ပိုဆိုးတယ်။ စီးပွားရေးကျချိန်မှာ တိုးတက်မှုနှုန်းတွေ ခြားနားတတ်တာ ထုံးစံပါ။ ဒါပေမဲ့ ဒီနှစ်မှာ ထုတ်လုပ်မှု ကျဆင်းတဲ့ ပမာဏကြီးမားလွန်းလို့ နိုင်ငံတစ်ခုစီကြား ကွာဟမှုကလည်း ကြီးမားတယ်။ ချမ်းသာတဲ့နိုင်ငံတွေရော၊ အမေရိကန်ရော သိပ်အလားအလာမကောင်းဘူးလို့ တွက်ချက်ကြတယ်။ ချမ်းသာတဲ့ ခုနစ်နိုင်ငံ အုပ်စုထဲမှာတောင်မှ အကောင်းဆုံးနိုင်ငံနဲ့ အဆိုးဆုံးနိုင်ငံကြား ကွာဟချက်က ၂၀၂၀ ပြည့်နှစ်မှာ ၆ ဒသမ ၇ ရာခိုင်နှုန်းရှိပါတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်က ကြုံတွေ့ခဲ့တဲ့ ကမ္ဘာ့စီးပွားရေး ကျဆင်းမှုထက် ကွာဟမှု ပိုပြီးကြီးမားပါတယ်။

**နောက်ထပ်ဘာတွေဆက်ဖြစ်မလဲ။ တချို့ အစိုးရတွေကတော့ မလွဲသာမရှောင်သာ လော့ခ်ဒေါင်းထပ်လုပ်ရမယ်။ တချို့ နိုင်ငံတွေက ထုတ်လုပ်မှုကို မထိခိုက်စေဘဲ လူတွေကို ခပ်ခွာခွာနေခိုင်းနိုင်ပါတယ်။ ဒါဆိုရင် ကိုးဆယ့်ငါးကျပ်သား၊ ကိုးဆယ့်ငါးရာခိုင်နှုန်း စီးပွားရေး ဖြစ်သွားနိုင်ပါတယ်။ အိုအီးစီဒီကလည်း ကမ္ဘာ့စီးပွားရေး ဒီနှစ်မှာထပ်ပြီး ဦးမော့နိုင်တယ်လို့ တွက်ဆထားပါတယ်။ ကာကွယ်ဆေးမြန်မြန် ဖြန့်နိုင်ရင်တော့ မြန်မြန်ပုံမှန် ပြန်ဖြစ်နိုင်တယ်လို့ စဉ်းစားချင်စရာ ကောင်းပါတယ်။ ဒါတောင်မှ ဒဏ်ရာဒဏ်ချက်တွေ၊ အမာရွတ်တွေက ကျန်နေဦးမယ်။**

နိုင်ငံကြီးတွေထဲမှာ တရုတ်ပဲ တိုးတက်မှုရှိမယ့်အလားအလာကို တွေ့ရပါတယ်။ အမေရိကန်တို့၊ ကိုရီးယားတို့လို နိုင်ငံတွေက ဆိုးဆိုးရွားရွားမဟုတ်ရင်တောင်မှ စီးပွားရေးဆက်ကျနေဦးမှာပါ။ ဗြိတိန်ကတော့ အဆိုးဆုံးကြုံခဲ့ရတဲ့ ၁၇၀၉ ခုနှစ်က အခြေအနေမျိုးနဲ့ အတူတူပဲ ဖြစ်နေပြီ။

တချို့ ဘောဂဗေဒပညာရှင်တွေကတော့ အခုလို နှိုင်းယှဉ်ကြလို့ သိပ်အဆင်မပြေလှဘူး၊ တွက်နည်းတွေက တူကြတာ မဟုတ်ဘူးလို့ ဆိုကြပါတယ်။ ဗြိတိန်မှာ ကျောင်းပိတ်တာ၊ ဆေးရုံလာတက်မယ့်လူနာ လျော့သွားတာတွေကို သက်ရောက်မှု ကြီးမားတယ်ဆိုပြီး အစိုးရရဲ့ အသုံးစရိတ်ထဲ ထည့်တွက်ပေမယ့် တကယ်တမ်း အကျိုးသက်ရောက်မှုက နည်းပါတယ်။

ထုတ်လုပ်မှုကျဆင်းတာ အများစုက ပုဂ္ဂလိက ကဏ္ဍမှာ တွေ့ရပါတယ်။

နိုင်ငံတွေရဲ့ စီးပွားရေးတွေ ကွာခြားကြတာက အကြောင်းတရား သုံးခုကြောင့် ဖြစ်ပါတယ်။

ပထမတစ်ခုက စီးပွားရေး လုပ်ငန်းစုတွေရဲ့ ဖွဲ့စည်းပုံနဲ့ ပတ်သက်ပါတယ် ။ ဂရိတို့၊ အီတလီတို့က လက်လီလုပ်ငန်း၊ ဟိုတယ်နဲ့ ခရီးသွားလာရေးလုပ်ငန်းတွေကို အားကိုးနေရတော့ ဂျာမနီထက်ပိုပြီး ထိခိုက်လွယ်တယ်လို့ ထင်ရပါတယ်။ စက်မှုလက်မှုကဏ္ဍက ကြီးနေတော့ ကမ္ဘာ့ကုန်စည်ဈေးကွက် ဦးမော့လာတာကနေ အကျိုးရှိနေတာပါ။

ဒုတိယ အကြောင်းတရားကတော့ ယုံကြည်စိတ်ချမှုပါ။ ဒါကိုတော့ လော့ခ်ဒေါင်းလုပ်ထားတဲ့အချိန် တိုင်းပြည်ရဲ့အတွေ့အကြုံက ဆုံးဖြတ်ပါတယ်။ ဗြိတိန်မှာ ကပ်ရောဂါကို အစိုးရရဲ့ကိုင်တွယ်ပုံ အားနည်းတာနဲ့ စီးပွားရေး မကောင်းတာ ဆက်စပ်နေပုံရပါတယ်။ ဗြိတိသျှတွေက တခြားဥရောပတိုက်သားတွေထက် အပြင်ထွက်ရမှာ ကြောက်ကြတယ်။ တတိယအကြောင်းတရားကတော့ စီးပွားရေးလှုံ့ဆော်မှုပါ။ အမေရိကန်အမတ်တွေက အများဆုံး ဘယ်လောက်သုံးမယ်ဆိုတာ သဘောတူညီမှုမရကြဘူး။ ဒါပေမဲ့ သူ့ရဲ့စီးပွားရေးနဲ့နှိုင်းယှဉ်မယ်ဆိုရင် ကမ္ဘာပေါ်မှာ အကြီးဆုံးအကူအညီပေး အစီအစဉ်ကို အတည်ပြုပေးခဲ့ကြတယ်။ ဒါကြောင့် အိုအီးစီဒီက အမေရိကန်ဟာ ဒီနှစ်မှာ စီးပွားရေးပိုကောင်းတဲ့၊ ချမ်းသာတဲ့နိုင်ငံတစ်နိုင်ငံလို့ မြင်ပါတယ်။

### ကိုးဆယ့်ငါးရာခိုင်နှုန်း စီးပွားရေး

နောက်ထပ်ဘာတွေဆက်ဖြစ်မလဲ။ တချို့အစိုးရတွေကတော့ မလွဲသာမရှောင်သာ လော့ခ်ဒေါင်းထပ်လုပ်ရမယ်။ တချို့နိုင်ငံတွေက ထုတ်လုပ်မှုကို မထိခိုက်စေဘဲ လူတွေကို ခပ်ခွာခွာနေခိုင်းနိုင်ပါတယ်။ ဒါဆိုရင် ကိုးဆယ့်ငါးကျပ်သား ၊ ကိုးဆယ့်ငါးရာခိုင်နှုန်း စီးပွားရေးဖြစ်သွားနိုင်ပါတယ်။ အိုအီးစီဒီကလည်း ကမ္ဘာ့စီးပွားရေး ဒီနှစ်မှာထပ်ပြီး ဦးမော့နိုင်တယ်လို့ တွက်ဆထားပါတယ်။ ကာကွယ်ဆေးမြန်မြန်ဖြန့်နိုင်ရင်တော့ မြန်မြန်ပုံမှန် ပြန်ဖြစ်နိုင်တယ်လို့ စဉ်းစားချင်စရာ ကောင်းပါတယ်။ ဒါတောင်မှ ဒဏ်ရာဒဏ်ချက်တွေ၊ အမာရွတ်တွေက ကျန်နေဦးမယ်။

စီးပွားရေးလုပ်ငန်းတွေက အခု ရင်းနှီးမြှုပ်နှံချင်စိတ် လျော့နည်းနေတာဟာ အနာဂတ်မှာ အရင်းအနှီး တွေက ထုတ်လုပ်မှု စွမ်းအားနည်းသွားမယ့်သဘောပါ။ အမေရိကန်အလုပ်သမား အတော်များများကတော့ သူတို့အလုပ်ဟောင်းတွေ ပြန်ရမှာ မဟုတ်ကြတော့ဘူးလို့ တွက်ဆထားကြပါတယ် ။ ပိုလျှံနေတဲ့ စွမ်းအားစုတွေကို ပိုပြီး အကျိုးရှိရှိ သုံးနိုင်မယ့်နေရာ ပြန်လည်ခွဲဝေပေးဖို့ ဆိုတာက အချိန်ပေးရပါဦးမယ်။ ဗဟိုဘဏ်ကတော့ ကပ်ရောဂါမဖြစ်ခင်ကရှိနေတဲ့ အလုပ်လက်မဲ့နှုန်း လေး ရာခိုင်နှုန်းကို ၂၀၂၃ ခုနှစ်မတိုင်မီ ပြန်ရောက်မယ်လို့ မထင်ပါဘူး။ တခြားအဖွဲ့အစည်းတစ်ခုကလည်း ၂၀၂၅ ခုနှစ်လောက်ရောက်မှ ဖြစ်မယ်လို့ထင်ပါတယ်။ သူတို့က မကြာမီ ထိုးဆေးထွက်မယ်လို့ အကောင်းမြင်နေကြပါတယ်။

ရောဂါက ရေရှည်ဒဏ်ရာဒဏ်ချက်တွေကို ဖြစ်စေနိုင်သလို ကိုဗစ်ကြောင့်ဖြစ်ရတဲ့ စီးပွားရေး ကျဆင်းမှုတွေကလည်း ကမ္ဘာ့စီးပွားရေးကို အချိန်အတိုင်းအတာ တစ်ခုအထိ ပုံမှန်အခြေအနေ အောက်မှာပဲ ဆက်ထားနေဦးမှာပါ။ ။

ရည်ညွှန်း – အီကောနောမစ်

✻ **MNL ချန်ပီယံဆုမှ**

ရှမ်းယူနိုက်တက်အသင်းသည် သုံးကြိမ်မြောက် ဗိုလ်စွဲခြင်းဖြစ်ပြီး လေးနှစ်အတွင်း သုံးကြိမ်မြောက် ဗိုလ်စွဲခဲ့ခြင်းလည်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံဆုအတွက် အရေးပါသည့်ပွဲဖြစ်သောကြောင့် နိုင်ငံခြားသားကစားသမားများအပါအဝင် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရတနာပုံအသင်းကလည်း အောင်သူမှလွဲ၍ လူစုံအသုံးပြုခဲ့သည်။ ခြေစွမ်းအရ ကွာခြားမှုမရှိသော်လည်း ချန်ပီယံဆုအတွက် မဖြစ်မနေအနိုင်ရရန် လိုအပ်နေသည့် ရှမ်းယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ၃၆ မိနစ်တွင် တိုက်စစ်မှူး ကိသ်မာတူနာက အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ရှမ်းယူနိုက်တက်အသင်းက ဂိုးထပ်ရရန် ကြိုးပမ်းခဲ့ပြီး ရတနာပုံအသင်းက ဂိုးပေါက်ခြိမ်းခြောက်မှု ပြုလုပ်နိုင်ခဲ့သော်လည်း ချေပဂိုးရအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။ မိနစ် ၇၀ တွင် ရှမ်းယူနိုက်တက်အသင်း ဒုတိယဂိုးရခဲ့ပြီး တောင်ပံကစားသမား နန္ဒကျော်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်နှင့် ရတနာပုံပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကျင်းပခဲ့ပြီး ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသားများက ဆုတံဆိပ်များကို ကိုယ်တိုင်ယူစနစ်ဖြင့်ရယူကာ စင်မြင့်ပေါ်တွင်ထားရှိသည့် ဆုဖလားကိုရယူကာ အောင်ပွဲခံခဲ့ကြသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ဆုပေးပွဲကို တာဝန်ရှိပုဂ္ဂိုလ်များက မချီးမြှင့်ဘဲ ကိုယ်တိုင်ယူစနစ်ဖြင့်သာ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဟံသာဝတီအသင်းနှင့် ဧရာဝတီအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ဇယားထိပ်ဆုံးမှ ရှမ်းအသင်းအနိုင်ရသွား၍ ချန်ပီယံဆုနှင့် လွဲချော်ခဲ့သော်လည်း သရေကစားနိုင်ခဲ့သည့် ဟံသာဝတီအသင်းက ဒုတိယနေရာရရှိခဲ့သည်။ ဧရာဝတီအသင်းသည် နှစ်ကြိမ်တိုင်ဦးဆောင်ဂိုးများရသော်လည်း အနိုင်ရလဒ်ကို မထိန်းနိုင်၍ တတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ဧရာဝတီအသင်းအတွက် ဦးဆောင်ဂိုးများကို ၄ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဆာဆက်၊ မိနစ် ၄၀ တွင် ရဲလင်းထက်တို့က သွင်းယူပြီး ဟံသာဝတီအသင်းအတွက် ချေပဂိုးများကို ၂၂ မိနစ်တွင် မျိုးဇော်ဦးနှင့် ၄၂ မိနစ်တွင် အောင်မိုးထွေး(၂)တို့က သွင်းယူခဲ့သည်။ အပြန်အလှန်သွင်းဂိုးများကြောင့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

MNL ပြိုင်ပွဲကို ၁၂ ရာသီ ကျင်းပပြီးစီးခဲ့ပြီး ယခုနှစ်တွင် ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်အသင်းက သုံးကြိမ်မြောက် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ စုစုပေါင်း ၁၂ ကြိမ်တွင် ရန်ကုန်အသင်းက ငါးကြိမ်ဖြင့် အကြိမ်အများဆုံးဗိုလ်စွဲထားကာ ရတနာပုံအသင်းက လေးကြိမ်၊ ရှမ်းယူနိုက်တက်အသင်းက သုံးကြိမ် ဗိုလ်စွဲထားသည်။ ၂၀၂၀ MNL အမှတ်ပေးပြိုင်ပွဲ ပြီးဆုံးသွားပြီဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၄၄ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ကာ ဟံသာဝတီအသင်းက ၄၁ မှတ်ဖြင့် ဒုတိယ၊ ဧရာဝတီအသင်းက ရမှတ် ၄၀ ဖြင့် တတိယဆုရရှိခဲ့သည်။

ယင်းအသင်းများ၏နောက်တွင် ရန်ကုန်အသင်းက ၃၇ မှတ်၊ ရတနာပုံအသင်းက ရမှတ် ၂၀၊ ရခိုင်အသင်းက ၁၈ မှတ်၊ စစ်ကိုင်းအသင်းက ၁၇ မှတ်၊ မကွေးအသင်းက ၁၆ မှတ်၊ အား/ကာသိပ္ပံအသင်းက ၁၁ မှတ်နှင့် Southern အသင်းက ၁၀ မှတ်ရရှိခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက "ချန်ပီယံဆုရယူနိုင်ခဲ့လို့ အလွန် ဝမ်းသာရပါတယ်။ ကစားသမားတွေ၊ နည်းပြအဖွဲ့ဝင်တွေ အားလုံးရဲ့ ကြိုးစားအားထုတ်မှုကြောင့် အခုလို အောင်မြင်မှုရခဲ့တာပါ။ ဒါကြောင့် ကစားသမားတွေကို ဆုကြေးတွေချီးမြှင့်သွားဖို့ ရှိပါတယ်။ နောက်ရာသီတွေအတွက်လည်း ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

**သတင်း–ရှိုင်းထက်ဇော်**

**ဓာတ်ပုံ–ဘုန်းသော်**

၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2020)

"ပေါင်းစည်းညီညွတ်သော စီမံဆောင်ရွက်မှုသည် သဘာဝဘေးလျော့ပါးရေးဆီသို့"

"It's All About Governance"

အောက်တိုဘာလ(၁၃)ရက်

# ပုသိမ်မြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများ ကမ္ဘောဇဘဏ်က ပေးပို့လှူဒါန်း

**ပုသိမ် အောက်တိုဘာ ၁**

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများနှင့် အလှူငွေများကို လှူဒါန်းလျက်ရှိရာ ယနေ့တွင် ပုသိမ်မြို့ ခုတင်-၅၀၀ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ် (ပုသိမ်)ဘဏ်ခွဲမန်နေဂျာ ဒေါ်သီသီဦးနှင့် အခြားဘဏ်ခွဲလေးခုတို့မှ တာဝန်ခံများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများဖြစ်သည့် ဆေးရုံသုံးနှာခေါင်းစည်း တစ်သိန်း၊ ခေါင်းစွပ် ၂၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်အိတ် ၃၀၀၀၊ လက်သန့်ဆေးရည် ဘူးကြီး ၃၀၀၊ မျက်မှန် ၅၀၊ တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ၂၀၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ်-၁၉ ရောဂါကာလအတွင်း အထွေထွေ အသုံးပြုနိုင်ရန် ငွေကျပ် သိန်း ၁၀၀ တို့ကို ဆေးရုံအစည်းအဝေးခန်းမ၌ ပေးအပ်လှူဒါန်းရာ ပုသိမ်မြို့ ခုတင်-၅၀၀ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ကိုကျော်**






(၅၆) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဇော်ထွန်း၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးသန့်ကျော်၊ ဦးစီး (ပ) (ဦး/ရေး ထောက်) ဒုတိယရဲမှူးကြီးထွန်းရွှေ၊ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမင်းသိန်းနှင့် တိုင်း/ခရိုင်/မြို့နယ်ရဲစခန်းများမှ မိသားစုဝင်များ အောက်တိုဘာ ၁ ရက်တွင် ပုသိမ်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီအရှေ့မုခ် ဝိသာခါ (ဒေါ်လှယဉ်)ဓမ္မာရုံ၌ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် တိုင်းဒေသကြီးသံဃာ့ဝန်ဆောင်ဆရာတော်ကြီး ၁၁ ပါးတို့အား ဆွမ်း၊ ဘောဇဉ်နှင့် သင်္ကန်း၊ ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ **ပုသိမ်လှကြည်**

# ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေးနှင့် ဒေးဒရဲမြို့နယ်တို့၌ အထူးရဲသင်တန်းများ ဖွင့်လှစ်ပို့ချ

**ဖျာပုံ အောက်တိုဘာ ၁**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံလုံခြုံရေးအထူးရဲသင်တန်းများကို ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေးနှင့် ဒေးဒရဲမြို့နယ်များတွင် သတ်မှတ်နေရာများအလိုက် သင်တန်းဖွင့်ပွဲအခမ်းအနားများကို ယနေ့ ကျင်းပသည်။

"ဖျာပုံမြို့နယ်အတွက် ၂၄၉ ဦး၊ ကျိုက်လတ်မြို့နယ်အတွက် ၂၆၀၊ ဘိုကလေးမြို့နယ်အတွက် ၃၆၁ ဦးနဲ့ ဒေးဒရဲမြို့နယ်အတွက် ၁၈၁ ဦး၊ အရန်ရဲ ၂၃ ဦး စုစုပေါင်းအင်အား ၁၀၇၄ ဦး ဖြစ်ပါတယ်" ဟု တာဝန်ရှိ ရဲဝန်ထမ်းတစ်ဦးက ပြောသည်။

အဆိုပါ အထူးရဲသင်တန်းများကို ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေး၊ ဒေးဒရဲမြို့ပေါ်ရှိ သတ်မှတ်နေရာများနှင့် ဆိပ်မ၊ လှိုင်းတာ၊ အမာ၊ မြင်းကကုန်း၊ ကမကလူ၊ စက်ဆန်း၊ ကြိမ်ချောင်းကြီး၊ နောက်ပြန်တိုး၊ ကျုံဒါး စသည့် နယ်မြေများရှိ သတ်မှတ်နေရာများတွင် အောက်တိုဘာ ၁ ရက်မှ ၂၈ ရက်အထိ ၂၈ ရက်ကြာ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆရာတော်ကြီးများအား အရဟန်ဆွမ်းဆက်ကပ်လှူဒါန်း

**ရေတာရှည် အောက်တိုဘာ ၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရဲတပ်ဖွဲ့မိသားစုဝင်များ စုပေါင်း၍ ယနေ့ကျရောက်သော (၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် ဆရာတော်ကြီးများအား မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ အရဟန်ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေတာရှည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းတင်နှင့် ရဲတပ်ဖွဲ့မိသားစုဝင်များသည် ဆရာတော်ကြီးများထံမှ သီလပေးတရားတော်ကို စုပေါင်းနာယူခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ပြင်ဦးလွင်မြို့ သန္တိသုခ အခမဲ့လူမှုကူညီရေးအသင်းသို့ လူနာတင်ယာဉ်တစ်စီး လှူဒါန်း



**ပြင်ဦးလွင် အောက်တိုဘာ ၁**

ကိုဗစ်-၁၉ ရောဂါကာလအတွင်း လူမှုကူညီရေးပရဟိတအသင်းများအနေဖြင့် လူနာတင်ယာဉ် လိုအပ်ချက်ရှိနေရာ ပြင်ဦးလွင် သန္တိသုခလူမှုကူညီရေးအသင်းအတွက် လူနာတင်ယာဉ်တစ်စီးကို ယနေ့ နံနက် ၁၀ နာရီခွဲက ပြင်ဦးလွင်မြို့ ပြည်တော်သာ (၁) ရပ်ကွက် ဇီးကွက်သင်္ကန်းပရိက္ခရာနှင့် နိဗ္ဗာန်ကုန် ရောင်း/ဝယ်ရေးမိသားစုမှ မိခင်ကြီး ဒေါ်ထွေးစိန်(၇၂)ပြည့်အလှူအဖြစ် လှူဒါန်းခဲ့ကြောင်း သန္တိသုခလူမှုကူညီရေးအသင်းဒုတိယဥက္ကဋ္ဌ ဦးလေးမြင့်အောင်ထံမှ သိရသည်။

"ကျွန်တော်တို့ လှူဒါန်းပွဲကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်နဲ့အညီ ဆောင်ရွက်ခဲ့ပါတယ်။ လှူဒါန်းမှုအစုစုကို ရွှေဟင်္သာကျောင်းတိုက်ဆရာတော်ကြီးနဲ့ သထုံကျောင်းတိုက်ဆရာတော်ကြီး နှစ်ပါးထံ အလှူရှင်မိသားစုက အသင်းဝင်အချို့နဲ့ ရေစက်သွန်းချလှူဒါန်းခဲ့ပြီး အသင်းကို ပေးအပ်လှူဒါန်းခဲ့ပါတယ်" ဟု ၎င်းက ပြောသည်။ **သိန်းဇော်(ကျည်ပွေ့)**



# စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ Oxygen Concentrator စက် ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁**

(၅၆)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၄) ရဲလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ရဲမှူးကြီးမောင်မောင်ဦးနှင့်ဇနီး ဒေါ်မိုးမိုးလှိုင် မိသားစုက တောင်ကြီးမြို့ စဝ်စံထွန်း ပြည်သူ့ဆေးရုံကြီးသို့ Oxygen Concentrator တစ်လုံး (တန်ဖိုးငွေကျပ် ၆၁၅၀၀၀)နှင့် တပ်ဖွဲ့ဝင်/ မိသားစုများ ၏ လှူဒါန်းငွေကျပ် ၁၁၅၀၀၀၀ တို့ကို ကျောင်းကိုယ်စား ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်သိန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား အခြေခံစားကုန်ငါးမျိုး ထောက်ပံ့

**သာပေါင်း အောက်တိုဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများအား ကိုဗစ်-၁၉ ကာလ အခြေခံစားကုန် ငါးမျိုး ထောက်ပံ့ခြင်းကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး ပြည်အေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က ဝန်ထမ်းများအား အခြေခံစားကုန် ငါးမျိုးဖြစ်သော ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ အာလူးတို့ကို ထောက်ပံ့ပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၉၈ ဦးကို စားသောက်ကုန် ငါးမျိုး ပေးအပ်ခဲ့ပြီး တစ်ယူနစ်လျှင် ကျပ် ၁၂၀၀၀နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၁၇၆၀၀၀ ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**



လူသားတို့၏
ကျန်းမာရေး
အိုဇုန်းလွှာကို
ထိန်းသိမ်းပေး

# နောင်ချိုမြို့၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ အထူးရဲသင်တန်းဖွင့်ပွဲကျင်းပ

**နောင်ချို အောက်တိုဘာ ၁**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ အထူးရဲသင်တန်းဖွင့်ပွဲကို နောင်ချိုမြို့နယ်ခန်းမ၌ ယနေ့ နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲဝင်းထက်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦးက မဲရုံလုံခြုံရေးနှင့်ပတ်သက်၍ အထူးအလေးထား လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ အထူးရဲသင်တန်းဖွင့်ပွဲကို နောင်ချိုမြို့ မြနန်းတော်ဝင်ခန်းမ၊ နောင်ချိုမြို့နယ် ဒိုးပင်ရဲစခန်းဝင်း ဓမ္မာရုံနှင့် ဘန့်ဘွေးရဲစခန်း ဓမ္မာရုံတို့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ နေရာသုံးနေရာခွဲ၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသို့ ကျေးရွာအုပ်စု ၄၁ အုပ်စုမှ သင်တန်းသား ၈၂ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွေးငယ်(နောင်ချို)**

■

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ကာဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုး အမေရိကန်ဒေါ်လာ (၆၄၁.၈၀၂) သန်း၊ ၂၀၂၀ပြည့်နှစ် ဩဂုတ်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ (၄၀.၉၉၂)သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၃။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဇူလိုင်လ | | ဩဂုတ်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ US$ (သန်း) |
| (က) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | - | ၂၀.၀၀၀ * | - | - |
| (ခ) | စက်မှုကဏ္ဍ | ၁၆ | ၇၉.၇၁၈ | ၈ | ၄၀.၃၀၉ * |
| (ဂ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁ | ၀.၄၅၀ | - | - |
| (ဃ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂ | ၃.၆၈၃ | - | - |
| (င) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၁ | ၁၁၆.၁၂၁ | - | - |
| (စ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၁၈၃.၃၀၀ * | ၁ | ၀.၆၈၃ |
| (ဆ) | သတ္တုတွင်းကဏ္ဍ | - | ၃.၈၀၀ * | - | - |
| (ဇ) | လယ်ယာကဏ္ဍ | ၁ | ၄.၁၃၀ | - | - |
| (ဈ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၁ | ၂၃၀.၆၀၀ | - | - |
| စုစုပေါင်း | | ၂၃ | ၆၄၁.၈၀၂ | ၉ | ၄၀.၉၉၂ |

*** ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။**

၄။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုးကျပ် (၁၄၈,၇၂၇.၃၁၀) သန်းနှင့် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုးကျပ်(၁၆၈၂၇၆.၀၉၄) သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၅။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဇူလိုင်လ | | ဩဂုတ်လ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ်(သန်း) | လုပ်ငန်းခုရေ | မတည်ငွေရင်းပမာဏ ကျပ် (သန်း) |
| (က) | အိမ်ရာအဆောက်အဦကဏ္ဍ | ၁ | ၃၄,၁၁၈.၆၃၄ * | ၁ | ၁၁၃၇၀၉.၀၀၀ |
| (ခ) | စက်မှုကဏ္ဍ | ၆ | ၂၉,၀၆၃.၂၁၈ * | ၄ | ၅၃၀၂၇.၄၄၅ |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၅ | ၆၄,၃၃၈.၆၅၅ | ၁ | ၁၅၃၉.၆၄၉ |
| (ဃ) | ဆောက်လုပ်ရေးကဏ္ဍ | - | ၂,၃၅၂.၀၀၀ * | - | - |
| (င) | အခြားဝန်ဆောင်မှုကဏ္ဍ | ၄ | ၉,၇၇၀.၉၇၈ | - | - |
| (စ) | ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ | ၁ | ၉,၀၈၃.၈၂၅ | - | - |
| စုစုပေါင်း | | ၁၇ | ၁၄၈,၇၂၇.၃၁၀ | ၆ | ၁၆၈၂၇၆.၀၉၄ |

*** ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။**

၆။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင်အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဇူလိုင်လ | ဩဂုတ်လ |
| (က) | စက်မှုကဏ္ဍ | ၁၀,၃၄၀ | ၂၈၂၂ |
| (ခ) | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁၆ | - |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၃၇ | - |
| (ဃ) | မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ | ၁,၀၆၂ * | - |
| (င) | အခြားဝန်ဆောင်မှုကဏ္ဍ | ၁,၇၃၀ | ၄၃ |
| (စ) | လယ်ယာကဏ္ဍ | ၁၈ | - |
| (ဆ) | စက်မှုဇုန်တည်ဆောက်မှုကဏ္ဍ | ၁၅၉ | - |
| စုစုပေါင်း | | ၁၃,၃၆၂ | ၂၈၆၅ |

*** လုပ်သားအင်အားတိုးမြှင့်ခန့်ထားခြင်းအပါအဝင် ဖြစ်ပါသည်။**

၇။ ၂၀၂၀ ပြည့်နှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက်အလုပ်အကိုင်အခွင့်အလမ်းတိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ဇူလိုင်လ | ဩဂုတ်လ |
| (က) | အိမ်ရာအဆောက်အဦကဏ္ဍ | ၁၁၁ | ၃၄၇ |
| (ခ) | စက်မှုကဏ္ဍ | ၆၆၆ * | ၅၄၄ |
| (ဂ) | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၄၂၁ | ၇၁ |
| (ဃ) | အခြားဝန်ဆောင်မှုကဏ္ဍ | ၃၂၆ | - |
| (င) | ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ | ၆၂ | - |
| စုစုပေါင်း | | ၁,၅၈၆ | ၉၆၂ |

*** လုပ်သားအင်အားတိုးမြှင့်ခန့်ထားခြင်းအပါအဝင် ဖြစ်ပါသည်။**

**❂ ကျောဖုံးမှ**

ထို့နောက် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ရှိ ရိုးမရိပ်သာ Quarantine Center အား ကုသရေးစင်တာအဖြစ် ပြောင်းလဲပြင်ဆင်နိုင်ရေးအတွက် လိုအပ်သည်များကို မေးမြန်းပြီး အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် စီစဉ်ခဲ့သည်။ စင်တာရှိ စေတနာ့ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ စနစ်တကျဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို ကူညီပေးရန် စီစဉ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် -၁၉ ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ရန် မြို့နယ် ၄၄ မြို့နယ်တွင် Stay at Home အစီအစဉ်ကို ထုတ်ပြန်ထားသည့်အတွက် လူသွားလူလာနည်းပါးလျက်ရှိပြီး ရောဂါဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်သွားနိုင်ရန် ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနလက်အောက်ရှိ ဆေးရုံများမှ ဆရာဝန်၊ သူနာပြုများ ပါဝင်သော ကုသရေးအဖွဲ့များလည်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အမြန်ဆုံးထိန်းချုပ်နိုင်ရန် လာရောက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်မောင်






# မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများအားလုံး COVID-19 ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ သအပ်ပါသည်…

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပဲခူးမြို့ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန နည်းပညာတက္ကသိုလ်(တောင်ငူ)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | လုပ်ငန်းအမည် |
|---|---|---|
| ၁။ | နည်းပညာတက္ကသိုလ်(တောင်ငူ) | ဘက်စုံသုံးအားကစားခန်းမ (၁၂၀'x၈၈'x၂၇') (ရေ၊ မီး အပါအဝင်)၊ အဝင်လမ်း(၁၀၀'x၁၂'x၈'') ဆောက်လုပ်ခြင်းလုပ်ငန်း Steel Structure |
| ၂။ | နည်းပညာတက္ကသိုလ်(တောင်ငူ) | ၁၆၀ဦးဆံ့ ကျောင်းသား/သူ အိပ်ဆောင် နှစ်ထပ် RC(၁၃၂'x၁၃၂') (၂၆၉၂၄ စ/ပေ) (၁)လုံးနှင့် ထမင်းစားဆောင် (၁၂၂'x၄၈') (၅၈၅၆ စ/ပေ) (ရေမီးအပါအဝင်)အဆောင် အဝင်လမ်း(၂၀၀'x၁၂'x၈'') ပြင်ပရေ ၄'' အဝီစိတွင်း၊ ဂါလန် (၁၂၀၀၀) ဆံ့ မြေအောက်ရေလှောင် ကန် 5.5 Hp Submersible pump နှင့် အဆောက်အဦ ပြင်ပ မီးသွယ်တန်းခြင်း အပါအဝင် ဆောက်လုပ်ခြင်းလုပ်ငန်း |
| ၃။ | နည်းပညာတက္ကသိုလ်(တောင်ငူ) | 315 KVA Transformer (11/0.4 KV) တပ်ဆင်ခြင်း (400V main distribution panel with change over switch two poles Intake structure capacitor bank 230 KVA auto voltage stabilizer ACSR/ ABC Cival & under cable) (11 KV Line 1000' ခန့်ဆွဲခြင်း အပါအဝင် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၅-၁၀-၂၀၂၀)ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို (၆-၁၁-၂၀၂၀) ရက် ညနေ (၃:၀၀)နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းအတွက် သတ်မှတ်တင်ဒါ အာမခံကြေးကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်တွင် PO (Payment Order) ပေးသွင်းနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့် နည်းပညာတက္ကသိုလ် (တောင်ငူ)၏ ဘဏ္ဍာရေးဌာနတွင် အပ်နှံရမည်။

၄။ အိတ်ဖွင့်တင်ဒါ ရောင်းချရမည့်လိပ်စာနှင့် တင်သွင်းရမည့်လိပ်စာမှာ နည်းပညာတက္ကသိုလ် (တောင်ငူ) ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက နည်းပညာတက္ကသိုလ်(တောင်ငူ) ဖုန်း-၀၉-၄၅၈၀၂၅၁၄၂/၀၉-၄၃၁၆၂၅၀၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန် လိုအပ်သော ဒီဇယ်ဆီ (H.S.D)၊ ပရီမီယံဒီဇယ်ဆီ (P.H.S.D)နှင့် ဓာတ်ဆီ (Octane-92) (၂၀၂၀ပြည့်နှစ် နိုဝင်ဘာလအတွက်)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများအား ၅-၁၁-၂၀၂၀ ရက် (၁၄:၀၀) နာရီနောက်ဆုံးထားတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရိလမ်း၊ Toll Gate အနီး)၊ ဗိုလ်တထောင်မြို့နယ်တွင် (၅-၁၀-၂၀၂၀) ရက်နေ့မှစ၍ (၃-၁၁-၂၀၂၀) ရက်နေ့ထိ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၁-၈၆၁၀၂၃၀ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကချင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တင်ဒါခေါ်ယူရေးကော်မတီ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ဘဏ္ဍာ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် မြို့နယ် (၁၈)မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ရေပေးရေးလုပ်ငန်း (၁၁၁)ခု၊ ကုန်ထုတ်လမ်း(၅၀)လမ်း၊ ကုန်ထုတ်တံတား(၂၈)စင်း၊ Box Culvert (၆၅) စင်း၊ Pipe Culvert (၃၃)စင်း၊ ရုံးအဆောက်အအုံ(၁) ထပ်- (၅)လုံး၊ ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၂)ထပ်-(၁)လုံးနှင့် ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၁)ထပ်-(၁)လုံး စုစုပေါင်း လုပ်ငန်း(၂၉၄)ခုအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| (က) တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် | - | ၃-၁၀-၂၀၂၀ ရက် (စနေနေ့)မှ ၄-၁၁-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)ထိ (နံနက် ၁၀:၀၀နာရီမှ ညနေ ၁၆:၀၀ နာရီထိ) |
| (ခ) တင်ဒါလျှောက်လွှာလက်ခံခြင်းပိတ်သိမ်းမည့်ရက် | - | ၄-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) (ညနေ ၁၆:၀၀ နာရီထိ) |

၂။ အသေးစိတ်အချက်အလက်များကို ကချင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်းနံပါတ် (၀၇၄-၂၅၂၄၂၃/၀၇၄-၂၅၂၀၉၉၇) များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ကချင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၄) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၁)၊ တံတားအထူးအဖွဲ့(၄)၊ မန္တလေးမြို့မှ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်မည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လုပ်ငန်းအပ်နှံသည့် ကသာခရိုင်၊ ပင်လည်ဘူးမြို့နယ်၊ မူးမြစ်ကူးတံတား (ပင်လည်ဘူး)တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်အတွက် လိုအပ်သော လုပ်ငန်းသုံးတည်ဆောက်ရေးပစ္စည်းများ {သံချောင်းလုံး(ရှယ်စုံ)(M.S Rod)(HRB 500)၊ ဘိလပ်မြေ (Cement)(42.5)နှင့် ဒီဇယ်ဆီ(H.S.D)}ဝယ်ယူခြင်းအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | တင်ဒါတင်သွင်း/စိစစ်/ရွေးချယ်မည့်နေရာ | တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် | တင်ဒါပိတ်မည့်ရက်/အချိန် | တင်ဒါစိစစ်ရွေးချယ်မည့်ရက်/အချိန် |
|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့ | ၁-၁၀-၂၀၂၀ | ၃၁-၁၀-၂၀၂၀ (၁၆:၀၀)နာရီ | ၂-၁၁-၂၀၂၀ (၁၀:၀၀)နာရီ |

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တံတားအထူးအဖွဲ့(၄)၊ မန္တလေး၊ ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

(ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ၀၉-၇၈၇၈၈၁၂၇၁၊ ၀၉-၇၈၁၃၀၀၄၀၉)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## Invitation for Bids

Date: 01 October 2020
Loan Agreement No: MY-P20
IFB No:1/ICB/MY-P20/ESE/2020
Reference Identification No:[JICA(MY)8-200002 dated on 20 August 2020]

1. The Government of the Republic of the Union of Myanmar has received a loan from Japan International Cooperation Agency (JICA) toward the cost of Power Distribution System Improve ment Project in Major Cities. It is intendedthat part of the proceeds of this loan will be applied to eligible payments under the Contract for Procurement of Power Distribution System Improvement Project in Major Cities, Package 4 Procurement of Reliability Improvement Equipment for Distribution Line.
2. Bidding will be conducted through procedures in accordance with the applicable Guidelines for Procurement under Japanese ODA Loans, and is open to all Bidders from eligible source coun tries, as defined in the Loan Agreement.
3. The Electricity Supply Enterprise now invites sealed Bids from eligible and qualified Bidders for the procurement of Reliability Improvement Equipment for Distribution Line ("the Goods").
   a) 11 kV Line Section Switch 249 Nos. to be delivered to designated place(s) in Myanmar.
   b) 11 kV Line Step Voltage Regulator 12 Nos. to be delivered to designated place(s) in Myanmar.
4. Interested eligible Bidders may obtain further information from and inspect the Bidding Documents at the office of Electricity Supply Eterprise (ESE), Ministry of Electricity and Energy (MOEE), Building No. 27, Nay Pyi Taw, Myanmar.
5. A complete set of Bidding Documents may be purchased by interested Bidders on the submission of a written application to the address above, and upon payment of a non-refundable fee MMK 50,000.
6. The provisions in the Instructions to Bidders and in the General Conditions of Contract are the provisions of the Standard Bidding Documents under Japanese ODA Loans for the Procurement of Goods.
7. Bids must be delivered to the above address at or before 14:00 on 16 November 2020 and must be accompanied by a Bid Security of 80,000 USD.
8. Bids will be opened in the presence of the Bidders' representa tives who choose to attend at 14:00 on 16 November 2020 at the office of Electricity Supply Enterprise (ESE), Ministry of Electricity and Energy (MOEE),Building No. 27, Nay Pyi Taw, Myanmar.

**Electricity Supply Enterprise (ESE), Ministry of Electricity and Energy (MOEE)**
**Managing Director**
**Building No. 27, Nay Pyi Taw, Myanmar**
**Facsimile number: +95-67-410-295**
**E-mail: yetoethwin66@gmail.com**
**esejicateamnaypyitaw@gmail.com**

## ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့်အောက်ပါ အဆောက်အဦများ ဆောက်လုပ်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်အဆင့် လက်ထောက်ညွှန်ကြားရေးမှူးနေအိမ် (၂)ခန်းတွဲ (၃)ထပ် (၁)လုံး ဆောက်လုပ်ခြင်း(၇၈'x၃၅')

(ခ) ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး (၃၀'x၂၀') (၁) ထပ် အဆောက်အဦ (၅၀)ရုံး ဆောက်လုပ်ခြင်း

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး (ပြည်လမ်းနှင့် အလုံလမ်းထောင့်လွှတ်တော်ရုံးဝင်း)တွင်လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါရောင်းချမည့်ရက် - ၅-၁၀-၂၀၂၀ ရက်

၄။ တင်ဒါဖွင့်ဖောက်မည့်ရက်/အချိန် - ၄-၁၁-၂၀၂၀၊ နံနက် (၁၀:၀၀) နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၁-၈၃၁၇၅၃၉**

## မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ မကွေးတိုင်းဒေသကြီး မကွေးမြို့ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (စက်ပစ္စည်း/ပရိဘောဂ) အသုံးစရိတ်ဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် အခြေခံပညာကျောင်း/ရုံးများတွင် လိုအပ်နေသည့် စက်ပစ္စည်းနှင့် ပရိဘောဂပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် တင်ဒါ (အိတ်ဖွင့်)စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါများကို အောက်ပါအတိုင်း ရောင်းချပေးမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၃-၂၀၂၈၆၇၁၊ ၀၉-၄၀၁၆၆၆၀၉၈၊ ၀၉-၂၅၆၅၈၄၄၅၀ တို့အား ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။-

| | | |
|---|---|---|
| (က) တင်ဒါလျှောက်လွှာ | - | ၂-၁၀-၂၀၂၀ ရက်မှ |
| ရောင်းချမည့်ရက် | - | ၃-၁၁-၂၀၂၀ ရက်အထိ |
| (ခ) တင်ဒါအဆိုပြုလွှာ တင်သွင်းရန်ပိတ်မည့်ရက် | - | ၃-၁၁-၂၀၂၀ ရက်(အင်္ဂါနေ့) ညနေ (၁၆:၃၀)နာရီ |
| (ဂ) တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ | - | မကွေးတိုင်းဒေသကြီးပညာရေးမှူးရုံး (ဘဏ္ဍာဌာနစိတ်) |

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

